ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်၊ အင်္ဂါနေ့၊ (15-6-2004) (၄၂၆၅)

ပူဇာစ ပူဇနေယျာနံ၊ တေံ မင်္ဂလ မုတ္တမံ။

ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၁၂ ရက်က စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ် ရွှေစာရေးကျေးရွာအနီး ရေလှောင်တမံ စီမံကိန်းလုပ်ငန်းကို ကြည့်ရှုပြီး ဒေသခံရွာသူ ရွာသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မိမိမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး ဒေသခံပြည်သူများက ဌာနဆိုင်ရာများနှင့် ပူးပေါင်းအကောင်အထည်ဖော် စစ်ကိုင်းတိုင်းအတွင်း ဆန်စပါးတိုးတက်ထုတ်လုပ်ရေးကို နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းလုပ်ကိုင် ဒေသဝမ်းစာဖူလုံရေး စီမံချက်များသည် လက်တွေ့ကျသည့် စီမံချက်များဖြစ်ရန်လို

ရန်ကုန် ဇွန် ၁၄

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များနှင့်အတူ ဇွန် ၁၂ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်း ကလေးဝမြို့နယ်၌ကျင်းပသော မြစ်သာတံတား(ကလေးဝ) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီးနောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး လိုက်ပါလျက် နံနက် ၁၀ နာရီခွဲတွင် စစ်ကိုင်းတိုင်း ကလေးဝမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြသည်။

အစီအစဉ်အရ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင့်ရွှန်းက ကလေးဝမြို့နယ်အတွင်း ကျေးလက်ဒေသ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ထားမှု၊ ကလေးဝမြို့ ပြည်သူ့ဆေးရုံအဆောက်အအုံများ အကွက်ချပုံစံ၊ ကျန်းမာရေးဝန်ထမ်းအင်အား၊ ကလေးဝမြို့နယ်၌ အဖြစ်များသောရောဂါများနှင့် ကုသပေးမှုအခြေအနေ၊ ဆေးရုံ၌ ဓာတ်မှန်၊ ခွဲစိတ်ခန်းသုံးကိရိယာများနှင့် ချွဲစုပ်စက်တို့ ထပ်မံဖြည့်တင်ထားမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကလေးဝမြို့ ပြည်သူ့ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဌာနများ၏ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❀

ရွှေစာရေး အထက်ရေလှောင်တမံ အကြောင်းနေရာကြည့်ရှု

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇွန် ၁၂ ရက်က စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ် ရွှေစာရေးကျေးရွာအနီး ချင်းတွင်းမြစ် ရွှေစာရေးအထက် ရေလှောင်တမံ စီမံကိန်းလုပ်ငန်းခွင် ချင်းတွင်းမြစ် လက်ယာဘက်ကမ်းမှ ရေလှောင်တမံအကြောင်းနေရာ ရွေးချယ်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ အစုအဖွဲ့များ အကြံပြုချက်စာတမ်းများ ဖတ်ကြား သဘာပတိအဖွဲ့နှင့် စာတမ်းရှင်များ ညှိနှိုင်း

ရန်ကုန် ဇွန် ၁၄

အမျိုးသားညီလာခံ အစုအဖွဲ့များဖြစ်သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့နှင့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့တို့သည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်သွင်းမည့် အကြံပြုစာတမ်းများ ဖတ်ကြားခြင်းကိုလည်းကောင်း၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့ သဘာပတိအဖွဲ့ဝင်များနှင့် အကြံပြုစာတမ်းပြုစုတင်ပြသည့် အဖွဲ့တို့၏ ညှိနှိုင်းဆွေးနွေးခြင်းကိုလည်းကောင်း ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ ဆက်လက်ကျင်းပကြရာ အစုအဖွဲ့အလိုက် **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❐

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်။

ကြေးမုံ
The Mirror
၁၅-၆-၂၀၀၄
(အင်္ဂါနေ့)

မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေး ပြည်သူတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်အစိုးရသည် ပြည်နယ်ခုနစ်ခုနှင့် တိုင်းခုနစ်ခုတို့ဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် ပြည်ထောင်စုကြီးတစ်ခုလုံး ထာဝရ တည်တံ့ခိုင်မြဲရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဘက်ဘက်က ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

ပြည်ထောင်စုတစ်ဝန်း ကွက်လပ်မကျန် တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုကို သတ်မှတ်၍ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊လမ်းပန်းဆက်သွယ်ရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးစသည့် ကဏ္ဍအလိုက် တိုးတက်ဖြစ်ထွန်းလာစေရန် အလေးထားဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဖွဲ့ဝင်များ လိုက်ပါလျက် ဇွန်လ ၁၁ ရက်နေ့က စစ်ကိုင်းတိုင်း ကလေးမြို့သို့ သွားရောက်၍ ကလေးတက္ကသိုလ်၊ ကလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး၊ အစိုးရနည်းပညာကောလိပ် (ကလေး)တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ခရီးစဉ်အတွင်း ကလေးမြို့ အောင်ဆန်းခန်းမ၌ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံရာတွင် **ကလေးခရိုင်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများကပါ မိမိတို့၌လည်း တာဝန်ရှိသည်ဆိုသည့် အသိစိတ်ဓာတ်ဖြင့် နိုင်ငံတော်နှင့် အတူ လက်တွဲပူးပေါင်းအားထုတ်သွားကြရန်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်သကဲ့သို့ နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးကိုလည်း တက်ညီလက်ညီ ပူးပေါင်းအကောင်အထည်ဖော်သွားကြရန် ဖြစ်ကြောင်း** မှာကြားသွားသည်။

ကလေးဒေသသည် ချင်းပြည်နယ်၏ တံခါးဝဖြစ်သကဲ့သို့ အိန္ဒိယနိုင်ငံသို့ထွက်ပေါက်လည်းဖြစ်သဖြင့် အချက်အချာ ကျသောဒေသဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်ကလိုအပ်သည့် အခြေခံအဆောက်အအုံများစွာကို ကလေးဒေသ၌ တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

ကလေးတက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ်၊ အစိုးရကွန်ပျူတာကောလိပ်တို့ကို တည်ထောင်ဖွင့်လှစ်ထားရှိသဖြင့် ချင်းပြည်နယ်နှင့် ကလေးဒေသမှကျောင်းသူ၊ ကျောင်းသားများ တက္ကသိုလ်ပညာရပ်များ လက်လှမ်းတမီ သင်ယူနိုင်ကြပြီ ဖြစ်သည်။ ထို့အပြင် ကလေးမြို့၌ အထွေထွေရောဂါကုဆေးရုံကြီး တည်ရှိသဖြင့် ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ကောင်းစွာဆောင်ရွက်ပေးနိုင်ပြီဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးတို့အတွက် တိုင်းရင်းသားပြည်သူတို့၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် ကြိုးပမ်းတည်ဆောက်လျက် ရှိသကဲ့သို့ နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိစေရန် စနစ်တကျကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကိုချမှတ်၍ အကောင်အထည်ဖော်လျက်ရှိရာတွင် ယခုကျင်းပလျက်ရှိသော အမျိုးသားညီလာခံကြီးသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် ပထမဆုံးအဆင့်ဖြစ်သကဲ့သို့ အရေးအကြီးဆုံး အဆင့်လည်းဖြစ်သည်။ အမျိုးသားညီလာခံကြီး၌ ပြည်နယ်၊ တိုင်းများအလိုက် တိုင်းရင်းသားကိုယ်စားလှယ်များ၊ လူထု လူတန်းစားကိုယ်စားလှယ်များ စုံညီစွာ တက်ရောက်၍ ဆွေးနွေးညှိနှိုင်းလျက်ရှိကြသည်။

သို့ဖြစ်ရာ ဒေသဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများအားလုံးက မိမိမြို့ရွာ၊ မိမိဒေသဖွံ့ဖြိုးတိုးတက်စေရေးအားကြိုးမာန်တက် ကြိုးပမ်းလျက်ရှိကြသည့်နည်းတူ နိုင်ငံတော်တစ်ရပ်လုံး၏ ရေရှည်အကျိုးစီးပွားအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး လုပ်ငန်းစဉ်များတွင် တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၄ခုနှစ် ဇူလိုင် ၃ရက် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သစ်ပင်စိုက်ပျိုးပွဲကျင်းပရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြုကြိုဆို သစ်ပင်စိုက်ပျိုးပွဲကျင်းပရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် ဇွန် ၁၄

၂၀၀၄ခုနှစ် ဇူလိုင် ၃ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သစ်ပင်စိုက်ပျိုးပွဲကျင်းပရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ သံလွင်လမ်း အမှတ်(၁၃၂)ရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပါမောက္ခ ဒေါက်တာဒေါ်မေမေရီ၊ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ခင်ခင်ဝင်း၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်း၊ အကြံပေးပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ငွေး၊ ဗဟိုအလုပ်အမှုဆောင်များ၊ သစ်ပင်စိုက်ပျိုးရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေနှင့် လုပ်ငန်း အထောက်အကူပြုအဖွဲ့ဝင်ဌာနဆိုင်ရာအကြီးအကဲများတက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ၂၀၀၄ခုနှစ် ဇူလိုင် ၃ရက် မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုကြိုဆိုသည့် သစ်ပင်စိုက်ပျိုးပွဲ ကျင်းပရေးနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် သစ်ပင်စိုက်ပျိုးရေးအဖွဲ့ ခေါင်းဆောင် သစ်တောရေးရာဝန်ကြီးဌာန၊ စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေက ၂၀၀၄ခုနှစ် သစ်ပင်စိုက်ပျိုးရေး စီမံချက်ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မေ ၂၁ရက်က ရန်ကုန်တက္ကသိုလ်သတ္တဗေဒဌာန ဒုတိယအကြိမ်မြတ်ဆရာပူဇော်ပွဲမှ ဓိဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ငွေပဒေသာပင်အတွက် အလှူတော်ငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဝင်းထိန် လက်ခံယူစဉ်။ (က-ပ)

ဒို့ပြည်ထောင်စုမြန်မာပြည်

* သန်းပေါင်းလေးဆယ်၊ နှစ်ဝယ်ရှည်ကြာ
မြန်မာတို့မြေ၊ စခဲ့ပေ၏
ခြေခြေမြစ်မြစ်၊ ကျောက်ခေတ်လူသား
နေထိုင်သွားကြောင်း၊ ထင်ရှားပုံဆောင်
ပုံတောင်ရုပ်ကြွင်း၊ သက်သေနှင်းသည်
ငြင်း၍မရ၊ ခိုင်မာလှသည်
မြန်မာ့မြေကား အံ့ဖွယ်တကား။

* "မြန်မာအစ၊ တကောင်းက" တဲ့
မြန်မာ့ပုံရိပ်၊ အတိတ်ရှေးဟောင်း
တကောင်းမြို့တော်၊ နှစ်ထောင်ကျော်နှစ်
ခြောက်ရာဖြစ်ခဲ့
အားသစ်စည်ဖြိုး၊ အမျိုးဂုဏ်လွှမ်း
ကိုယ့်ထီးနန်းနှင့်၊ အေးချမ်းခိုင်မာ
သာယာဝပြော၊ မြို့ပြစောသည်
အံ့ဩဖွယ်ရာ မြန်မာတကား။

* အနော်ရထာ၊ ဘုရင့်နောင်၊ ဦးအောင်ဇေယျ
မြန်မာ့မြေဖွား၊ ပြည်ချစ်သားတို့
ထင်ရှားဂုဏ်ရည်၊ စုစည်းတည်တည့်
ပြည်မြန်မာအား၊ နယ်ချဲ့များက
မျိုဝါးတစ်ခေတ်၊ သူ့ကျွန်ဖြစ်ခဲ့
သို့ဖြစ်ပေငြား၊ တိုင်းရင်းသားတို့
အားမာန်ကိုယ်စီ၊ ဓားလှံကိုယ်စီ
ညီနောင်ထုအရေး၊ ပြည်ထောင်စုသွေး
စွေးစွေးနီစွာ၊ တိုက်ထုတ်ပါမှ
မြန်မာလွတ်လပ်၊
ထွတ်မြတ်ပြည့်ဂုဏ်၊ သင်းပျံ့ထုံသည်
ပင်လုံစိတ်ဓာတ် အခြေခံတကား။

* ယနေ့အခါ၊ ပြည်မြန်မာသည်
ညီညာလက်တွဲ၊ သွေးမကွဲတော့
သွေးခွဲလာမူ၊ ဘယ်သူဖြစ်ဖြစ်၊ ချေမှုန်းပစ်လိမ့်
ချစ်မြတ်နိုးညီ၊ အားလုံးသည်လျှင်
"ဤပြည်ထောင်စု
ဤအချုပ်အခြာအာဏာ
ဤတိုင်းရင်းသားစည်းလုံးညီညွတ်ရေး"
ခိုင်မြဲရေးသာ၊ တွေးလျက်ပြည်သူ
အခြေခံမူ၌
အတူမျှရည် မျှော်မှန်းသည်။
ဒို့ပြည်ထောင်စုမြန်မာပြည်။
သမိုင်းသက်သေရှိပါသည်။

တက္ကသိုလ်ညိုမင်းမောင်

ပျက်စီး

ဇွန် ၁၂ ရက်က ဘဂ္ဂဒက်မြို့ အဝေးပြေးလမ်းမပေါ်တွင် တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ပျက်စီးခဲ့သည့် ထရပ်ကားတစ်စီးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နာဂျက်ဖ်မြို့ ရဲစခန်းကို ရှီးယိုက်တိုက်ခိုက်ရေးသမားများ တိုက်ခိုက်သိမ်းပိုက်

ဘဂ္ဂဒက် ဇွန် ၁၃

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့ရှိ အီရတ်ရဲစခန်းတစ်ခုကို ရှီးယိုက်လက်နက်ကိုင်သမားများက တိုက်ခိုက်သိမ်းပိုက်မှုကို ကြားဝင်ဟန့်တားပေးရန် အမေရိကန်တပ်ဖွဲ့ဝင်များက ငြင်းဆန်ခဲ့ပြီး နောက်သောကြာနေ့က နာဂျက်ဖ်မြို့ရှိ ဘာသာရေးအဆောက်အအုံတစ်ဝိုက်တွင် တိုက်ခိုက်မှုဖြစ်ပွားသည်။ ထိုအတောအတွင်း ဘဂ္ဂဒက်မြို့ တောင်ပိုင်းရှိ ရှီးယိုက်တို့နေထိုင်ရာ မြို့တစ်မြို့တွင်လည်း အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့များ တိုက်ခိုက်ခံရသည်။

— ထိခိုက် —

ဘဂ္ဂဒက်မြို့တော် ဆာယီဒီယာဒေသရှိ အဝေးပြေးလမ်းတွင် အမေရိကန် ကင်းလှည့်ယာဉ်တန်း ဖြတ်သန်းမောင်းနှင်စဉ် ကားဗုံးပေါက်ကွဲသဖြင့် အမေရိကန် ဟမ်းဗီးစစ်ကားနှစ်စီး အနည်းငယ်ပျက်စီးခဲ့သည်။ ကားဗုံးပေါက်ကွဲမှုကြောင့် သေဆုံးဒဏ်ရာရမှု သတင်းကို အမေရိကန်စစ်ဘက်ဆိုင်ရာက အတည်ပြု ပြောကြားခြင်း မရှိပေ။

— မတည်မငြိမ်ဖြစ် —

ငြိမ်းချမ်းရေး အစီအစဉ်ကို ထောက်ခံကြောင်းပြသရန် ဆန္ဒပြသမားများ သောကြာနေ့ နံနက်က ချီတက်လာရာ နာဂျက်ဖ်မြို့၌ မတည်မငြိမ် ဖြစ်ပွားခဲ့သည်။

ရှီးယိုက်ခေါင်းဆောင်အယ်လ်ဆာဒါအား ထောက်ခံသူများသည် ဆန္ဒပြသမားများ၏ လမ်းကိုပိတ်ဆို့ ဟန့်တားရာမှ အုပ်စုနှစ်စု တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။

အယ်လ်ဆာဒါနောက်လိုက်များက ရဲစခန်းတစ်ခုကို စီးနင်း ဝင်ရောက်ရှာဖွေရာမှ တိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် သောကြာနေ့တွင် နာဂျက်ဖ်မြို့၌ ယေဘုယျအားဖြင့် တည်ငြိမ်အေးချမ်းခဲ့သည်။

— သေဆုံး —

ယင်းဖြစ်ရပ်ကြောင့် ကလေးငယ်ရှစ်ဦးအပါအဝင် လူ ၂၉ဦး ဒဏ်ရာရရှိပြီး အီရတ်ခြောက်ဦး သေဆုံးခဲ့ကြောင်း ဆေးရုံတာဝန်ရှိ ပုဂ္ဂိုလ်များက ပြောကြားသည်။

— ဖျန်ဖြေခဲ့ —

အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အယ်လ်ဆာဒါ၏ မာဒီ လက်နက်ကိုင်များအကြား ရက်သတ္တရှစ်ပတ်ကြာ တိုက်ခိုက်မှုများရပ်ဆိုင်းရန် ရှီးယိုက်ခေါင်းဆောင်များနှင့် နိုင်ငံရေးသမားကြားဝင်ဖျန်ဖြေခဲ့သည့် အပစ်အခတ်ရပ်စဲရေး ရရှိခဲ့ချိန်နောက်ပိုင်း နာဂျက်ဖ်မြို့တွင် ပထမဆုံးတိုက်ခိုက်မှု ဖြစ်ပွားခြင်းဖြစ်သည်။ ***အင်တာနက်။***

နိုင်ငံတကာသတင်းများ

၂၀၀၅ခုနှစ် မတ်လလယ်တွင် ဒတ်ချ်တပ်ဖွဲ့ဝင်များ အီရတ်မှ ရုပ်သိမ်းမည်

သည်ဟိဂ် ဇွန် ၁၃

ရှစ်လသက်တမ်းထပ်မံတိုးမြှင့်ပြီးနောက်တွင် နောက်ထပ် သက်တမ်းမတိုးမြှင့်လျှင် ဒတ်ချ်တပ်ဖွဲ့ဝင်များသည် ၂၀၀၅ခုနှစ် မတ်လလယ်တွင် အီရတ်မှ ပြန်လည်ရုပ်သိမ်းမည်ဖြစ်ကြောင်း ဒတ်ချ် ဝန်ကြီးချုပ် ဂျင်းပီတာဘောင်ကန်နင်ဒီက ပြောကြားသည်။

အီရတ်နိုင်ငံတွင် အစိုးရသစ် ဖွဲ့စည်းနိုင်ရေးအတွက် အီရတ်၌ ဒတ်ချ်တပ်ဖွဲ့ဝင်များ ဆက်ထားရှိရေးကို ရှစ်လသက်တမ်း ထပ်မံတိုးမြှင့်ထားခြင်းဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ၎င်းက ပြောကြားသည်။

အီရတ်နိုင်ငံတောင်ပိုင်းရှိ ဗြိတိသျှတပ်ဖွဲ့များ၏ လက်အောက်ရှိ ဒတ်ချ်တပ်ဖွဲ့ဝင် ၁၃၀၀ ကို ၂၀၀၅ ခုနှစ် မတ်လလယ်ထိ ဆက်လက်ထားရှိမည်ဖြစ်ကြောင်း သောကြာနေ့ စောစောပိုင်းတွင် ဒတ်ချ်အစိုးရက ကြေညာခဲ့သည်။

ထူးခြားသည့် အခြေအနေများအရ မတ် ၁၅ ရက် နောက်ပိုင်းတွင် နောက်ထပ် ၁၀ရက်ခန့် သက်တမ်းတိုးမြှင့်နိုင်ကြောင်း၊ သို့ရာတွင် မူအားဖြင့်ဆိုရလျှင် ဒတ်ချ်တပ်ဖွဲ့ဝင်များ မတ်လလယ်တွင် အီရတ်မှ ရုပ်သိမ်းမည်ဖြစ်ကြောင်း ဒတ်ချ်ကာကွယ်ရေး ဝန်ကြီး ဟန်ကမ့်ပ်က ပြောကြားသည်။

အတည်ပြု

ဇွန် ၃၀ရက်နောက်ပိုင်း အီရတ်နိုင်ငံသားများထံသို့ အာဏာလွှဲပြောင်းပေးအပ်မှုနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်ကို အဖွဲ့ဝင် ၁၅နိုင်ငံပါဝင်သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီက တညီတညွတ်တည်း အတည်ပြုခဲ့ပြီးနောက် သုံးရက်အကြာတွင် ဒတ်ချ်တပ်ဖွဲ့ဝင်များအား နောက်ထပ်သက်တမ်းရှစ်လ တိုးမြှင့်ရန် ဆုံးဖြတ်ချက် ချမှတ်ခဲ့ခြင်းဖြစ်သည်။

အင်တာနက်။

ရဟတ်ယာဉ် အရေးပေါ်ဆင်းသက် ကန်တပ်ဖွဲ့ဝင် နှစ်ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇွန် ၁၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် မြောက်ဘက်တွင် စနေနေ့က အမေရိကန် ရဟတ်ယာဉ်တစ်စင်း အရေးပေါ် ဆင်းသက်ခဲ့ရရာ အမေရိကန် တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိသွားကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

ဒဏ်ရာရ

အမေရိကန်ရဟတ်ယာဉ်မှာ အရေးပေါ် ဆင်းသက်ခဲ့ရပြီး မီးလောင်သွားသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး အနည်းငယ် ဒဏ်ရာရရှိကြောင်း စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဟုတ်၊ မဟုတ်

ဘဂ္ဂဒက်နှင့် တာဂျီမြို့အကြားတွင် ဖြစ်ပွားသည့် အဆိုပါ ဖြစ်ရပ်မှာ ရန်သူ၏တိုက်ခိုက်မှုကြောင့် ဟုတ်၊ မဟုတ်ကို ရှင်းလင်းပြတ်သားစွာ မသိရသေးကြောင်း ၎င်းက ပြောကြားသည်။

တာဂျီမြို့မှာ အမေရိကန်အခြေစိုက်စခန်းတည်ရှိရာ မြို့တစ်မြို့ဖြစ်သည်။ အဆိုပါ ကိစ္စကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ ***အင်တာနက်။***

အောင်ပွဲခံ

ဇွန် ၁၁ ရက်က ဘဂ္ဂဒက်မြို့အနောက်မြောက်ဘက်၌ အမေရိကန်စစ်ယာဉ်တန်း တိုက်ခိုက်ခံရပြီးနောက် မီးလောင်ပျက်စီးနေသည့် ထရပ်ကားတစ်စီးအနီးတွင် အောင်ပွဲခံနေသည့် အီရတ်လူငယ်နှစ်ဦးကိုတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်တွင် တိုက်ခိုက်ခံရ၍ ကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဘဂ္ဂဒက် ဇွန် ၁၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အရှေ့ပိုင်းတွင် ချုံခိုတိုက်ခိုက်ခံရာမှ ရရှိသည့် ဒဏ်ရာကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာက သောကြာနေ့တွင် ပြောကြားသည်။

ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်းက ဖြစ်ပွားသည့် တိုက်ခိုက်မှုတွင် အခြားအမေရိကန်တပ်ဖွဲ့ဝင် လေးဦးမှာလည်း ဒဏ်ရာရရှိခဲ့သည်။ သို့ရာတွင် အသေးစိတ် အချက်အလက်များကို ထုတ်ပြန်ခဲ့ခြင်း မရှိပေ။

အီရတ်နိုင်ငံတွင် စစ်ပွဲစတင်ဖြစ်ပွားခဲ့ချိန်ကတည်းက သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၈၀၀ ကျော် သွားပြီဖြစ်သည်။ ***အင်တာနက်။***

တရုတ်နိုင်ငံ၏ နိုင်ငံတကာအခန်းကဏ္ဍတွင်ပိုမိုအရေးပါလာမှု ကုလအတွင်းရေးမှူးချုပ်ဟောင်း ချီးကျူး

ပေကျင်း ဇွန် ၁၃

တရုတ်နိုင်ငံသည် အရေးပါသည့် ကမ္ဘာ့ကြားဝင်စေ့စပ်ပေးသည့် နိုင်ငံတစ်နိုင်ငံဖြစ်လာပြီး နိုင်ငံတကာရေးရာတွင် ပိုမိုအရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဘူထရို့စ်ဘူထရို့စ်ဂါလီက ပြောကြားလိုက်သည်။

ထည့်သွင်းဖော်ပြ

ပေကျင်းမြို့၌ ပြုလုပ်သော တွေ့ဆုံမေးမြန်းခန်းတွင် သတင်းထောက်တစ်ဦး၏ မေးမြန်းချက်ကိုပြောကြားရာတွင် ဘူထရို့စ်ဂါလီက အထက်ပါအတိုင်း ထည့်သွင်းဖော်ပြလိုက်ခြင်းဖြစ်သည်။

ဘူထရို့စ်ဂါလီသည် ဇွန်လ ၁၄ ရက်နှင့် ၁၅ ရက်တွင် ပြုလုပ်မည့် ငြိမ်းချမ်းစွာယှဉ်တွဲ နေထိုင်ရေးမူငါးချက်ဆိုင်ရာနိုင်ငံတကာ နှီးနှောဖလှယ်ပွဲ တက်ရောက်ရန်အတွက် ပေကျင်းသို့ ရောက်ရှိလာခြင်းဖြစ်သည်။

ရှုပ်ထွေး

၎င်းက ဆက်လက်ပြောကြားရာ၌ ရှုပ်ထွေးပြီး တစ်ခါတစ်ရံတွင် ပြဒါးတစ်လမ်း၊ သံတစ်လမ်းဖြစ်သည့် နိုင်ငံတကာအငြင်းပွားမှုများတွင် ကူညီဖြေရှင်းပေးရခြင်းမှာ များစွာခက်ခဲကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ကိုရီးယားကျွန်းဆွယ် ပြဿနာနှင့် ခြောက်ပွင့်ဆိုင်ဆွေးနွေးပွဲ နှစ်ကြိမ်စလုံးတွင် အပြုသဘောပါဝင်ဆောင်ရွက်နိုင်မှုကို ချီးကျူးကြောင်း၊ ခြောက်ပွင့်ဆိုင် ဆွေးနွေးပွဲများမှ အပြုသဘောရလဒ်များကို နိုင်ငံတကာ အသိုက်အဝန်းက မြင်တွေ့ရန် ဆန္ဒပြင်းပြနေကြောင်း၊ သို့သော် ယင်းသို့ဖြစ်လာရန် နှစ်နှင့်ချီ၍ ကြိုးပမ်းရမည်ဟု မိမိယုံမြင်ကြောင်း၊ အရေးအကြီးဆုံးမှာ စိတ်ရှည်ရှည်ထားရန်ပင် ဖြစ်ကြောင်း ထည့်သွင်းပြောဆိုသည်။

အပြန်အလှန်အကျိုးရှိ

အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးကို အပြန်အလှန် လေးစားရေး၊ အပြန်အလှန်မကျူးကျော်ရေး၊ တစ်နိုင်ငံ၏ပြည်တွင်းရေးကို အခြားတစ်နိုင်ငံက မစွက်ဖက်ရေး၊ တန်းတူညီမျှရေးအပြန်အလှန်အကျိုးရှိရှိနှင့် ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်ရေးဟူသော မူငါးချက်ကို နိုင်ငံတကာ အသိုက်အဝန်းက တဖြည်းဖြည်းလက်ခံလာကြပြီး နိုင်ငံအချင်းချင်း ဆက်ဆံရေးတွင် ၎င်းမူငါးချက်မှာ အခြေခံစည်းမျဉ်းများ ဖြစ်လာကြောင်းဖြင့် ဘူထရို့စ်ဂါလီက ပြောကြားလိုက်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကြေးမုံ
The Mirror
နိုင်ငံတကာ သတင်းများ

ဖော်လူဂျာတွင် ကန်တို့၏ လုံခြုံရေးရည်မှန်းချက် အောင်မြင်မှုမရှိ အမေရိကန်တပ်ဖွဲ့မှ ဗိုလ်မှူးချုပ်တစ်ဦး ဝန်ခံပြောကြား

ဘဂ္ဂဒက် ဇွန် ၁၃

အီရတ်နိုင်ငံ ဖော်လူဂျာမြို့အား အမေရိကန်တပ်ဖွဲ့က ဝိုင်းပတ်ပိတ်ဆို့ထားမှု အဆုံးသတ်စေရေးအတွက် ယင်းမြို့၏ လုံခြုံရေးကို အီရတ်လုံခြုံရေးတပ်ဖွဲ့ထံသို့ လွှဲပြောင်းပေးရန် သဘောတူညီချက်ရရှိခဲ့သော်လည်း အမေရိကန်တပ်ဖွဲ့သည် ဖော်လူဂျာတွင် ၎င်း၏ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်မှု မရှိကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ အထက်တန်းတာဝန်ရှိသူတစ်ဦးက စနေနေ့တွင် ဝန်ခံလိုက်သည်။

ဇွန် ၁၁ ရက်က ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးခရိုင်တွင် လုံခြုံရေးစောင့်ကြပ်နေသည့် ရိုင်ယိုက်လက်နက်ကိုင်တစ်ဦးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဆွန်နီအများစုနေထိုင်ရာ ဖော်လူဂျာမြို့ကို ရက်သတ္တပတ် သုံးပတ်ကြာ ပိတ်ဆို့ထားစဉ် ကာလအတွင်း အမေရိကန် မရိန်းတပ်ဖွဲ့ဝင် ၁၀ ဦးနှင့် အီရတ်ရာပေါင်းများစွာ သေဆုံးခဲ့ရသည်။

ချုံခိုတိုက်ခိုက်

အမေရိကန် လုံခြုံရေးကုမ္ပဏီဖြစ်သော ဘလက်ခ်ဝါးတား ယူအက်စ်အေ ကုမ္ပဏီအတွက် အလုပ်လုပ်နေသော အမေရိကန် လေးဦးကို ပြောက်ကျားများက ချုံခိုတိုက်ခိုက်ကာ ၎င်းတို့၏ အလောင်းများကို အပိုင်းပိုင်းဖြတ်တောက်ပြီး ယူဖရေးတီးမြစ်၏ တံတားတစ်စင်းပေါ်မှနေ၍ ချိတ်ဆွဲပြသထားခြင်းဖြစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် မရိန်းတပ်ဖွဲ့ဝင်များက အဆိုပါမြို့ကို ဝိုင်းပတ်ပိတ်ဆို့ထားခဲ့ခြင်းဖြစ်သည်။

တည်ငြိမ်မှုရရှိ

မေလ အစောပိုင်းတွင် ဖော်လူဂျာမြို့ကို မရိန်းတပ်ဖွဲ့က ဝိုင်းပတ်ပိတ်ဆို့ထားမှု အဆုံးသတ်လိုက်ချိန်မှစ၍ ယင်းမြို့မှာ တည်ငြိမ်မှုရရှိလာခဲ့ကြောင်း ဗိုလ်မှူးချုပ် မာ့ခ်ကင်းမစ်က သတင်းထောက်များအား ပြောကြားသည်။

တောင်းဆို

ဖော်လူဂျာမြို့ကို အီရတ်အစိုးရ၏ ထိန်းချုပ်မှုအောက်သို့ လွှဲပြောင်းပေးရန်၊ ယင်းမြို့ရှိ ခုခံတိုက်ခိုက်ရေးသမားများက လက်နက်ကြီးများကို လွှဲပြောင်းပေးအပ်ရန်နှင့် ဘလက်ခ်ဝါးတား ကုမ္ပဏီဝန်ထမ်းများအား သတ်ဖြတ်မှုအတွက် တာဝန်ရှိသူများကို ဖမ်းဆီးပေးရန် အမေရိကန် ဦးဆောင်သောတပ်ဖွဲ့က တောင်းဆိုခဲ့ကြောင်း ကင်းမစ်က ပြောကြားသည်။

ဆက်လက်တိုက်ခိုက်

ယင်းတောင်းဆိုချက်များနှင့် ပတ်သက်၍ ဖြစ်ပေါ်တိုးတက်မှုများကို ကြည့်ပါက ကျေနပ်အားရဖွယ် မရှိကြောင်း၊ ဖော်လူဂျာမြို့တွင် သဘောထား တင်းမာသည့် ဒေသဆိုင်ရာခေါင်းဆောင်များရှိနေပြီး အမေရိကန်တပ်ဖွဲ့ကို ဆက်လက်၍ တိုက်ခိုက်နေကြောင်း ကင်းမစ်က ပြောကြားသည်။ ***အင်တာနက်။***

ဆော်ဒီအာရေဗျနိုင်ငံ မြို့တော်ရီယာ့ဒ်၌ အမေရိကန်နိုင်ငံသားတစ်ဦး အသတ်ခံရ

ကိုင်ရို ဇွန် ၁၃

ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့တော်တွင် စနေနေ့က အမေရိကန်နိုင်ငံသားတစ်ဦး ပစ်သတ်ခံရကြောင်း သတင်းရရှိသည်။

ထုတ်ပြန်ကြေညာ

ကာတာအခြေစိုက် အယ်ဂျာဇီရာ ရုပ်မြင်သံကြားဌာနက ဆော်ဒီအာရေဗျရှိ အမေရိကန်သံရုံးအရာရှိများ၏ ပြောကြားချက်ကို ကိုးကားလျက် အမေရိကန်နိုင်ငံသားတစ်ဦး သေနတ်ဖြင့် ပစ်သတ်ခံရပြီး သေဆုံးသွားသည်ဟု ယုံကြည်ရကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

လိုက်လံရှာဖွေ

ရီယာ့ဒ်မြို့ အရှေ့ဘက်တွင် သက်ာမကင်းဖွယ် တိုက်ခိုက်သူများနောက်သို့ ရဲတပ်ဖွဲ့ဝင်များက လိုက်လံရှာဖွေနေကြသည်ဟု ဒူဘိုင်းအခြေစိုက် အယ်အာရေဗျ ရုပ်မြင်သံကြားဌာနက ကြေညာသည်။

ရီယာ့ဒ်မြို့ အယ်မာလက်ဒေသမှ အမေရိကန်နိုင်ငံသား လက်မှတ်ကိုင်ဆောင်သူတစ်ဦးအား စနေနေ့ ညနေ ၄ နာရီက ပစ်သတ်သွားကြောင်း ရီယာ့ဒ်မြို့တော် ရဲတပ်ဖွဲ့အကြီးအကဲက ပြောကြားလိုက်သည်ဆို၏။

စုံစမ်းစစ်ဆေး

ယင်းကိစ္စကို ဆော်ဒီအာရေဗျ လုံခြုံရေးအာဏာပိုင်များက စုံစမ်းစစ်ဆေးနေသည်ဆို၏။ ထိုသို့ တိုက်ခိုက်သတ်ဖြတ်ခြင်းမှာ ရက်သတ္တပတ်အတွင်း တတိယမြောက်ဖြစ်သည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်၌ ပြန်ပေးဆွဲခံရသူ တူရကီအလုပ်သမားခုနစ်ဦး လွတ်မြောက်လာဟု တူရကီသံရုံးက ပြောဆို

ဘဂ္ဂဒက် ဇွန် ၁၃

အီရတ်နိုင်ငံ၌ ပြန်ပေးဆွဲခံရသည့် တူရကီဆောက်လုပ်ရေး အလုပ်သမားခုနစ်ဦးမှာ လွတ်မြောက်လာပြီးနောက် ယခုအခါ နေရပ်သို့ ပြန်လာကြပြီဖြစ်ကြောင်း ဘဂ္ဂဒက်မြို့ရှိ တူရကီသံရုံးက စနေနေ့တွင် ပြောဆိုသည်။

တူရကီဆောက်လုပ်ရေး အလုပ်သမား ခုနစ်ဦးတို့မှာ ဖမ်းဆီးခံထားရာမှ ပြန်လွတ်လာကြကြောင်း၊ ၎င်းတို့အားလုံး ကျန်းမာစွာ ရှိကြောင်းဖြင့် သံရုံးမှ သံတမန်တစ်ဦးက ပြောဆိုသည်။

ဆောက်လုပ်ရေး အလုပ်သမားများ ဖော်လူဂျာမြို့မှ လွတ်မြောက်လာကြပြီးနောက် မြောက်ပိုင်း မိုဆူးလ်မြို့သို့ ပြန်လာကြပြီဖြစ်ကြောင်း၊ မိုဆူးလ်မြို့ရှိ တူရကီဆောက်လုပ်ရေးကုမ္ပဏီရုံးသို့ ရောက်လျှင်ရောက်ချင်း ၎င်းတို့၏ မိသားစုများထံ ဆက်သွယ်စကားပြောကြားကြလိမ့်မည်ဟု ကုမ္ပဏီ ညွှန်ကြားရေးမှူး ဆာဒါအဒါလီက ပြောကြားသည်။

အဆိုပါ တူရကီအလုပ်သမားများအား ဖော်လူဂျာမြို့၌ ဇွန် ၇ ရက်က ပြန်ပေးဆွဲခံရခြင်းဖြစ်သည်။ သို့သော် မည်သူတို့က ပြန်ပေးဆွဲပြီး မည်သည့်အတွက် ဖမ်းဆီးသည်မှာ မရှင်းလင်းဟု သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်စစ်ပွဲကို မဆင်နွှဲသင့်ဟု အမေရိကန် အများစု ဆန္ဒပြု

လော့စ်အိန်ဂျလိစ် ဇွန် ၁၃

အီရတ်နိုင်ငံတွင် စစ်ပွဲမဆင်နွှဲသင့်တော့ကြောင်းနှင့် အမေရိကန်ပြည်ထောင်စုသည် အီရတ်စစ်ပွဲ နွံထဲတွင် တဖြည်းဖြည်းချင်း နစ်လာနေသည်ဟု ခံစားရကြောင်း အမေရိကန် မဲဆန္ဒရှင် အများစုက ပြောကြသည်ဟု သောကြာနေ့က ထုတ်ပြန်သည့် လော့စ်အိန်ဂျလိစ်တိုင်းမ်သတင်းစာ၏ အလွတ်သဘော လူထုစစ်တမ်းတွင် ဖော်ပြထားသည်။

စစ်တမ်းကောက်

စနေနေ့မှ အင်္ဂါနေ့အထိ နိုင်ငံတစ်ဝန်း မဲဆန္ဒရှင် ၁၂၃၀ ဦးအား စစ်တမ်းကောက်ကြည့်ရာ၌ ၅၃ ရာခိုင်နှုန်းက အီရတ်၌ စစ်ပွဲမဆင်နွှဲသင့်ကြောင်း ပြောကြားပြီး ၄၃ ရာခိုင်နှုန်းကမူ စစ်ပွဲကို ဆင်နွှဲသင့်ကြောင်း ပြောကြားကာ ၄ ရာခိုင်နှုန်းကမူ ၎င်းတို့မသိကြောင်း ပြောကြားသည်။

သံသယဖြစ်

အီရတ်နိုင်ငံ၌ အမေရိကန်က စစ်ပွဲဆင်နွှဲသင့်၊ မသင့် အမေရိကန်မဲဆန္ဒရှင် အများစုက သံသယဖြစ်သည်မှာ ပထမဆုံးအကြိမ်ဖြစ်သည်။

မတ်လက အဆိုပါ သတင်းစာကပင် စစ်တမ်းကောက်ယူကြည့်ခဲ့ရာ၌ အမေရိကန်မဲဆန္ဒရှင် ၅၃ ရာခိုင်နှုန်းက အီရတ်စစ်ပွဲကို အမေရိကန်က ဆင်နွှဲသင့်ကြောင်း ထုတ်ဖော်ဆန္ဒပြု ပြောကြားခဲ့ပြီး ၄၃ ရာခိုင်နှုန်းက အီရတ်စစ်ပွဲကို မဆင်နွှဲသင့်ဟု ဆန္ဒပြုကြရာ ယခုတစ်ကြိမ် ကိန်းဂဏန်းများ ကပြောင်းကပြန် ဖြစ်သွားခဲ့သည်။ *အင်တာနက်။*

ဇွန် ၁၁ ရက်က ဘဂ္ဂဒက်မြို့ တောင်ဘက် ဆေဒီယာခရိုင်တွင် ကားဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို ရှင်းလင်းဖယ်ရှားနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အကျဉ်းသားများကို စစ်ဆေးရာ၌ ရက်စက်သည့် နည်းများ အီရတ်ရှိ ကန်ဗိုလ်ချုပ်ကြီးကိုယ်တိုင်က အသုံးပြုခွင့်ပေးခဲ့

ဝါရှင်တန် ဇွန် ၁၃

အမေရိကန် ဗိုလ်ချုပ်ကြီး ရီကာဒိုဆန်ချေ့စ်သည် အီရတ်ရှိ အမေရိကန်တပ်များ၏ အကြီးအမှူးဖြစ်သည်။ ဘဂ္ဂဒက်မြို့ အဘူဂါရိပ်အကျဉ်းထောင်ရှိ အီရတ်အကျဉ်းသားများကို စစ်ဆေးရာတွင် ခွေးများအသုံးပြု၍ ညှဉ်းပန်းခြင်း၊ မြင့်မားသော အပူချိန်ပေး၍ နှိပ်စက်ခြင်း၊ လူ၏အိပ်ချိန်ကို ကပြောင်းကပြန်ဖြစ်အောင် အတင်းအကျပ်ပြု၍ ညှဉ်းဆဲ ခြင်း၊ ရေနှင့်ပေါင်မုန့်သာပါသည့် အနောက်တိုင်း အစားအစာများကိုသာကျွေးမွေး၍ အအိပ်အနေခက်အောင်ပြုခြင်းစသည့် နှိပ်စက်ကလူပြုနည်းများကျင့်သုံးခွင့်ကို ဆန်ချေ့စ်က ခွင့်ပြုထားသည်ဟုဆိုသည်။

အီရတ်အကျဉ်းသားများ စစ်ဆေးမှုနှင့် သက်ဆိုင်သော အသစ်ထပ်မံရရှိသည့် အစီရင်ခံစာပါ အချက်အလက်များကို တနင်္ဂနွေနေ့ထုတ် ဝါရှင်တန် သတင်းစာတွင် ဖော်ပြခဲ့သည်။

ပြီးခဲ့သောနှစ် စက်တင်ဘာလ စောစောပိုင်းကလည်း အကျဉ်းသားများ စစ်ဆေးရာ၌ ဗိုလ်ချုပ်ကြီး ဆန်ချေ့စ်က အသုံးပြုခွင့်ပြုထားသော နည်းနာများနှင့်ဆိုင်သည့် သတင်းများ ထွက်လာခဲ့သေးသည်။ သို့ရာတွင် သတင်းစာက ယခုထပ်မံရရှိသော သတင်းသည် ယခင်က ရရှိခဲ့သော သတင်းများထက် ပိုမို၍ အသေးစိတ်ကျကြောင်း သိရသည်။

အမေရိကန် ဗိုလ်ချုပ်ကြီး ဆန်ချေ့စ်က အကျဉ်းသားများကို စစ်ဆေးရန် အသုံးပြုခွင့်ပေးထားသော နည်းလမ်းများကို ဂွာတာနာမို အကျဉ်းစခန်းတွင် အသုံးပြုသော နည်းနာများထဲမှ အများအပြားရယူခဲ့ခြင်းဖြစ်သည်။ ထိုဂွာတာနာမို စခန်းသည် ကျူးဘားနိုင်ငံ ဂွာတာနာမိုဘေးတွင် တည်ရှိသော အမေရိကန် အကျဉ်းစခန်းတစ်ခု ဖြစ်သည်။

ဇွန် ၃၀ ရက် နောက်ပိုင်းတွင် ဗိုလ်ချုပ်ကြီး ဆန်ချေ့စ်ကို အီရတ်နိုင်ငံမှ ရွှေ့ပြောင်းပေးတော့မည်ဆိုသော ပြောဆိုချက်များ မေလပိုင်းက ထွက်ပေါ်လာခဲ့သည်။ ယခု ထွက်ပေါ်လာသော တာဝန်ရွှေ့ပြောင်းရေးနှင့် ပတ်သက်သည့် သတင်းများမှာ အဘူဂါရိပ် အကျဉ်းထောင်ကိစ္စနှင့် ဆက်စပ်ခြင်းမရှိပါဟု သတင်းများက ဆိုသည်။

အဘူဂါရိပ်အကျဉ်းထောင်ရှိ အမေရိကန် ထောက်လှမ်းရေးအရာရှိများကို လေ့ကျင့်သင်ကြားပေးရန် ဂွာတာနာမိုဘေးရှိ အကျဉ်းထောင်မှ စစ်ကြောရေးမှူးများကို ခေါ်ယူသင်တန်းပေးစေခဲ့ကြောင်း အသစ်ထပ်မံရရှိသော သတင်းများတွင် ဖော်ပြထားသည်ဟု ဆိုသည်။

ယခုအတောအတွင်း အရှေ့အလယ်ပိုင်းဒေသရှိ အမေရိကန်ထိပ်တန်းအရာရှိက အီရတ်ရှိ အကျဉ်းထောင်ကိစ္စကို စစ်ဆေးရာ၌ ဆန်ချေ့စ်ကိုပါ စစ်ဆေးနိုင်ရန်အတွက် ယခုထက်ပို၍ ရာထူးအဆင့်မြင့်သော အရာရှိတစ်ဦးကို ခန့်ထားပေးရန် ကာကွယ်ရေးဌာနကို တောင်းဆိုခဲ့သည်ဟု သတင်းများက ဆိုသည်။

ဗိုလ်ချုပ်ကြီး ဂျွန်အဘီဇိတ်က ယခု အမှုစစ်ဆေးရာ၌ ပါဝင်သော ကြယ်နှစ်ပွင့်အဆင့်ရှိ ဗိုလ်ချုပ်တစ်ဦးကို လဲလှယ်တာဝန်ပေးလိုသော ဆန္ဒရှိကြောင်း သိရသည်။ ထိုသို့ အဆင့်မြင့် ဗိုလ်ချုပ်တစ်ဦးကို လဲလှယ်တာဝန်ပေးခြင်းဖြင့် ဒုတိယဗိုလ်ချုပ်ကြီး ဆန်ချေ့စ်ကိုပါ စစ်ဆေးသွားနိုင်မည် ဖြစ်သည်။ ***အင်တာနက်။***

မီးလောင် ပျက်စီး

ဇွန် ၁၁ ရက်က ဘဂ္ဂဒက်မြို့ တောင်ဘက်တွင် လမ်းဘေးထောင်သည့်ဗုံး ပေါက်ကွဲပြီးနောက် လောင်စာတင် ယာဉ်တစ်စီး မီးလောင်ပျက်စီးနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်တစ်ဦးကို ပစ်သတ်သူ ကန်တပ်ဖွဲ့ဝင်အား စုံစမ်းစစ်ဆေးနေ

ဘဂ္ဂဒက် ဇွန် ၁၃

အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးအား သတ်ဖြတ်မှုနှင့် ပတ်သက်၍ ကြွားကြွားဝါဝါပြောဆိုခဲ့သည်ဟု စွပ်စွဲခံထားရသော အီရတ်တစ်ဦးကို အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးက သတ်ဖြတ်မှုနှင့် ပတ်သက်၍ အမေရိကန် စစ်ဘက်ဆိုင်ရာက စုံစမ်းစစ်ဆေးနေကြောင်း အမေရိကန်ကြည်းတပ်က သောကြာနေ့က ပြောကြားသည်။

မေ ၁၇ ရက်က ဘဂ္ဂဒက်မြို့ နေအိမ်သို့ အမေရိကန်တပ်ဖွဲ့ဝင်များက စီးနင်းဝင်ရောက်ရှာဖွေစဉ် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး၏ လက်နက်ကို ဖမ်းယူဆုပ်ကိုင်နိုင်ရန် ကြိုးပမ်းသည့်အတွက် အဆိုပါအမေရိကန်တပ်ဖွဲ့ဝင်က ပစ်ခတ်သဖြင့် အီရတ်အမျိုးသား တစ်ဦး သေဆုံးခဲ့ရကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါ အီရတ်မှာ စစ်ဆေးရေးစခန်းတစ်ခု၌ အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးအား သတ်ဖြတ်ခဲ့မှုနှင့် ပတ်သက်၍ ၎င်း၏ အိမ်နီးချင်းများအား ကြွားကြွားဝါဝါ ပြောဆိုခဲ့ပြီး အီရတ် သိမ်းပိုက်ရေးတပ်ဖွဲ့များအား ဆန့်ကျင် သူဖြစ်ကြောင်း ကြေညာချက်၌ ပါရှိသည်။

အီရတ်နိုင်ငံ ကူဖာမြို့တွင် ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည့် အီရတ်တစ်ဦးအား အနီးကပ်ပစ်ခတ်ခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို ရာဇဝတ်ကြောင်းအရ စုံစမ်းစစ်ဆေးနေကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာက လွန်ခဲ့သည့် သီတင်းပတ်တွင် ပြောကြားခဲ့သည်။ ***အင်တာနက်။***

ပါကစ္စတန်တပ်ဖွဲ့များကို အီရတ်သို့စေလွှတ်ရေး မဆုံးဖြတ်နိုင်သေး

အစ္စလမ္မာဘတ် ဇွန် ၁၃

ပါကစ္စတန်တပ်ဖွဲ့ဝင်များကို အီရတ်နိုင်ငံသို့ စေလွှတ်နိုင်ရေးကိစ္စကို အဆုံးအဖြတ်ပေးနိုင်ရန် သင့်တော်သည့်အချိန်ကျရောက်သည်အထိ စောင့်ဆိုင်းသွားမည်ဟု ပါကစ္စတန်အစိုးရပိုင်းကဆိုသည်။

အထက်ပါသတင်းကို အစ္စလမ္မာဘတ်မြို့ရှိ ဒူ့ချီပရက်အာဂျင်တွာသတင်းဌာနက ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မာဆွတ်ခန်းကို ကိုးကား၍ ဖော်ပြခဲ့သည်။ မိမိတို့နိုင်ငံအနေဖြင့် အမေရိကန်အစိုးရက ပါကစ္စတန် တပ်ဖွဲ့များအား အီရတ်သို့ လွှတ်ပေးရန် တောင်းခံချက်ကို တစ်စုံတစ်ရာ ပြန်ကြားခဲ့ခြင်းမရှိသေးပါဟု ခန်းက ပြောကြားခဲ့သည်။

တပ်များအီရတ်သို့လွှတ်ပေးရေးကိစ္စမှာ အဆုံးအဖြတ်ပေးရန် အချိန်မကျရောက်သေးပါ။ အီရတ်တွင် နိုင်ငံရေးအရ အီရတ်ပြည်သူများဘက်သို့ အာဏာလွှဲပြောင်းသည့်လုပ်ငန်း ပြီးစီးသည့်အချိန်အထိ စောင့်ကြည့်သင့်ကြောင်း ခန်းကပြောကြားခဲ့သည်။

အီရတ်တွင် တိုက်ခိုက်မှုများ ပိုမိုဖြစ်ပေါ်လာနေပြီး မငြိမ်မသက်ဖြစ်နေသော်လည်း အီရတ်အုပ်ချုပ်ရေးကောင်စီလက်သို့ အမေရိကန်ဦးဆောင်သော ကျူးကျော်သိမ်းပိုက်ရေး တပ်ဖွဲ့များက ဇွန် ၃၀ ရက်တွင် တာဝန်လွှဲပြောင်းပေးသွားလိမ့်မည်ဖြစ်သည်။

အီရတ်နိုင်ငံ၌ ကုလသမဂ္ဂရုံး ဖွင့်လှစ်ပြီးသွားသောအခါ ထိုအဖွဲ့၏လုံခြုံရေးကို စောင့်ရှောက်ပေးရန် တပ်ဖွဲ့များ အီရတ်သို့ စေလွှတ်ပေးရန် အမေရိကန်ပြည်ထောင်စုက ဧပြီလအတွင်းက မေတ္တာရပ်ခံထားခဲ့သည်။

ထိုစဉ်က အမေရိကန်၏တောင်းဆိုချက်ကို ပါကစ္စတန်နိုင်ငံက ငြင်းဆိုခဲ့သည်။ ကုလသမဂ္ဂစောင့်ရှောက်မှု သို့မဟုတ် အစ္စလာမ်နိုင်ငံများ ကွန်ဖရင့်အဖွဲ့တို့က တောင်းဆိုလာမှသာ ပါကစ္စတန်တပ်များ ပို့လွှတ်ပေးမည်ဖြစ်ကြောင်း ပြန်ကြားခဲ့သည်။

ပါကစ္စတန်တပ်ဖွဲ့များကို ကျူးကျော်ရေးတပ်များနှင့် အတူတူသာဖြစ်သည်ဟူသောအမြင်မျိုး အထင်မခံလိုခြင်းနှင့် ပြည်တွင်းအတိုက်အခံများက စစ်ဆန့်ကျင်ရေး ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နေခြင်းများသည် ပါကစ္စတန်အစိုးရ၏ တပ်များမစေလွှတ်ရေး အဆုံးအဖြတ်အပေါ် ဩဇာသက်ရောက်ခဲ့ဟန်ရှိသည်ဟုဆိုသည်။

မိမိတို့အနေဖြင့် အီရတ်တွင် အာဏာလွှဲပြောင်းရေးကိစ္စကို ကြိုဆိုပါသည်။ ထိုကိစ္စသည် အီရတ်နိုင်ငံအတွက် ဖြစ်ပေါ်သင့်သောခြေလှမ်းအဆင့်များအနက် မှန်ကန်သောအဆင့်တစ်ဆင့်သာဖြစ်သည်ဟု ခန်းကဆက်လက်ပြောကြားခဲ့သည်။ အီရတ်တွင်ဖြစ်ပေါ်နေသော လုံခြုံရေးအခြေအနေမှာ ကျေနပ်ဖွယ်ရာမရှိပါ၊ သို့ရာတွင် အီရတ်ပြည်သူများ ရင်ဆိုင်နေရသောပြဿနာများကို ပြေပျောက်သွားစေမည့် တိုးတက်မှုများဖြစ်ထွန်းလာမည်ဟု မျှော်လင့်ကြောင်း ခန်းက ဖြည့်စွက်ပြောကြားခဲ့သည်။

အင်တာနက်။

ဇွန် ၁၁ ရက်က ဘဂ္ဂဒက်မြို့ ဆာဒါစီတီးခရိုင်တွင် ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါအား ထောက်ခံ အင်အားပြနေသည့် အီရတ်များကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဘူဂေးရီးယားတပ်ဖွဲ့ဝင်အားလုံး အီရတ်မှ ရုပ်သိမ်းသွားမည်

ဆိုဖီယာ ဇွန် ၁၂

ဘူဂေးရီးယားနိုင်ငံသည် တည်ငြိမ်အေးချမ်းမှုမရှိသော အီရတ်နိုင်ငံတွင် ဖြန့်ကြက်ထားသည့် တပ်ဖွဲ့ဝင် ၄၅၀ စလုံးကို ရုပ်သိမ်းမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး ဆော်လ်မွန်ပက်ဆီက စနေနေ့တွင် ပြောကြားသည်။

သတင်းထုတ်ပြန်

ဘူဂေးရီးယားတပ်ဖွဲ့သည် အီရတ်တွင် ၂၀၀၅ ခုနှစ်ထက် ကျော်လွန်အောင် စခန်းချမည် မဟုတ်ကြောင်း၊ အီရတ်ကြားဖြတ်အစိုးရအဖွဲ့၏ တောင်းဆိုချက်နှင့်အညီ တပ်ဖွဲ့ရုပ်သိမ်းရေးဆိုင်ရာ တိကျသော အချိန်ဇယားတစ်ခုကို ဘူဂေးရီးယား အစိုးရအဖွဲ့က ရေးဆွဲသွားမည်ဖြစ်ကြောင်း ဘူဂေးရီးယား သတင်းဌာနက နိုင်ငံခြားရေးဝန်ကြီး၏ ပြောကြားချက်ကို ကိုးကားလျက် သတင်းထုတ်ပြန်သည်။

အီရတ်နိုင်ငံတွင် ဒီဇင်ဘာ ၂၇ ရက်က ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ ဘူဂေးရီးယားတပ်ဖွဲ့ဝင် ငါးဦးသေဆုံးခဲ့ရပြီး တပ်ဖွဲ့ဝင် ၂၆ ဦး ဒဏ်ရာရရှိခဲ့သည်။ အီရတ်နိုင်ငံတွင် ယင်းဖြစ်ရပ်ပေါ်ပေါက်ခဲ့ပြီးနောက်ပိုင်း ပေါ်ပေါက်သည့် တိုက်ခိုက်မှုများကြောင့် နောက်ထပ် ဘူဂေးရီးယား တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး တပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိသည်။

ခွင့်ပြုပေး

အီရတ်နိုင်ငံတွင် စခန်းချထားသော ဘူဂေးရီးယားတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် အများအပြားသည် ဌာနပြန်ခွင့် ရရှိရန် လျှောက်ထားခဲ့ကြသည်။ ဘူဂေးရီးယား တပ်ဖွဲ့ဝင် ၄၂ ဦးသည် အီရတ်နိုင်ငံတွင် ဆက်လက်တာဝန်ထမ်းဆောင်ရန် တာဝန်ပေးမှုကို ပယ်ချခဲ့ပြီးနောက် ၄၆ ဦးကို ဌာနေပြန်ရန် အထက်အရာရှိများက ခွင့်ပြုပေးလိုက်သည်။

ထိုစဉ်အတွင်း အီရတ်နိုင်ငံသို့ စေလွှတ်ရန် တာဝန်ပေးခံရသူ တပ်ဖွဲ့ဝင် ၁၅ ဦးအထိ ယင်းနိုင်ငံတွင် တာဝန်ထမ်းဆောင်နိုင်ခြင်းမရှိဟု တင်ပြလျှောက်ထားခဲ့ကြသည်။ *အင်တာနက်။*

ကျောက်တော်ကြီး ဘုရားသုံးဆူကျောင်း ပဋ္ဌာန်းပူဇော်မည်

ရန်ကုန် ဇွန် ၁၄

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် နှင်းဆီကုန်းဘူတာအနီး နန္ဒင်းကုန်း ရပ်ကွက်ရှိ သမိုင်းဝင်ကျောက်တော်ကြီးကျောင်းတိုက်၏ ဦးစီးနာယကဆရာတော် ဘဒ္ဒန္တစန္ဒာဝံသအား အမှူးထား၍ တပည့်ဒါယကာများစုပေါင်းလှူဒါန်းထားသည့် ကြေးဆင်းတုတော်ငါးဆူ၏ ဗုဒ္ဓါဘိသေက အနေကဇာတင်နှင့် အကြိမ် (၃၀) မြောက် အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲကို အထက်ပါကျောင်းတိုက်၌ ဇွန် ၁၆ ရက်မှ ၂၀ ရက်အထိ ငါးရက်တိုင်တိုင် သံဃာတော် ၃၈ ပါးတို့က မဟာပဋ္ဌာန်းမြတ်ကို ရွတ်ဖတ်ပူဇော်မည်ဖြစ်သည်။ (က-ပ)

မြိုးခြံမြေ့တာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

နိုင်ငံတော်နှင့် ဒေသခံပြည်သူများအတွက် ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးစီမံချက်

စန်းလွင် (သစ်တော)

ကျွန်းကောင်းပေါက်ရာနယ်မြေ (Home of Teak)ဟု ကျော်ကြားခဲ့သည့် ပဲခူးရိုးမသည် ဧက ၁၂ ဒသမ ၅၃ သန်းခန့် ကျယ်ဝန်းပြီး မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တစ်စိတ်တစ်ဒေသစီ ပါဝင်နေကြပါသည်။ ပဲခူးရိုးမတွင် အဖိုးတန်ကျွန်းသာမက ပျဉ်းကတိုး၊ သစ်ရာ၊ အင်ကြင်း၊ သင်္ကန်း၊ ပိတောက်နှင့် အင်၊ ကညင် သစ်မျိုးများ ပေါက်ရောက်နေပြီး သစ်တောဖုံးလွှမ်းမှုမှာ ဧက ၆ ဒသမ ၉၉ သန်းခန့် ရှိနေပါသည်။ ကျွန်း၊ ပျဉ်းကတိုးနှင့် သစ်ရာပါဝင်နှုန်းမှာ ၁၀ ရာခိုင်နှုန်းအထက်ရှိနေရာ အလွန်တန်ဖိုးမြင့်သည့် သဘာဝတောတစ်ခုဖြစ်သည့်အပြင် ကြသောင်း၊ တင်း၊ မျှင်၊ သိုက်၊ ဝါးမျိုးပေါင်း ၂၀ ကျော်နှင့် ကြိမ်များသာမက သစ်တောသယံဇာတ အရင်းအမြစ်များစွာ စုစည်းရာဒေသလည်းဖြစ်ပါသည်။

မြန်မာ့ရွေးချယ်ခုတ်လှဲနည်းစနစ် ဖြင့် အရွယ်ရောက်ပြီး သတ်မှတ်ကန့်သတ်လုံးပတ် ပြည့်မီသည့် သစ်များကိုသာ စနစ်တကျနှင့် စဉ်ဆက်မပြတ် ထုတ်ယူနေသည့် မြန်မာနိုင်ငံတွင် ပဲခူးရိုးမမှ နှစ်စဉ်ကျွန်းသစ်လုံးတန် ၃၀၀၀၀ နှင့် သစ်မာသစ်လုံးတန် ၂၀၀၀၀၀ ကျော်ထုတ်လုပ်နိုင်ပြီး ရရှိသည့် ပြည်တွင်း၊ ပြည်ပဝင်ငွေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့သည်မှာ ကာလကြာရှည်ခဲ့ပြီဖြစ်ပါသည်။ အလားတူ တိုင်၊ မျော၊ ထင်း၊ မီးသွေး၊ ဝါး၊ ကြိမ်စသည့် သစ်တောထွက်ပစ္စည်းများကို ဒေသခံလူထုသုံးစွဲရန်နှင့် အလှမ်းမဝေးသည့် ရန်ကုန်မြို့ အပါအဝင် မြို့ကြီးများသို့ ပို့ဆောင်ရောင်းဝယ်ဖောက်ကားရာတွင် ပဲခူးရိုးမတောများသည် အဓိက ထုတ်လုပ်ရာဒေသဖြစ်ခဲ့ကြောင်း မှတ်တမ်းအထောက်အထားများ ရှိခဲ့ပါသည်။

သစ်တောသယံဇာတများ ပြုန်းတီးပျက်စီးမှုကို ရေတိုကုစားရန် မလွယ်ကူလှပါ။ သဘာဝထက် လူ့ပယောဂကြောင့် ပျက်စီးမှုမှာ ပိုမိုပြင်းထန်ပါသည်။ မူလအခြေအနေမျိုး ပြန်ရောက်ရန် မမျှော်မှန်းနိုင်လောက်အောင် အချိန်ကာလ ကြာမြင့်နိုင်ပြီး ငွေကြေးအကုန်အကျခံကာ ခက်ခဲစွာ လုပ်ဆောင်ကြရလေ့ရှိပါသည်။ အချိန်မီကုစားခြင်းမပြုပါက မိုးလွန်မှထွန်ချရသည့်ဘဝမျိုး ကြုံတွေ့နိုင်ပါသည်။

ပဲခူးရိုးမသဘာဝတောမှာ ရင်မောစရာဖြစ်နေပါပြီ။ အိုမင်းနေသည့် စက်ရုံဟောင်းတစ်ခုနှင့် ပမာပြုလိုပါသည်။ ဝန်နှင့်အားမမျှသည့်ဒဏ်ကို မချိမဆံ့ ခံစားနေရသည့်အသွင် မြင်တွေ့ရပါသည်။ ဖြစ်ရခြင်း အကြောင်းရင်းများမှာ တရားမဝင် ခိုးယူခုတ်လှဲမှု၊ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးမှု၊ သစ်နှင့်သစ်တောထွက် ပစ္စည်းများကို စနစ်တကျထုတ်လုပ်ရန် ပျက်ကွက်မှုနှင့် သစ်တောမြေမှ အခြားမြေအဖြစ် ပြောင်းလဲအသုံးချမှုတို့ ပါဝင်ကြောင်း ဆန်းစစ်တွေ့ရှိရပါသည်။

ပဲခူးရိုးမ၏ သဘာဝပတ်ဝန်းကျင်ယိုယွင်းမှုကို ဝေဟင်မှ ကိုယ်တိုင်ကြည့်ရှုစစ်ဆေးခဲ့သည့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ သစ်တောရေးရာဝန်ကြီးဌာနက **ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးစီမံချက်** ကို ရေးဆွဲစေခဲ့ပြီးဖြစ်ပါသည်။ စီမံချက်ကာလမှာ ငါးနှစ်ဖြစ်ပြီး ၂၀၀၄ ခုနှစ် ဧပြီလမှစတင်ကာ ၂၀၀၉ ခုနှစ် မတ်လအထိ ကြာမြင့်မည်ဖြစ်ပါသည်။ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးစီမံချက်တွင် အဓိကလုပ်ငန်းများအဖြစ် သဘာဝတောများ ထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းနှင့် သစ်နှင့်သစ်တောထွက်ပစ္စည်းများ စနစ်တကျထုတ်လုပ်အသုံးချရန် အစီအမံများ ပါဝင်ကြပါသည်။ သုံးပွင့်ဆိုင် တာဝန်ယူကြရမည့်သူများမှာ ဒေသအာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်၊ ဒေသခံလူထုနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ရှိဝန်ထမ်းများဖြစ်ပြီး ပူးပေါင်းစုစည်းမှုအားဖြင့် ဆောင်ရွက်မှသာ အောင်မြင်မှုအဆင့်အတန်း မြင့်မားမည်ဟု မျှော်မှန်းရပါသည်။

သဘာဝတောများ ထိန်းသိမ်းရာတွင် လုပ်ရိုးလုပ်စဉ် ထိန်းသိမ်းပြုစုမျိုးဆက်လုပ်ငန်းများသာမက သစ်တောနယ်မြေများတွင် ဝင်ရောက်၍ ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ခြင်းနှင့် သစ်နှင့်သစ်တောထွက်ပစ္စည်းများ တရားမဝင်ထုတ်လုပ်မှု မရှိစေရေးတို့အတွက် ဒေသအာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်၏ ကြီးကြပ်လမ်းညွှန်မှုကို ခံယူ၍ ထိရောက်စွာ ဟန့်တားထိန်းသိမ်းပေးရန်နှင့် ရေးအစဉ်အဆက်က ကျူးကျော်တောင်ယာများအား သီးနှံသစ်တော ရောနှောတည်ထောင်မှုအခြေခံသည့် ကုန်းမြင့်လယ်ယာစနစ် ကူးပြောင်းစေရန် သစ်တောဦးစီးဌာန အပါအဝင် သက်ဆိုင်ရာဌာနများက ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

သစ်တောစိုက်ခင်းများ တည်ထောင်ရာတွင် စီးပွားရေးစိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်း၊ စက်မှုကုန်ကြမ်းစိုက်ခင်း ဧက ၁၈၀၀၀၀ ခန့်ကို ပဲခူးရိုးမတောင်ပေါ်ရှိ ကြိုးဝိုင်းမြေတွင် တည်ထောင်ပြီး နိုင်ငံတော်အတွက် ရင်းနှီးမြှုပ်နှံမည့်အပြင် ဒေသခံပြည်သူလူထု ရေရှည်သုံးစွဲနိုင်စေရန် “ကျေးရွာသုံးစိုက်ခင်း” ဧက ၂၀၀၀၀ ကျော်ကို ရိုးမတောင်ခြေတွင် ဒေသခံပြည်သူလူထု ကိုယ်တိုင်စိုက်ပျိုးပိုင်ဆိုင်သုံးစွဲနိုင်စေရန် တည်ထောင်ပေးမည်ဖြစ်ရာ ဒေသသုံး ထင်း၊ မျော၊တိုင်၊ မီးသွေးများကို ပဲခူးရိုးမတောများမှ ခုတ်ယူအသုံးပြုရန် အားပြုမှုလျော့နည်းလာစေမည်ဖြစ်ပါသည်။ ၎င်းအပြင် ရတနာတန်းဝင် ကျွန်းမျိုးစေ့နှင့် ပျိုးပင်များကို သစ်ထုတ်ပြီး တောပျက်နေသည့်ကြိုးဝိုင်းဧက ၁ ဒသမ ၃၃ သန်းတွင် သဘာဝ ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်သည့် ကွက်လပ်ဖြည့်စိုက်ပျိုးခြင်းစနစ်ဖြင့် တောတန်ဖိုးမြင့်လာစေရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သစ်နှင့်သစ်တောထွက်ပစ္စည်းများ စနစ်တကျထုတ်လုပ်အသုံးချရန် အစီအမံများ အောင်မြင်စေရန် စေတနာပါ ပေါင်းစပ်ကြိုးပမ်းရမည့် လုပ်ငန်းများဖြစ်ပါသည်။ ဒေသခံများ အရိုးစွဲနေသော ကြိုက်သည့်နေရာမှ ကြိုက်သလို သစ်တောထွက်ပစ္စည်းစုသိမ်းခြင်းအစား စနစ်တကျနေရာသတ်မှတ်ပြီး သဘာဝသယံဇာတများ ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်စေမည့် နည်းလမ်းများဖြင့် ထုတ်လုပ်စေရန် စည်းရုံးပညာပေးခြင်း၊ လက်တွေ့ပြသခြင်းများသာမက လိုအပ်ပါက စီမံခန့်ခွဲရေး နည်းလမ်းများဖြင့် တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပဲခူးရိုးမတောင်ခြေတွင် အမှီပြုနေကြသည့် ဒေသခံပြည်သူများ သုံးစွဲနိုင်ရန်အတွက် ပဲခူးရိုးမမှ သစ်တောထွက်ပစ္စည်းများအား မှန်ကန်သည့် နည်းစနစ်များဖြင့် ထုတ်လုပ်အသုံးပြုခွင့် ပေးသွားမည်ဖြစ်သော်လည်း အခြားဒေသများသို့ စီးပွားဖြစ်ရောင်းချရန် ထုတ်လုပ်မှုများကိုမူ အရင်းကို မထိခိုက်စေဘဲ အတိုးကိုရေရှည်ထုတ်ယူသုံးစွဲသည့် စနစ်မျိုးဖြင့် ကန့်သတ်ခွင့်ပြုသွားမည်ဖြစ်ပါသည်။ ဥပမာအားဖြင့် - အရွယ်ရောက် ငါးနှစ်သားဝါးရုံမှ ဝါးကို စနစ်တကျ နည်းမှန်လမ်းမှန်ခုတ်စေရန် လက်တွေ့ပြသခြင်း၊ သတ်မှတ်ခုတ်ကွက်များမှ အလှည့်ကျခုတ်စေခြင်း၊ ဝါးကုန်သည်များအား ဝါးစိုက်ခင်းများ ထူထောင်စေခြင်း၊ ဝါးထွက်ကုန်ပစ္စည်းများဖြစ်သည့် (မျှစ်၊ ထရံ၊ ဝါးကတ်၊ ဝါးအမိုး၊ ဝါးကြမ်းခင်း ပါကေး၊ ဝါးတူ၊ ဝါး Particle Board၊ တောင်း၊ ဖျာ၊ ခမောက်၊ ပရိဘောဂစသည်များ)ကို အဆင့်မြင့်မြင့် ထုတ်လုပ်ရန်နှင့် ထိုက်တန်စွာ ဈေးကွက်ရရှိရန်အတွက် နည်းပညာပံ့ပိုးခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ထင်း၊ မီးသွေးထုတ်လုပ်မှုကို ကျေးရွာသုံးစိုက်ခင်းနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများမှ သတ်မှတ်ခုတ်ပတ်ဖြင့် စနစ်တကျထုတ်လုပ်စေပြီး ထင်းကုန်ကျမှု ၄၀ ရာခိုင်နှုန်း သက်သာသည့် စွမ်းအားမြင့်အဝေမ်းမီးဖိုအလုံးရေ ၃၀၀၀၀၀ ခန့်ကို ဒေသခံလူထုကိုယ်တိုင် ထုတ်လုပ်သုံးစွဲမှုပြုနိုင်စေရန် အားပေးကူညီဆောင်ရွက်မည့် အစီအစဉ်များလည်း ပါဝင်ပါသည်။ ပဲခူးရိုးမတောင်ခြေရှိ ကျေးရွာများမှပြည်သူလူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို ရယူ၍ မိုးရာသီ လူထုလှုပ်ရှားမှုအစီအစဉ်ဖြင့် “ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးသစ်ပင်စိုက်ပွဲတော်” များ ကျင်းပကာ ပျိုးပင်ပေါင်း ၂၄ သန်းခန့် ဖြန့်ဖြူးစိုက်ပျိုးစေမည်ဖြစ်ရာ သစ်တောမူဝါဒနှင့်အညီ သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများစနစ်တကျ အသုံးချရေးလုပ်ငန်းများတွင် ဒေသခံပြည်သူလူထုအတွင်း နိုးကြားတက်ကြွလာသည့်အသိ ရှင်သန်နေစေခြင်းကို အကောင်အထည်ဖော်သည့် လုပ်ငန်းဖြစ်ပါသည်။ သို့ဖြစ်ရာ ပွဲပြီးမီးသေ သဘောမျိုးမဖြစ်စေဘဲ **စိုက်ပြီးအပင်အားလုံးရှင်၊ စိုက်ပြီးနောက်ဒေသခံမှထိန်းသိမ်းစောင့်ရှောက်** ဆိုသည့် ခံယူချက်မျိုး ရရှိစေရေး ဝိုင်းဝန်းစည်းရုံး ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ဒေသခံပြည်သူလူထုနှင့် ဒေသအာဏာပိုင် အဖွဲ့အစည်းအဆင့်ဆင့် တို့၏ ပံ့ပိုးမှုရရှိမှသာ အောင်မြင်မှုမြန်ဆန ရေရှည်ခံမည်ဖြစ်ပါ၍ **ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးစီမံချက်** ကို သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးကိုယ်တိုင် သက်ဆိုင်ရာတိုင်း၊ ခရိုင်၊ မြို့နယ်အာဏာပိုင်အဖွဲ့အစည်းများနှင့် သစ်တောဝန်ထမ်းများအား တွေ့ဆုံရှင်းလင်းတင်ပြညှိနှိုင်း ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးစီမံကိန်းကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် တိုင်း၊ ခရိုင်၊ မြို့နယ်များတွင် ကော်မတီအဆင့်ဆင့် ဖွဲ့စည်း၍ စနစ်တကျစီမံဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဖွဲ့စည်းကာ သယံဇာတများ ပြုန်းတီးမှုမရှိစေဘဲ စနစ်တကျအသုံးချရန် အလေးထား ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်ပါသည်။ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးစီမံချက်သည် သစ်တောသယံဇာတသာမက သဘာဝသယံဇာတ အရင်းအမြစ်များအား ထိန်းသိမ်းပြီး ရေရှည်အသုံးချသွားနိုင်ရန် ရည်ရွယ်သည့်အပြင် ပဲခူးရိုးမတောတောင်ရေမြေအမှီပြုနေကြသည့် ပြည်သူများအတွက် ကောင်းမွန်သည့် သဘာဝပတ်ဝန်းကျင် ရရှိလာရေး အလေးပေးထားသည့် စီမံချက်ဖြစ်ပါ၍ အောင်မြင်အောင် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

သံဃာဒါန ဆွမ်းဆန်စိမ်း လောင်းလှူမည်

ရန်ကုန် ဇွန် ၁၄

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် နိုင်ငံတော် သာစုပရိယတ္တိ စာသင်တိုက် အတွင်း၌ ရွှေညဝါသင်တန်း အောင်ပွဲနှင့် မဟာဘွဲ့နှင်းသဘင် အခမ်းအနားကို ဇွန် ၂၀ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပပြီး သံဃာတော် အပါး ၁၀၀၀ ကျော်တို့အား သံဃာဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်ဖြစ်သည်။ (က-ပ)



မေ ၂၅ ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးတင်ချို့နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအောင်ငွေတို့ ဝိုင်းမော်မြို့နယ် မိုင်းနားကျေးလက် ကျောက်ချောလမ်းကို စစ်ဆေးရာ ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဋ္ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းထွန်းဝင်းတို့က လမ်းပြီးစီးမှုအခြေအနေကို ရှင်းလင်းပြောကြားစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၅-၆-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မြဝတီအဖွင့်
၇း၀၅	၂။ အဖွင့်သီချင်း
၇း၁၀	၃။ မျိုးချစ်တပ်မတော်
၇း၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။ မြန်မာသံစဉ်ချိုနှာဝင်
၇း၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈း၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။ မြဝတီအဖွင့်
၄း၀၅	၂။ အဖွင့်သီချင်း
၄း၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၅	၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၀	၇။ မျိုးချစ်တပ်မတော်
၅း၀၀	၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** - New Worlds to Conquer (အင်္ဂလိပ်စာအထူးပြုအားလုံး)
၅း၃၀	၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်း ကြိုးပမ်းစို့
၅း၄၅	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။ နိုင်ငံတကာသတင်း
၆း၂၀	၁၃။ မိုးလေဝသသတင်း
၆း၂၅	၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀	၁၅။ မြန်မာ့ရှုခင်း
၆း၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ဘဏ်ကျယ်လေး” (အပိုင်း-၃၁)**
၈း၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၂။ ယနေ့ညအတွက်တေးလက်ဆောင်
	၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ပြည်သူ့တရားရှင်၊နှစ်မြှာအသည်း မိုက်ခဲညီနောင်” (အပိုင်း-၄)**
	၂၄။ သင့်အတွက်မနက်ဖြန်
	၂၅။ အပိတ်နှုတ်ဆက်စကား
	၂၆။ ပြီးပါပြီ။

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

နယ်စပ်ဒေသတွင် စိုက်ပျိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ချင်းပြည်နယ် ဟားခါးမြို့နယ်မှ လက်ဖက်စိုက်ခင်းကို တွေ့ရစဉ်။ *(ဓာတ်ပုံ-သန့်ဇင်ထွန်း၊ကြေးမုံ)*

ပဲခူးတိုင်း သနပ်ပင်မြို့နယ်အတွင်း ကျေးလက် ပြည်သူများ သွားလာမှု အဆင်ပြေစေရန်အတွက် စစ်တောင်းတူးမြောင်းပေါ်တွင် တည်ဆောက် ထားသည့် မင်းရွာ-ကျောင်းစု တံတားသစ်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-သတင်းစဉ်)*

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဒေါက်ရပ်-ခဲမောက်ကျေးလက်လမ်းကို တိုးချဲ့ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

(မြို့နယ်စည်ပင်)



ပဲခူးတိုင်းအနောက်ခြမ်း သာယာဝတီခရိုင်အတွင်း စိုက်ပျိုးရေပေးဝေနိုင်ရေးအတွက် တည်ဆောက်ပေးခဲ့သော သုံးဆယ်ရေလှောင်တမံကို ဤသို့တွေ့ရသည်။ *(ဓာတ်ပုံ-ငွေအောင်၊ကြေးမုံ)*

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၁၂ရက်က စစ်ကိုင်းတိုင်း ပုလဲမြို့ ပုလဲရတနာခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တစ်ဆင့် စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ် ရွှေစာရေးကျေးရွာအနီး ချင်းတွင်းမြစ် (ရွှေစာရေး) မြစ်ကျဉ်း အထက်ဘက် နှစ်မိုင်အကွာရှိ ချင်းတွင်းမြစ် (ရွှေစာရေးအထက်) ရေလှောင်တမံစီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

အစီအစဉ်အရ လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က ချင်းတွင်းမြစ်၏ ရေစီးဆင်းမှုပမာဏနှင့် မြစ် ဝဲ/ယာတစ်လျှောက် စိုက်ပျိုးရေးအတွက် အကျိုးပြုနိုင်မှုအခြေအနေ၊ ချင်းတွင်းမြစ်ကျဉ်း

နိုင်ငံတော်က ဆောင်ရွက်ပေးထားသော အခြေခံကောင်းများကို ထိထိရောက်ရော ပိုမိုတိုးတက်ဖွံ့ဖြိုးသည်ထက်ဖွံ့ဖြိုးအောင် ကျရာအခန်းကဏ္ဍမှ တာဝန်သိသိ ဝိုင်း

❀ ရှေ့ဖုံးမှ

လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လူနာခန်းများ၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်း ပုလဲမြို့သို့ရောက်ရှိကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပုလဲမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး လူနာခန်း၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်းနှင့် ဓာတ်ခွဲခန်းတို့ကို ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ် ဒေါက်တာခင်မောင်နှင့် တာဝန်ရှိသူများက လိုက်လံပြသရှင်းလင်းကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြို့နယ်ပြည်သူ့ဆေးရုံအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပုလဲမြို့ ပုလဲရတနာခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

အစီအစဉ်အရပုလဲမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထင်ကျော်အေးက မြို့နယ်၏တည်နေရာနှင့်အကျယ်အဝန်း၊မြို့နယ်ဖွဲ့စည်းမှုနှင့် အိမ်ခြေ၊ အိမ်ထောင်စုဦးရေ၊ မိုးစပါးအပါအဝင် မိုးသီးနှံစိုက်ပျိုးမှု၊ ဆောင်းသီးနှံစိုက်ပျိုးမှု၊ ဒေသဝမ်းစာဖူလုံမှုနှင့် ဒေသဆီဖူလုံမှုအခြေအနေ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားမှု၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးရှိရေးအပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းလိုအပ်ချက်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အရောက်လာ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြသည့် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် စစ်ကိုင်းတိုင်းအတွင်းရှိ မြို့နယ်များသို့ ရောက်ရှိခဲ့သော်လည်း အခါအခွင့်မသင့်၍ မရောက်ရှိနိုင်ဘဲကျန်ရစ်နေသည့်ပုလဲမြို့ကို ယနေ့မဖြစ်ဖြစ်အောင် ရာသီဥတု မကောင်းသည့်ကြားမှ အရောက်လာရောက်ခြင်းဖြစ်ကြောင်း။

မြို့နယ်၏ တင်ပြချက်များအရ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍအလိုက် လိုအပ်ချက်များကို စိစစ်ရာအမှန်လိုအပ်မှုရှိသဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးပြီးဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေး၊ ဒေသတွင်း စီးပွားရေးတောင့်တင်းခိုင်မာရေးအတွက် နိုင်ငံတော်အပိုင်းက ပံ့ပိုးအထောက်အကူပြုသကဲ့သို့ ဒေသခံပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များကလည်း ညီညီညွတ်ညွတ် ပူးပေါင်း၍ မိမိတို့တတ်နိုင်သည်များကို အားထုတ်လုပ်ကိုင်ကြရန် လိုအပ်ကြောင်း။

ကြိုးပမ်းလုပ်ကိုင်

မိမိမြို့နယ်၊ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးကို အဓိကအားဖြင့် ဒေသခံပြည်သူများကလည်း အစိုးရ၏ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင် အကောင်အထည်ဖော်သွားကြရမှာဖြစ်ကြောင်း၊ ပုလဲမြို့နယ်၏ စပါးစိုက်ပျိုးထုတ်လုပ်မှု အခြေနေအရ ဒေသဝမ်းစာ ဖူလုံမှုအခြေအနေမှာ အားနည်းနေဆဲဖြစ်၍ ဆန်စပါး

တိုးတက်ထုတ်လုပ်ရေးကို နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းလုပ်ကိုင်ရန် လိုကြောင်း။

ဒေသဝမ်းစာဖူလုံရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ ဒေသစိမ်းလန်းစိုပြည်ရေး စသည့် ဒေသအကျိုးပြုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ကြရာ၌ သူ့တာဝန် ကိုယ့်တာဝန်၊ သူ့ဌာန၊ ကိုယ့်ဌာနဟူ၍ ကန့်သတ်ခွဲခြားနေ၍ မဖြစ်ဘဲ ဖွဲ့စည်းတာဝန်ပေးထားသည့် ကော်မတီများအလိုက် စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းတာဝန်ယူမှု၊ စုပေါင်းလုပ်ကိုင်မှုတို့ဖြင့် အားလုံးဝိုင်းဝန်း လုပ်ကိုင်ကြရန် ဖြစ်ကြောင်း။

တာဝန်သိသိ

မြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်မှု၊ ခရိုင်အလိုက်ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပြီး ခရိုင်အလိုက် ဖွံ့ဖြိုးတိုးတက်မှလည်း ပြည်နယ်၊ တိုင်းများ ဖွံ့ဖြိုးမှာဖြစ်လို့ နိုင်ငံတော်အပိုင်းက စစ်ကိုင်းတိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ကိုင်ဆောင်ရွက်ပေးထားသော အခြေခံကောင်းများကို အပြည့်အဝ ထိထိရောက်ရောက် အသုံးချပြီး ပိုမိုတိုးတက်ဖွံ့ဖြိုးသည်ထက်ဖွံ့ဖြိုးအောင်၊ ဖွံ့ဖြိုးမှုအရှိန်အဟုန် မြင့်မားအောင် ကျရာအခန်းကဏ္ဍမှ တာဝန်သိသိ ဝိုင်းဝန်းပူးပေါင်း အားထုတ်လုပ်ကိုင်ကြရန်ဖြစ်ကြောင်း မှာကြားရှင်းလင်းသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပုလဲမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ကြီးအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မုံရွာမြို့

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် မုံရွာမြို့သို့ ရောက်ရှိကြရာ လယ်ယာစိုက်ပျိုးရေး

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၁၂ရက်က စစ်ကိုင်းတိုင်းပုလဲမြို့ ပုလဲရတနာခန်းမ၌ပုလဲမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ကြီးအားပေးအပ်စဉ်။ (သတင်းစဉ်)

နှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ရွှေစာရေးစီမံကိန်း

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် မုံရွာမြို့မှ

အမျိုးသားကျန်းမာရေးကော်မတီ... ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ဇွန်... ပြည်သူ့ဆေးရုံအတွင်းကြည့်ရှုစစ်ဆေး...

ရွှေစာရေးဒေသ ပတ်ဝန်းကျင်၌ ရေလှောင်တမံ တည်ဆောက်ရန် ကွင်းဆင်းလေ့လာ တိုင်းတာတွေ့ရှိချက်၊ ရေလှောင်တမံ တည်ဆောက်ပြီးစီးပါက ကန်ရေပြည့် ရေလှောင်ပမာဏမှာ ၅ ဒသမ ၅သန်း ဧကပေ ရှိမည်ဖြစ်ပြီးချင်းတွင်းမြစ် ဝဲ/ယာ ရေသောက်ဧရိယာမှာ ဧက ၂၉၀၀၀၀ နှင့် ရေအားလျှပ်စစ်ဓာတ်အား ၆၀၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ဇွန်၁၂ရက်က စစ်ကိုင်းတိုင်း ကလေးဝမြို့ ပြည်သူ့ဆေးရုံအတွင်းကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



တစ်ဆင့် စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ် ရွှေစာရေးကျေးရွာအနီး ချင်းတွင်းမြစ် (ရွှေစာရေး) မြစ်ကျဉ်းအထက်ဘက် နှစ်မိုင်အကွာရှိ ချင်းတွင်းမြစ် (ရွှေစာရေးအထက်) ရေလှောင်တမံစီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

အစီအစဉ်အရ လုပ်ငန်းခွင် ရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွှန့်တင်က ချင်းတွင်းမြစ်၏ ရေစီးဆင်းမှုပမာဏနှင့် မြစ် ဝဲ/ယာတစ်လျှောက် စိုက်ပျိုးရေးအတွက် အကျိုးပြုနိုင်မှုအခြေအနေ၊ ချင်းတွင်းမြစ်ကျဉ်း

...ားကို ထိထိရောက်ရောက်အသုံးချ ...ာမှ တာဝန်သိသိ ဝိုင်းဝန်းလုပ်ကိုင်

ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားသည်။

အူကြောင်းနေရာ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ချင်းတွင်းမြစ် လက်ယာဘက်ကမ်းရှုရပ်မှနေ၍ ရေလှောင်တမံ

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ဇွန်၁၂ရက်က စစ်ကိုင်းတိုင်း ပုလဲမြို့ ပြည်သူ့ဆေးရုံအတွင်းကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရွှေစာရေးဒေသ ပတ်ဝန်းကျင်၌ ရေလှောင်တမံ တည်ဆောက်ရန် ကွင်းဆင်းလေ့လာ တိုင်းတာတွေ့ရှိချက်၊ ရေလှောင်တမံ တည်ဆောက်ပြီးစီးပါက ကန်ရေပြည့် ရေလှောင်ပမာဏမှာ ၅ ဒသမ ၅သန်း ဧကပေ ရှိမည်ဖြစ်ပြီးချင်းတွင်းမြစ် ဝဲ/ယာ ရေသောက်ဧရိယာမှာ ဧက ၂၉၀၀၀၀ နှင့် ရေအားလျှပ်စစ်ဓာတ်အား ၆၀၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က ရွှေစာရေး ပတ်ဝန်းကျင်အထက်ပိုင်း၌ ရေလှောင်တမံတည်ဆောက်ရန် ရွေးချယ်ထားသောနေရာ၏ ဘူမိဗေဒ အခြေအနေနှင့် စူးစမ်းလေ့လာတွေ့ရှိချက်များ၊ ချင်းတွင်းမြစ်ရေကိုလွှဲပြီး ရေလှောင်တမံ တည်ဆောက်မည့် နည်းစနစ်အပါအဝင် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်မည့် အခြေအနေများကို ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြ အူကြောင်းနေရာ ရွေးချယ်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဒေသခံရွာသူရွာသားများအား ရင်းရင်း နှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဘုတလင်မြို့သို့ရောက်ရှိကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဘုတလင်မြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ဒေါက်တာလှဝင်းနှင့် ဆရာဝန် ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ခွဲစိတ်ခန်း၊ လူနာခန်း၊ ဓာတ်မှန်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအတွက်လိုအပ်ချက်များကိုဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဘုတလင်မြို့

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဘုတလင်မြို့ မြဝတီခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

အစီအစဉ်အရ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းက မြို့နယ်အတွင်း မိုးစပါး၊ နွေစပါးစိုက်ပျိုးနိုင်မှု၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စားဖိုချောင်သီးနှံ၊ ဝါနှင့်အခြားသီးနှံများ စိုက်ပျိုးနိုင်မှု၊ စပါးစိုက်ဧကတိုးချဲ့နိုင်ရေးနှင့် အထွက်နှုန်းတိုးရေး ဆောင်ရွက်ထားမှု၊ ဒေသဝမ်းစာဖူလုံမှု အခြေအနေ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ထားမှု အခြေအနေ၊ သောက်သုံးရေရရှိရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဒေသဝမ်းစာဖူလုံရေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လူမှုရေး၊ ပညာရေး ၊ လမ်းပန်းဆက်သွယ်ရေး အပါအဝင် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို မေးမြန်းစိစစ်ဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် ဘုတလင်မြို့သည် မုံရွာမြို့နှင့် အလှမ်းမကွာဝေးသော်လည်း မိမိအနေဖြင့် တစ်ကြိမ်မျှမရောက်ရှိခဲ့ဖူး၍ ယခုကဲ့သို့ ရောက်ရှိအောင် ကြိုးစားလာရောက်ခြင်းဖြစ်ကြောင်း၊ ဘုတလင်မြို့နယ်သည် ယခုထက်တိုင် ဒေသ ဝမ်းစာဖူလုံမှုမရှိသေးသဖြင့် ဒေသဝမ်းစာဖူလုံအောင် ဆန်စပါး တိုးတက်စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်ကြောင်း၊ ဒေသဝမ်းစာဖူလုံရေး စီမံချက်များသည် စာရွက်ပေါ်၌သာ ရေးဆွဲထားသော စီမံချက်များ မဖြစ်စေဘဲ လက်တွေ့ကျကျ၊ ထိထိမိမိ အကောင်အထည်ဖော်နိုင်သည့် စီမံချက်များဖြစ်ရန်လိုကြောင်း။

ရင်းနှီးမှုပမာဏများပြား

နိုင်ငံတော်သည် ခနဥစ္စာကြွယ်ဝချမ်းသာမှု မရှိသော်လည်း စစ်ကိုင်းတိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၁၂ရက်က ဘုတလင်မြို့ မြဝတီခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုကြီး၏ နယ်မြေဒေသတစ်ခုနှင့်တစ်ခုအကြား၊ မြို့ပြနှင့်ကျေးလက်ဒေသအကြား၊ နယ်စပ်ဒေသနှင့် အတွင်းပိုင်းဒေသများအကြား ကွာဟမှုများမရှိစေဘဲ မျှမျှတတ ဟန်ချက်ညီ ဖွံ့ဖြိုးလာအောင် လုပ်နိုင်မှသာရေရှည်၌ ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ စီးပွားရေးဘဝ၊ လူနေမှုဘဝမြင့်မားသည်ထက် မြင့်မားပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပိုမိုအထောက်အကူပြုစေမှာဖြစ်ကြောင်း။

ထို့အပြင် နိုင်ငံတော်၏ ရည်ရွယ်ချက်နှင့် သဘောထားကို နားလည်သဘောပေါက်ပြီး မိမိမြို့နယ်၊ မိမိဒေသဖွံ့ဖြိုးတိုးတက်အောင်၊ ထိုမှတစ်ဆင့် နိုင်ငံတော်ကြီးတစ်ရပ်လုံးဖွံ့ဖြိုးတိုးတက်အောင် စေတနာရှေ့ထား၍ ဝီရိယအားစိုက်ထုတ်ပြီး ကြိုးပမ်းလုပ်ကိုင်ကြရန် လိုအပ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ပေးအပ်

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဘုတလင်မြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ကြီးအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် မုံရွာမြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန်၁၂ရက်က ဘုတလင်မြို့ အခြေခံပညာအထက်တန်း ကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့်ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇွန်၁၂ရက်က ဘုတလင်မြို့ မြို့နယ်ပြည်သူ့ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆောင်ရွက်ပေးထားသည့် ရင်းနှီးမှုပမာဏမှာ များပြားလှပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လမ်းပန်း ဆက်သွယ်ရေး ကဏ္ဍ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးကဏ္ဍစသည်ဖြင့် ကဏ္ဍအလိုက်လိုအပ်သည့် အခြေခံများကို ထူထောင်ပေးထားပြီးဖြစ်ကြောင်း၊ အလားတူ အခြားပြည်နယ်၊ တိုင်းများ၌လည်း လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်၍ ဖွံ့ဖြိုးတိုးတက်မှု အခြေခံများကို တည်ဆောက်ပေးလျက်ရှိကြောင်း။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၃-၆-၂၀၀၄

ရေး	-	၄ဒသမ ၀၉လက်မ
မော်လမြိုင်	-	၃ဒသမ ၇၀လက်မ
ထားဝယ်	-	၂ဒသမ ၈၀လက်မ

ဂျပန်နိုင်ငံ Ibaraki Prefecture မှ မီးသတ်မော်တော်ယာဉ်ခြောက်စီး၊ သူနာတင်မော်တော်ယာဉ်ငါးစီး စုစုပေါင်း မော်တော်ယာဉ် ၁၁စီး ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင်ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ် ကျော်ဝင်းက မီးသတ်မော်တော်ယာဉ် ခြောက်စီးအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် စိန်ထွားထံ လွှဲပြောင်းပေးအပ်စဉ်။

(သတင်းစဉ်)

ဂျပန်နိုင်ငံ Ibaraki Prefecture မှ မော်တော်ယာဉ် ၁၁စီး ပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၁၄

ဂျပန်နိုင်ငံ lbaraki Prefecture မှ မီးသတ်မော်တော်ယာဉ်ခြောက်စီး၊ သူနာတင်မော်တော်ယာဉ်ငါးစီး စုစုပေါင်းမော်တော်ယာဉ် ၁၁စီး ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်)ဥ္ကကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ တပ်မတော်ထောက်လှမ်းရေးဌာနချုပ်ရုံးမှ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E Mr. Yugi Miyamoto၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာအလှူရှင် lbaraki Prefecture မှ ကိုယ်စားလှယ် Mr. Usui Heihachio က ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ်ထံ မော်တော်ယာဉ် ၁၁စီးနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ပေးအပ်လှူဒါန်းပြီး လှူဒါန်းရခြင်း၏အကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက မီးသတ်မော်တော်ယာဉ်ခြောက်စီးကို လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသို့လည်းကောင်း၊ သူနာတင်ယာဉ်ငါးစီးကို ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သို့လည်းကောင်း လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ Tokyo Myanmar Association မှ Mr. Nagai Nobuo က မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ မြန်မာဘာသာပြန်ဆိုထားသော ဂျပန်ကလေးပုံပြင် ရုပ်စုံစာအုပ်များကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသည့် ဒေါ်ကြင်ခိုင်နှင့် ဒေါ်ဌေးဌေးတို့က လက်ခံကြသည်။ ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက လှူဒါန်းမှုများအတွက် ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးများ၊ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အလှူရှင်များသည် လှူဒါန်းထားသည့် မော်တော်ယာဉ်များကို လှည့်လည်ကြည့်ရှုကြသည်။ (သတင်းစဉ်)

ဂျပန်နိုင်ငံ Ibaraki Prefecture မှ မီးသတ်မော်တော်ယာဉ်ခြောက်စီး၊ သူနာတင်မော်တော်ယာဉ်ငါးစီး စုစုပေါင်းမော်တော်ယာဉ် ၁၁စီး ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက သူနာတင်ယာဉ်ငါးစီးကို ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်ထံ လွှဲပြောင်းပေးအပ်စဉ်။

(သတင်းစဉ်)

ဂျပန်နိုင်ငံ Ibaraki Prefecture မှ မီးသတ်မော်တော်ယာဉ်ခြောက်စီး၊ သူနာတင်မော်တော်ယာဉ်ငါးစီး စုစုပေါင်းမော်တော်ယာဉ် ၁၁စီး ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် အလှူရှင် Ibaraki Prefecture မှ ကိုယ်စားလှယ် Mr. Usui Heihachio က ဒုတိယ တပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းထံ မော်တော်ယာဉ် ၁၁စီးနှင့် ပတ်သက်သည့် စာရွက်စာတမ်းများ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ဂျပန်နိုင်ငံ Ibaraki Prefecture မှ မီးသတ်မော်တော်ယာဉ်ခြောက်စီး၊ သူနာတင်မော်တော်ယာဉ်ငါးစီး စုစုပေါင်းမော်တော်ယာဉ် ၁၁စီး ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် အလှူရှင် Tokyo Myanmar Association မှ Mr.Nagai Nobuo က မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ မြန်မာဘာသာပြန်ဆိုထားသော ဂျပန်ကလေးပုံပြင် ရုပ်စုံစာအုပ်များကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ မိခင်ကလေးစောင့်ရှောက်ရေးအသင်းမှ အဖွဲ့ဝင် ဒေါ်ကြင်ခိုင်နှင့် ဒေါ်ဌေးဌေးတို့က လက်ခံယူကြစဉ်။

(သတင်းစဉ်)

ဂျပန်နိုင်ငံ Ibaraki Prefecture မှ မီးသတ်မော်တော်ယာဉ်ခြောက်စီး၊ သူနာတင်မော်တော်ယာဉ်ငါးစီး စုစုပေါင်း မော်တော်ယာဉ် ၁၁စီးပေးအပ်လှူဒါန်းပွဲတွင် မော်တော်ယာဉ်များကို တွေ့ရစဉ်။

(သတင်းစဉ်)

ဇွန် ၁၂ရက်က ရန်ကင်းမြို့နယ် ကျောင်းမိသားစု အုပ်စု(၃)၏ ၂၀၀၄ ခုနှစ် အမျိုးသားပညာရည် မြင့်မားရေး နှီးနှောဖလှယ်ပွဲနှင့် အီလက်ထရောနစ် နည်းစနစ်သုံး ပညာရေးစီမံခန့်ခွဲမှုသင်တန်း လုပ်ငန်းလမ်းညွှန်ချက်များထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားမှုများကို ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းနှင့် အဖွဲ့ဝင်များ ကြည့်ရှုအားပေးစဉ်။

(က–ပ)

နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ ငွေကျပ်သုံးသိန်းလှူဒါန်း

ရန်ကုန် ဇွန် ၁၄

လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၆) ဝန်ထမ်းသက်သာချောင်ချိရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် တည်ဆောက်လျက်ရှိသော သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီးအတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ မေ ၂၄ရက်က လာရောက်လှူဒါန်းကြောင်း သိရသည်။ (က–ပ)

ထစ်ချုန်းရွာမည်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း(၈၀) ဖြစ်သည်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၅–၆–၂၀၀၄ (အင်္ဂါနေ့)

၁၃၆၆ခုနှစ်၊ နယုန်လပြည့်ကျော်(၁၃)ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ကဗျာပန်းဥယျာဉ်
၈:၁၅ ၆။ နှောင်းခေတ်တေးပဒေသာ
၈:၃၀ ၇။ International News.
၈:၄၅ ၈။ Grammar Made Easy.
၉:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြုများ) (ရုက္ခဗေဒ)
၅:၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅:၃၀ ၇။ လဂွမ်းပြင်ရေလှောင်တမံ
၅:၃၅ ၈။ ခံစားနားဆင်တေးဓာတ်ဝင်
၅:၄၅ ၉။ ကယားတို့နေထိုင်ရာ တိုင်းရင်းသားကျေးရွာ
၅:၅၀ ၁၀။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၃၀ ၁၁။ ညနေခင်းသတင်း
၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၃။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
၇:၂၀ ၁၄။ ကြေးမုံရိပ်သွင် တေးနှယ်ဉ် "သွေး"
၇:၃၅ ၁၅။
၇:၄၀ ၁၆။ ကျေးလက်ဒေသတစ်ခွင်အလှဆင်
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ အချစ်ဆိုသည်မှာ (အပိုင်း–၄၈)**
၁၀:၃၀ ၂၁။ **EURO 2004 ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ချက်နှင့်လတ်ဗီးယား)**
၀၁:၁၅ ၂၂။ **EURO 2004 ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဂျာမနီနှင့်ဟော်လန်)**
၂၃။ နောက်တစ်နေ့အစီအစဉ်
၂၄။ အစီအစဉ်ပြီး၏။

❐ **အမျိုးသားညီလာခံမှ** သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့

အမျိုးသားညီလာခံ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲ ခန်းမ(၁)၌ ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပါတီမှ ဦးထွန်းရင်လောက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၃)မှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဖြူနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရင်ရင်သန်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်လာသည့် ညီလာခံကိုယ်စားလှယ် ရာခိုင်နှုန်းအားဖြင့် ၉၃ ဒသမ ၁၀ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ယင်းနောက်သဘာပတိ ဦးထွန်းရင်လောက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များအပေါ် "ဝ"အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ အကြံပြုဆွေးနွေးချက်စာတမ်းကို "ဝ"အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးညီပလုပ်က ဖတ်ကြားတင်သွင်းသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို နံနက် ၉နာရီ ၅၅ မိနစ်တွင် ရပ်နားလိုက်သည်။

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့

အမျိုးသားညီလာခံ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို နံနက် ၁၀နာရီတွင် ပြည်ထောင်စုခန်းမ၌ ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဒူးဝါးဇုတ်ဒေါင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကရင်ပြည်နယ်မှ ဦးမန်းအုံးမောင်နှင့် တနင်္သာရီတိုင်းမှ ဦးမောင်လှ(ခ)ဦးလှမြင့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့ (၅)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထွန်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွန်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၆၃၃ဦး အနက် ၆၁၂ဦးတို့ တက်ရောက်၍ ရာခိုင်နှုန်းအားဖြင့် ၉၆ ဒသမ ၆၈ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

အမျိုးသားညီလာခံ အစုအဖွဲ့ဖြစ်သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးတွင် အလှည့်ကျသဘာပတိ ဦးထွန်းရင်လော အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက် စာတမ်းကို ရှမ်းပြည်နယ်မှ ဦးခွန်ကျော်သူ၊ ကချင်ပြည်နယ်မှ ဒေါ်အင်ဘရန့်ဒွဲဘူနှင့် ဧရာဝတီတိုင်းမှ နန့်ဥမ္မာမြတို့က ဖတ်ကြားတင်ပြကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ဆက်လက်၍ အကြံပြုချက်စာတမ်းကို ရခိုင်ပြည်နယ်မှ ဒေါ်မခင်ဝင်းနှင့် မန္တလေးတိုင်းမှ ဦးအောင်ထွန်းတို့က ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို မွန်းလွဲ ၁၂နာရီ ၁၅မိနစ်တွင် ရပ်နားလိုက်သည်။

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့

အမျိုးသားညီလာခံ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘာပတိအဖွဲ့နှင့် စာတမ်းရှင်များ ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၁၁နာရီတွင် ဆွေးနွေးပွဲ ခန်းမ(၂)၌ ကျင်းပရာ သဘာပတိအဖွဲ့ဝင်များဖြစ်ကြသော မြို့(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးစံသာအောင်၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးမောင်ကြီး၊ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးယောအေးလှ၊ ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးလော်ဆင်ကွမ်း၊ စာတမ်းရှင် အမျိုးသားညီလာခံကိုယ်စားလှယ်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၄)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်ဖြူတင့်၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်နွယ်တို့ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များအပေါ် ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်ခြောက်ဦးတို့ စုပေါင်းတင်ပြသည့် အကြံပြုစာတမ်းနှင့် စပ်လျဉ်း၍ သဘာပတိအဖွဲ့နှင့် စာတမ်းရှင်များ ညှိနှိုင်းဆွေးနွေးကြပြီး ညှိနှိုင်းဆွေးနွေးပွဲကို ညနေ ၃နာရီတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

အမျိုးသားညီလာခံ အစုအဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘာပတိအဖွဲ့နှင့် စာတမ်းရှင်များ ညှိနှိုင်းဆွေးနွေးပွဲ ပြုလုပ်စဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ အစုအဖွဲ့ဖြစ်သည့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့ အလှည့်ကျသဘာပတိ ဒူးဝါးဇုတ်ဒေါင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် အလှည့်ကျသဘာပတိ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ဒူးဝါးဇုတ်ဒေါင်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ၏ ရှင်းလင်း တင်ပြချက်များအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်သွင်းမည့် တိုင်းရင်းသားလူမျိုး

မြန်မာ့ရုပ်ရှင်သမိုင်းစဉ်(ငွေရတုကာလ)စာအုပ်ထုတ်ဝေ

ရန်ကုန် ဇွန် ၁၄

ဦးမြင့်စိုး(ဒဂုန်မြင့်စိုး) တည်းဖြတ်စုစည်း ဖြည့်ဆည်းပြုစုသော မြန်မာ့ရုပ်ရှင်သမိုင်းစဉ် (ငွေရတုကာလ) ၁၉၂၀–၁၉၄၅ခုနှစ် စာအုပ်ကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ထုတ်ဝေလိုက်သည်။

ဤစာအုပ်ကို ၁၉၉၅ခုနှစ်အောက်တိုဘာလ မြန်မာ့ရုပ်ရှင် စိန်ရတုသဘင်ကျင်းပခဲ့စဉ်ကပင် ရုပ်ရှင်သမိုင်းပြုစုရေးကော်မတီဖွဲ့စည်းလျက် ဆောင်ရွက်ခဲ့သည်။

စာအုပ်တွင် နိုင်ငံတော်အတွင်း အနှစ်နှစ်အလလက ထုတ်ဝေခဲ့သော သတင်းစာ၊ ဂျာနယ်၊ စာစောင်၊ မဂ္ဂဇင်းများမှ မြန်မာ့ရုပ်ရှင်သမိုင်းစဉ်ဖြစ်ရပ်များ၊ မြန်မာ့ရုပ်ရှင်ကို စတင်ခဲ့ကြသော ပညာရှင်ကြီးများ၊ မြန်မာ့ ရုပ်ရှင်သမိုင်းကို လက်ဆင့်ခံယူနေသော အနုပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များအား လူကိုယ်တိုင် တွေ့ဆုံမေးမြန်းပြုစုဖော်ပြထားသည်။

ပန်းသတင်းဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၁၄

New Century Group မှ စီစဉ်သော ပန်းသတင်းဂျာနယ် အတွဲ (၂)၊ အမှတ် (၂၀)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

၂၀၀၄ခုနှစ်ကုန်တွင် တရုတ်ပြည်၏ ဆဲလ်ဖုန်းကိုင်ဆောင်နိုင်မှု အခြေအနေ၊ လွန်ခဲ့သောနှစ်ပေါင်း ၉၅သန်းက ဆာဟာရ၊ MTV ဇာတိပုည၊ ဂုဏ်မာနဖြင့်၊ သံပဟုန်းစုန်း၊ ဘက်မဲ့ကြိုးသား၊ ဝင့်ကြွားတက်ကြွစွာ ထက်မြက်လှုပ်ရှားနိုင်ခဲ့သည့် မြန်မာ့ရုပ်ရှင်၏ သမိုင်းမှတ်တိုင်စာအုပ်ဖြစ်ပြီး စာပေဗိမာန်နှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ဖြန့်ချိထုတ်ဝေကြောင်းသိရသည်။ (က–ပ)

Awards ဆုပေးပွဲ၊ ဥရောပတွင် လူကြိုက်များပြီး အောင်ပွဲခံခဲ့တဲ့ မန္တလေး ရုပ်သေးအဖွဲ့၊ Euro 2004 နဲ့ MM Box အထူးအစီအစဉ်၊ နယ်စပ်ကုန်စည်အသင်း၊ မန္တလေးသတင်း၊ ပြည်တွင်းကုန်စည်သတင်း၊ နိုင်ငံတကာသတင်းစသည်ဖြင့် ပါရှိသည်။ သစ္စာနီ၏ မျိုးသုဉ်းတော့မည့် သဘာဝတရားကြီး၊ မောင်တည်ငြိမ်၏ အဖထက်သားတစ်လကြီးစမ်းကြပါစေ၊ မြတ်သစ်၏ လာမာဂေါဝိန္ဒ၏ ပုံပြင်များ၊ ရွှေကူမေနှင်း၏ အိုမင်းခြင်းရဲ့တန်ဖိုး၊ စိုးထိုက်၏ မြင့်မြတ်သောကြာ စသည့် ဆောင်းပါးများလည်း ပါဝင်သည်။

ပန်းသတင်းဂျာနယ်ကို အမှတ် (၁၃၈) မြေညီထပ် လမ်း ၄၀ ကျောက်တံတားမြို့နယ် ရန်ကုန်၊ ဖုန်း–၂၄၃၆၃၃မှ ဖြန့်ချိပြီး မန္တလေး ထွန်းဦးစာပေမှ အထက်မြန်မာပြည်သို့ ဖြန့်ချိသည်။ (က–ပ)

ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကျင်းပရေး ညှိနှိုင်း

ရန်ကုန် ဇွန် ၁၄

၂၀၀၄ခုနှစ် ဇူလိုင် ၃ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ဇွန် ၂၆ရက်တွင် အမျိုးသားဇာတ်ရုံ၌ကျင်းပမည့် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ ကျင်းပရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၂ရက်တွင် ရန်ကုန်မြို့ သံလွင်လမ်းရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ အဝတ်အစားရွေးချယ်ရေးဆပ်ကော်မတီအဖွဲ့ခေါင်းဆောင် ဒေါ်ထွေးထွေးညွှန့်၊ စင်တင်ဖျော်ဖြေရေးဆပ်ကော်မတီ၊ ဖက်ရှင်မယ်များ စုဆောင်းရွေးချယ်ရေးဆပ်ကော်မတီ အဖွဲ့ခေါင်းဆောင် ဒေါ်ခင်သက်ဌေး၊ တေးဂီတတင်ဆက်ရေးဆပ်ကော်မတီအဖွဲ့ခေါင်းဆောင် ဒေါ်အေးအေး၊ ဘဏ္ဍာငွေရှာဖွေရေး နှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ ဖိတ်ကြားရေး၊ ကြိုဆိုရေး၊ နေရာချထားရေးနှင့် ပြန်ကြားရေးဆပ်ကော်မတီအဖွဲ့ခေါင်းဆောင် ဒေါ်ခင်အေးကျင်၊ အခမ်းအနား ပြင်ဆင်ရေးဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများတက်ရောက်ကြသည်။ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆပ်ကော်မတီအသီးသီးတို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို တင်ပြကြပြီး ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က လိုအပ်သည်တို့ကို ဖြည့်စွက်မှာကြားသည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့်သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေနိုင်ရေးအတွက် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ပဒေသာကပွဲဖြင့် ဖျော်ဖြေတင်ဆက်ရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အဖွဲ့ဝင်များ၊ ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များအား အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်က ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေကို အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား အနုပညာဦးစီးဌာန အနုပညာရှင်များက ပဒေသာကပွဲဖြင့် ဖျော်ဖြေတင်ဆက်

ရန်ကုန် ဇွန် ၁၄

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ စိတ်အပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေးအစီအစဉ်များကို နေ့စဉ် ည ၇နာရီမှ စတင်ကာ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိရာ ယမန်နေ့ညပိုင်းတွင် မင်းသားများဖြစ်ကြသော ဉာဏ်ဝင်းနှင့် သန်းထွဋ်အောင်၊ မင်းသမီးများဖြစ်ကြသော ကြူကြူခိုင်၊ ချောစုမျိုး၊ နှင်းနှင်းဝေ၊ ဝါဝါလှိုင်၊ ဝင်းဝင်းမြိုင်နှင့် ရွှေရည်ဝင်း၊ လူရွှင်တော်များဖြစ်ကြသော သီးလေးသီး ညီအစ်ကိုများဖြစ်ကြသည့် စိန်သီး၊ ကြယ်သီး၊ ပန်းသီးနှင့် ဇီးသီးတို့ပါဝင်သည့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက အလှဖြာဝေပုပ္ပားမြေ၊ သာယာလှပ မင်းသားအက၊ ဒဿဂီရိ သစ္စာပန်းစိုက်ခန်း၊ "အ"အက္ခရာအောင်ပါစေနှင့် နှစ်ပါးအလှ သုခုမ ပဒေသာကပွဲတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါ ဖျော်ဖြေတင်ဆက်ရာသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ကော်မရှင်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဖျော်ဖြေကြသည့် အနုပညာဦးစီးဌာနမှ အနုပညာရှင်များအား အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေကို အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ပေးအပ်ချီးမြှင့်ရာ အနုပညာရှင်များကိုယ်စား မင်းသား ဉာဏ်ဝင်းနှင့် သန်းထွဋ်အောင်တို့က လက်ခံကြသည်။

(သတင်းစဉ်)

စွမ်းအင်က အချိန်ပိုတွင် ရွှေဂိုးဖြင့် အနိုင်ရဗိုလ်စွဲ လက်ရှိချန်ပီယံ ဘဏ္ဍာ/ အခွန် ဒုတိယသာရရှိ

သတင်းဆောင်းပါး - ညီညီစိုးညွန့်
ဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)

ရန်ကုန် ဇွန် ၁၄

၂၀၀၃-၂၀၀၄ ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းပိတ်(ရှုံး/ထွက်) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းနှင့် စွမ်းအင်အသင်းတို့သည် ယနေ့ညနေ ၃နာရီခွဲက လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြရာ စွမ်းအင်အသင်းက အချိန်ပိုတွင် ရွှေဂိုးဖြင့် အနိုင်ရကာ အဆင့်မြင့်တန်းရှုံးထွက် ချန်ပီယံသရဖူ ဆွတ်ခူးသွားသည်။

စွမ်းအင်အသင်း - နှစ်ဂိုး။
[နိုင်ဝင်းနှင့် ကြည်အောင်(ရွှေဂိုး)]
ဘဏ္ဍာ/အခွန် - တစ်ဂိုး။
(မျိုးလှိုင်ဝင်း)
အကောင်းဆုံးဆု - နိုင်ဝင်း(စွမ်းအင်)
ဒိုင်လူကြီး - ဦးသိန်းမြိုင်။

နှစ်သင်းစလုံး ချန်ပီယံဆုကြီးနှင့် လက်တစ်ကမ်းအကွာသို့ ရောက်ရှိနေ၍ အနိုင်ရဗိုလ်စွဲရေး တက်ကုန်ရွက်စုံဖွင့်၍ ရေကုန်ရေခန်း ကစားခဲ့ကြသော်လည်း စွမ်းအင်အသင်းက တစ်သင်းလုံး အတက်အဆင်းညီညီ အချိတ်အဆက်မိမိကစားကာ အချိန်ပို၌ ချန်ပီယံဖြစ်စေမည့် အနိုင်ဂိုး(ရွှေဂိုး)ကို သွင်းယူနိုင်လိုက်သဖြင့် ယခုကဲ့သို့ ချန်ပီယံဆုကြီးကို ဆွတ်ခူးရရှိသွားခြင်း ဖြစ်သည်။ စွမ်းအင်အသင်းသည် ၁၉၈၇ခုနှစ် ကွင်းပိတ်ချန်ပီယံ ဖြစ်ခဲ့ပြီးနောက်ပိုင်း ချန်ပီယံဆုနှင့် အလှမ်းဝေးနေရာ ယခု (၁၇)နှစ်ကြာမှ ချန်ပီယံဆုကို ပြန်လည်ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဘဏ္ဍာ/အခွန် အသင်းမှာလည်း ပထမဦးဆုံးအကြိမ် နှစ်ရာသီဆက်တိုက် ဖလားသုံးခုရရေး ကြိုးစားခဲ့သော်လည်း ကွင်းပိတ်ချန်ပီယံသရဖူနှင့် လွဲခဲ့ရသည်။

ပွဲစသည်ဆိုသည်နှင့် နှစ်သင်းစလုံး အမြန်နှုန်းတင်ကာ ဂိုးရရေးကြိုးစားကြသည်။ ပွဲအစပိုင်း၌ ဘဏ္ဍာ/အခွန်အသင်းကပို၍ ဖိကစားနိုင်ခဲ့ပြီး ဂိုးရနိုင်မည့်အခြေအနေ လေးကြိမ်ရှိခဲ့သော်လည်း တိုင်ထိ၊ ဂိုးသမားမိ၊ ဘေးထွက်ဖြစ်ခဲ့၍ သေချာပေါက်ဂိုးများနှင့် လွဲချော်ခဲ့ရသည်။ မိနစ် ၂၀ ကျော်နောက်ပိုင်းတွင် စွမ်းအင်က ကွင်းလယ်ကို စိုးမိုးထားနိုင်၍ တစ်ကျော့ပြန်ကာ ဘဏ္ဍာ/အခွန်ဂိုးပေါက်ကို ပြန်လည်ခြိမ်းခြောက်နိုင်ခဲ့သည်။ စွမ်းအင်အသင်းလည်း ဂိုးရနိုင်သည့် အနေအထားများ ရှိခဲ့သော်လည်း အသုံးမချနိုင်၍ ပထမပိုင်းတွင် ဂိုးမရှိသရေဖြစ်နေသည်။

ဒုတိယပိုင်းတွင်လည်း ဘဏ္ဍာ/အခွန်အထနှေးနေ၍ စွမ်းအင် ပိုဖိထားနိုင်သည်။ ၁၁မိနစ်မှာပင် တိုက်စစ်မှူး နိုင်ဝင်း ဘဏ္ဍာ/အခွန် နောက်ခံလူများကိုလိမ်ကာ ပိုင်နယ်တီစည်းစပ်မှ လှလှပပကန်သွင်းလိုက်၍ စွမ်းအင် ဂိုးစတင်ရရှိသွားသည်။ ဂိုးပေးလိုက်ရ၍ ဘဏ္ဍာ/အခွန် ဂိုးပြန်ရရေး ကြိုးစားသော်လည်း စွမ်းအင်က ခံစစ်လုံအောင်ကစားပြီး တန်ပြန်တိုက်စစ်ဖြင့် ကစားနိုင်သောကြောင့် ဘဏ္ဍာ/အခွန် ထင်သလောက် တိုက်စစ်မဆင်နိုင်ခဲ့ပေ။

ဘဏ္ဍာ/အခွန်အသင်းသည် ချေပဂိုးရရေး ၁၄မိနစ်၌ ကျော်သူရ၊ ၂၄မိနစ်တွင် မျိုးလှိုင်ဝင်း၊ ၃၇မိနစ်တွင် ဝင်းအောင်တို့ကိုထည့်ကာ တိုက်စစ်အား မြှင့်တင်လာသည်။ ဘဏ္ဍာ/အခွန် တိုက်စစ်ကို စွမ်းအင်နောက်တန်းက အကွက်ကျကျ ပြန်လည်ဖျက်ထုတ်နိုင်ခဲ့သည်။

ပွဲချိန်စေ့၍ လေလွင့် ထပ်ဆောင်းပေးသည့် သုံးမိနစ်၌ လက်ရွေးစင်ဟောင်း မျိုးလှိုင်ဝင်းက ဘဏ္ဍာ/အခွန်အတွက် ချေပဂိုး ပြန်လည်သွင်းယူလိုက်နိုင်သည်။ စွမ်းအင်ဂိုးသမား ကျော်မင်းလှိုင်၌ ဘောလုံးကိုင်ထားချိန် ခြောက်စက္ကန့် ကျော်လွန်သွား၍ အပေးခံရသော ပြစ်ဒဏ်ဘောမှ ကန်သွင်းသွားခြင်းဖြစ်သည်။

မိနစ် ၉၀ ပြည့်သည်အထိ သရေဖြစ်နေ၍ အချိန်ပို ဆက်လက်ယှဉ်ပြိုင်ခဲ့ရသည်။ ဘဏ္ဍာ/အခွန်ကလည်း ချေပဂိုးရ၍ အားတက်နေသလို စွမ်းအင်ကလည်း ချန်ပီယံဖြစ်ရေး ရည်မှန်းချက်ဖြင့် ကြိုးစားကစားကြ၍ အချိန်ပိုတွင်လည်း ပွဲမှာ သွက်လက်နေသည်။ အချိန်ပို ပထမပိုင်း ၁၄မိနစ်တွင် ကြည်အောင်အဝေးမှ အမှတ်မထင်ကန်သွင်းရာ ဘဏ္ဍာ/အခွန် ဂိုးသမား အောင်အောင်ဦး ဖမ်းရာ လက်မှလွတ်ကျသွားသည်။ အဆိုပါ ဘောလုံးမှာ ဂိုးစည်းကျော်သွားသည်ဟု ကွင်းလယ်ဒိုင်က သတ်မှတ်သဖြင့် စွမ်းအင်ရွှေဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားခြင်းဖြစ်သည်။

ပွဲအပြီးတွင် ကြေးမုံက နှစ်ဖက်အသင်းအား ယနေ့ပွဲနှင့်ပတ်သက်၍ မေးမြန်းခဲ့သည်။ ရှေးဦးစွာ ကွင်းပိတ်ချန်ပီယံ စွမ်းအင်အသင်းနည်းပြ ဦးမျိုးဝင်းက "ယခုလို ချန်ပီယံဆုကြီးကို ရယူနိုင်၍ အတိုင်းမသိ ဝမ်းသာမိကြောင်း၊ မိမိတို့ ယခုအကြိမ်အပါအဝင်ဆိုလျှင် ကွင်းပိတ်ချန်ပီယံဆုကို (၇)ကြိမ်မြောက် ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့ ယခုပြိုင်ပွဲတွင် ဗိုလ်စွဲရေး အထူးပြင်ဆင်ခဲ့ကြောင်း၊ ဆီမီးပွဲတွင် ကျော်ခိုင်ဝင်း ထုတ်ခံရ၍ ဖိုင်နယ်ပွဲတွင် အခက်အခဲရှိခဲ့ကြောင်း၊ ယခုပွဲတွင် ၄-၁-၃-၂ ကစားကွက်ကို အခြေခံပြီး လိုသလို ပြောင်းကစားခဲ့ကြောင်း၊ တစ်ဖက်အသင်းကလည်း အသင်းကောင်းတစ်သင်းဖြစ်၍ အထူးကြိုးစားခဲ့ရကြောင်း၊ မိမိတို့အသင်းမှာ ကွင်းလယ်ကို အသာစီးယူ ကစားနိုင်ခဲ့ကြောင်း၊ ယခုအောင်မြင်မှုကို ဆက်လက်ထိန်းသိမ်းပြီး နောက်ရာသီတွင်လည်း အောင်မြင်မှုရအောင် ကြိုးစားမည်ဖြစ်ကြောင်း၊ မိမိတို့အသင်းကို စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးက ဂုဏ်ပြုဆုငွေများ လာရောက်ချီးမြှင့်၍ ကလေးတွေ စိတ်ဓာတ်တက်ရပါကြောင်း" ပြောကြားသည်။

ဘဏ္ဍာ/အခွန်အသင်း အုပ်ချုပ်သူ ဦးခင်မောင်ကြိုင်က "နှစ်သင်းစလုံး ကောင်းပါကြောင်း၊ ယခုပွဲမျိုးဖြစ်၍ ကျွန်တော်တို့အသင်း ပိုကြိုးစားရမည်ဖြစ်ကြောင်း၊ တစ်ဖက်အသင်းတွေက တိုးတက်လာ၍ မိမိတို့အသင်း ယခုထက်ပို၍ ကြိုးစားရမည်ဖြစ်ကြောင်း၊ နောက်ရာသီတွင် အကောင်းဆုံးပုံစံဖြစ်အောင် တည်ဆောက်မည်ဖြစ်ကြောင်း" ပြောကြားသည်။

စွမ်းအင်အသင်းတွင် ဂိုး-ကျော်မင်းလှိုင်၊ နောက်တန်း-အေးမင်းထွန်း (အောင်ခိုင်စိုး)၊ မင်းမင်းထွန်း၊ ဇော်ထက်အောင်၊ ကြည်အောင်၊ အောင်ကျော်မိုး၊ အလယ်တန်း-ရန်နောင်စိုး၊ ဝေယံမောင်(မျိုးဇော်ဦး)၊ ကျော်မျိုးဟန်(ဇော်မင်း)၊ ရှေ့တန်းတွင် နိုင်ဝင်းနှင့် ထွန်းထွန်းအေးတို့ ပါဝင်ကစားခဲ့ကြပြီး ဘဏ္ဍာ/အခွန်အသင်းတွင် ဂိုး-အောင်အောင်ဦး၊ နောက်တန်း-အောင်ဟိန်းလတ်၊ အောင်ထွန်းလင်း၊ စိုးမြတ်မင်း၊ အောင်ကျော်မြင့်၊ စိုးလင်းထွန်း၊ အလယ်တန်း-လွင်ဦး (မျိုးလှိုင်ဝင်း)၊ ထွန်းထွန်းဝင်း (ကျော်သူရ)၊ အောင်ကျော်မိုး၊ ရှေ့တန်း ရန်ပိုင်နှင့် ဇော်ထိုက် (ဝင်းအောင်)တို့ ပါဝင်ကစားခဲ့ကြသည်။ ၂၀၀၃-၂၀၀၄ ဘောလုံးရာသီအဖြစ် အဆင့်မြင့်တန်း ပြိုင်ပွဲ ပြီးစီးခဲ့ပြီဖြစ်ရာ ဘဏ္ဍာ/အခွန်အသင်းသည် ကွင်းဖွင့်နှင့် အမှတ်ပေးပြိုင်ပွဲတို့တွင် ချန်ပီယံဆုများကို ဆက်လက် ထိန်းသိမ်းနိုင်သော်လည်း ယခုကွင်းပိတ်ပွဲတွင် ဘဏ္ဍာ/အခွန် ချန်ပီယံဘွဲ့ လက်လွတ်ခဲ့ရပြီး ချန်ပီယံသစ် စွမ်းအင်အသင်း ပေါ်ထွက်ခဲ့ပြီဖြစ်သည်။ **(ကြေးမုံ)**

ဆုချီးမြှင့်

မြန်မာနိုင်ငံအိုလံပစ် ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရ အေးမြင့် ကွင်းပိတ်(ရှုံး/ထွက်) ပြိုင်ပွဲ ပထမဆုရ စွမ်းအင်အသင်းအား တံခွန်စိုက်ဒိုင်းဆု ချီးမြှင့်စဉ်။ ဓာတ်ပုံ- ခင်မောင်ဝင်း (ကြေးမုံ)

❒ အမျိုးသားညီလာခံမှ

ရှေးဦးစွာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် အမျိုးသားညီလာခံကို ကျင်းပခဲ့သည်မှာ ပဥ္စမပတ်အတွင်းသို့ ရောက်ရှိလာပြီဖြစ်ရာ ညီလာခံ၏ လုပ်ဆောင်ချက်များသည် ပိုမို၍ ပီပြင်လာပြီဖြစ်ကြောင်း၊ မကြာမီတွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေး ကျင်းပပြီး ကိုယ်စားလှယ်အစုအဖွဲ့အလိုက် အကြံပြုချက် စာတမ်းများကို ဖတ်ကြားတင်သွင်းကြမည်ဖြစ်ကြောင်း၊ ယခုအခါ ကိုယ်စားလှယ် အစုအဖွဲ့ အများစုတွင် အကြံပြုချက်စာတမ်းများကို ဖတ်ကြားပြီးဖြစ်နေကြပြီဖြစ်ကြောင်း၊ သို့ဖြစ်၍ ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအနေဖြင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ကိုယ်စားလှယ်အစုအဖွဲ့များ၏ အကြံပြုချက်စာတမ်းများကို အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် ချောမောပြေပြစ်စွာ တင်သွင်းဖတ်ကြားနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

စီမံခန့်ခွဲမှုအပိုင်းနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်များ၏ လိုအပ်ချက်များကို ပြည့်စုံစွာ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ညီလာခံကိုယ်စားလှယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုပါ အခါမလပ် သတိရှိစွာဖြင့် ကြိုတင်စီစဉ် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံ အနေဖြင့် ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော လေပြင်းတိုက်ခတ်မှုအတွက် အမျိုးသားညီလာခံကိုယ်စားလှယ်များက အလှူငွေများ ပေးလှူလိုကြကြောင်း ဆန္ဒပြုကြသည့်အတွက် ပေးလှူနိုင်ရေး စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ဖျော်ဖြေရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ အမျိုးသားညီလာခံကို ကြိုဆိုဂုဏ်ပြုထောက်ခံသောအားဖြင့် စေတနာရှင်များက အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ စီစဉ်ထားရှိမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် ဖတ်ကြားရန် အကြံပြုချက်စာတမ်းများကို ကိုယ်စားလှယ်အစုအဖွဲ့အလိုက် ဖတ်ကြားပြီးစီးမှုအခြေအနေ၊ သဘာပတိအဖွဲ့များထံသို့ အကြံပြုချက်စာတမ်းများ ပေးအပ်မှုအခြေအနေ၊ လုပ်ငန်းကော်မတီသို့ အကြံပြုစာတမ်းများ တင်ပြမှု အခြေအနေတို့ကိုလည်းကောင်း၊ အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ညီလာခံကိုယ်စားလှယ်များ၏ ကျန်းမာရေးပြုစုစောင့်ရှောက်မှုအတွက် ဆောင်ရွက်ထားရှိမှုနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင် သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသော အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် စီမံခန့်ခွဲမှုကော်မတီဝင်များက အမျိုးသားညီလာခံ ကျင်းပခြင်းဆိုင်ရာ အထွေထွေကိစ္စရပ်များကို တင်ပြဆွေးနွေးကြရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ပေါင်းစပ်ညှိနှိုင်းစီမံဆောင်ရွက်ပေးပြီး လိုအပ်သည်များကို မှာကြားကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁၀/၂၀၀၄)ကို နံနက် ၁၀နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

❍ ချက်နှင့်ပွဲမှ

ယခုတစ်ဖန် ချက်နှင့်လတ်ဗီးယား၊ ဂျာမနီနှင့်ဟော်လန် ပွဲစဉ်များက ပရိသတ်များအား တစ်နည်းတစ်ဖုံ ဘောလုံးပွဲအရသာကို ပေးလိမ့်ဦးမည်။ အုပ်စု(ဃ)၏ ပွဲဦးထွက်ပွဲစဉ်များကို ယနေ့ည စတင်ကစားတော့မည်။

ဇွန် ၁၅ ရက် (အင်္ဂါနေ့)
ည ၁၀း၃၀ နာရီ
ချက်-လတ်ဗီးယား

ချက်အသင်းဟုကြားလိုက်လျှင် ဂျူဗီမှ နက်ဗက်ကို မျက်စိထဲတန်းမြင်ကြမည်ဖြစ်သည်။ ချက်အသင်းသည် ယူရိုဖလားကို ၁၉၇၆ ခုနှစ်က တစ်ကြိမ်ရခဲ့ဖူးသည်။ ချက်သည် ဘောလုံးသုတေသီ ကျွမ်းကျင်သူပရိသတ်များ၏ အာရုံတွင် စွဲထင်ခြင်းမခံရသောအသင်း တစ်သင်းဖြစ်သည်။ ၎င်းမှာ ချက်အသင်း၏ ပုံရိပ်တစ်ခုဟု ဆိုနိုင်ပေသည်။ သို့ဖြစ်၍ ၂၀၀၄-ယူရိုပြိုင်ပွဲတွင် ချက်သည် ပရိသတ်မျှော်လင့်မထားသော အခြေအနေမှ "ကော်ကောင်" အသင်းအဖြစ် ပြောင်းလဲသွားနိုင်သည်။

အုပ်စုခြေစစ်ပွဲတွင် ချက်သည် ဟော်လန်၊ ဩစတြီးယား၊ မော်ဒိုဘာ၊ ဘီလာရုအသင်းများနှင့် ကစားခဲ့ရသည်။ အုပ်စုပထမနှင့် နောက်ဆုံးအဆင့်သို့ တက်လာသော အသင်းဖြစ်သည်။ နောက်ဆုံးအဆင့် အုပ်စုခွဲရာတွင် ချက်သည် အုပ်စုခြေစစ်ပွဲတွင် ကစားခဲ့ရသော ဟော်လန်အသင်းနှင့် ပြန်ကျသည်။

နည်းပြဆရာ ဘရက်စ်နာက ချက်အသင်းကို စုစည်းညီညွတ်မှုအားဖြင့် ကျစ်လျစ်စွာ ဖွဲ့စည်းထားသည်။ စနစ်နှစ်မျိုးဖြင့် ပုံဖော်ကစားရန် စီစဉ်ထားသည်။ ၄-၄-၂ သို့မဟုတ် ၄-၅-၂ ဖြစ်သည်။ အကယ်၍ ကွင်းလယ်ခံစစ်ကြောင်းကို အသားပေးလိုသည့်အခါ ၄-၅-၂ စနစ်ဖြင့် ကစားသွားမည်။ ပြိုင်ဘက်အသင်း၏ အခြေအနေပေါ်မူတည်ပြီး ပြောင်းလဲကျင့်သုံးမည့် စနစ်ဖြစ်သည်။ ချက်အသင်းမှာ ကွင်းလယ်တိုက်စစ် အရည်အသွေးရှိသော ကစားသမားအများအပြားရှိသည်။

တောင့်တင်းခိုင်မာသော ခံစစ်ဖြစ်အောင် နည်းပြဆရာ ဘရက်စ်နာက တည်ဆောက်ထားသည်။ ထိုမှ လျှပ်တစ်ပြက် တန်ပြန်တိုက်စစ် ကစားသွားဖို့ရန် စီစဉ်ထားသည်။ ချက်၏ တန်ပြန်တိုက်စစ်သည် အခြားသော ပြိုင်ဘက်အသင်းများထက် ပိုပြီး ထိရောက်ကာ ကြောက်စရာကောင်းသည်။ ယနေ့ ချက်ယှဉ်ပြိုင်ကစားမည့် လတ်ဗီးယားသည်လည်း ချက်ကဲ့သို့ပင် တန်ပြန်တိုက်စစ် မြန်ဆန်သောအသင်း ဖြစ်သည်။

လတ်ဗီးယားဆိုသည်မှာ ဆိုဗီယက်ပြည်ထောင်စုမှ ပေါက်ဖွားလာသော အသင်းဖြစ်သည်။ ဘောလုံးနှင့်အသက်မွေးဝမ်းကျောင်းပြုသူ ၁၀၀ လောက်သာ နိုင်ငံအတွင်းရှိသည်။ သို့သော်လည်း လတ်ဗီးယားသည် အုပ်စုပြိုင်ပွဲတွင် ပိုလန်၊ ဟန်ဂေရီ စသည့်အသင်းများကို ဖြတ်ကျော်ပြီး ဒုတိယရခဲ့သည်။ ထပ်ဆင့်အဆုံးအဖြတ် ခြေစစ်ပွဲကို တူရကီနှင့် ကစားရသည်။ တူရကီဆိုသည်မှာ ကျန်ခဲ့သော ကမ္ဘာ့ဖလားတွင် တတိယရခဲ့သော အသင်းဖြစ်သည်။ ၎င်းအသင်းကို ပထမအကျော့တွင် တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်သည်။ ဒုတိယအကျော့တွင် နှစ်ဂိုးစီ သရေကျသည်။ နှစ်ပွဲပေါင်း ၃-၂ ဖြင့်နိုင်ပြီး တက်လာခြင်းဖြစ်သည်။

လတ်ဗီးယားသည် ယခင်က ဆိုဗီယက်ပုံစံဟောင်းစနစ်ဖြင့် ကစားခဲ့သော်လည်း ယခုအခါ ခေတ်ပေါ်စနစ်သစ်ဖြင့် ကစားနေပြီဖြစ်သည်။ ရုရှားအသင်း၏ ကစားပုံကိုကြည့်လျှင် လတ်ဗီးယားသည်လည်း မည်သည့် ကစားဟန် ထွက်လာမည်ဆိုသည်ကို ခန့်မှန်းမိနိုင်မည်ဖြစ်သည်။ နည်းပြဆရာ စတားကော့ဗ်က ပြိုင်ပွဲအတော်များများတွင် ၄-၅-၁ ပုံစံ ကစားခဲ့သည်။ သို့သော် သူကစားလိုသော စနစ်မှာ ၄-၄-၂ ဖြစ်သည်။ လတ်ဗီးယား အရှုံးနှင့်ရင်မဆိုင်ရအောင် နည်းပြ စတားကော့ဗ် ရည်မှန်းထားသည်။

"ဘောလုံးကစားတဲ့နေရာမှာ ယှဉ်မရတဲ့ အသင်းမျိုးဆိုတာ မရှိပါဘူး။ ချက်၊ ဟော်လန်၊ ဂျာမနီအသင်းတွေနဲ့ ကစားခဲ့တာကို သတိရမိကြပါလိမ့်မယ်"ဟု ပြောထားသော နည်းပြဆရာ စတားကော့ဗ်၏စကားက မှတ်သားစရာကောင်းသည်။

ဇွန် ၁၆ ရက် (ဗုဒ္ဓဟူးနေ့)
နံနက် ၁း၁၅ နာရီ
ဂျာမနီ-နယ်သာလန်

ဂျာမနီသည် ဥရောပချန်ပီယံဖလားပြိုင်ပွဲတွင် အများဆုံးဗိုလ်စွဲခဲ့သော အသင်းဖြစ်သည်။ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ ဒုတိယရရှိခဲ့သော အသင်းဖြစ်သည်။ ဘရာဇီးပြီးလျှင် ဒုတိယကမ္ဘာ့ချန်ပီယံ အများဆုံးဖြစ်ခဲ့သောအသင်းလည်းဖြစ်သည်။ သို့သော်လည်း ၂၀၀၄-ယူရိုပြိုင်ပွဲတွင် ဂျာမနီအသင်းသည် ရေပန်းစားသော အသင်းများတွင် ပါဝင်ခြင်းမရှိချေ။

သို့ဖြစ်၍ ဂျာမနီအသင်းသည် ယခုပြိုင်ပွဲတွင် လေးကြိမ်မြောက် ဗိုလ်စွဲလိမ့်မည်ဟု ထင်ပါသလား။ ပထမအဆင့် ခြေစစ်ပွဲတွင် ဂျာမနီအသင်း၏ အနေအထားသည် အခြေအနေ ဆိုးရွားလှသည်။ ကမ္ဘာ့ဖလား ပြိုင်ပွဲပြီးသည့်နောက် အဆိုးရွားဆုံးအနေအထားဟု ပြော၍ရသည်။ သို့သော် နောက်ဆုံးအဆင့် ခြေစစ်ပွဲ၌ ဂျာမနီသည် စကော့တလန်၊ အိုက်စလန်၊ လစ်သူယေးနီးယား၊ ဖာရိုးအသင်းများကို ဖြတ်ကျော်ပြီး အုပ်စု ပထမရခဲ့သည်။

နောက်ဆုံးအဆင့်သို့ ရောက်ရှိလာသော ဂျာမနီအသင်းသည် ဒဏ်ရာရသူများနေသည်။

ထို့အပြင် အသင်း၏ အဓိက ကစားသမားများကလည်း သူတို့ကလပ်အသင်း၌ ခြေမပေါ်ဘဲဖြစ်နေကြသည်။ ထို့ကြောင့် နည်းပြဆရာ ရူဒီဗောလာက သူ့အသင်းအပေါ် စိုးရိမ်စိတ်ဝင်ခဲ့သည်။ အခွင့်အရေး သိပ်နည်းပါတယ်ဟု ဗောလာက မှတ်ချက်ပေးခဲ့သည်။ ဂိုးသမားကြီး အိုလီဗာခန်းနှင့် ကွင်းလယ်ကစားသမား ဘောလက်တို့က လက်စွမ်းပြ၊ ခြေစွမ်းပြနိုင်ကြသေးသည်။

နည်းပြဆရာ ရူဒီဗောလာက ခြေစစ်ပွဲများတွင် ၃-၅-၂ ပုံစံချ၍ ကစားသည်။ သို့သော် ခြေစမ်းပွဲများ၌ ၄-၄-၂ ပုံစံဖြင့် ကစားခဲ့သည်။ ယခုပြိုင်ပွဲတွင် ဂျာမနီသည် ၄-၄-၂ ပုံစံဖြင့် ထွက်လာနိုင်သည်။ လူကြီး၊ လူငယ်မျှပြီး ဖွဲ့စည်းထားသော ဂျာမနီသည် အုပ်စုမှ ကျွတ်ထွက်ရေးကို ပထမဦးစားပေး ဆောင်ရွက်သွားလိမ့်မည်။

"သူတို့ကစားပုံ မကောင်းပေမယ့်လည်း ဗိုလ်စွဲဖို့အတွက် အသေအလဲကြိုးစားလေ့ရှိကြပါတယ်" ဟု အင်္ဂလန်နည်းပြဆရာ အဲရစ်ဆန်က ပြောသည်။

ဂျာမနီနှင့် ပွဲဦးထွက်ကစားမည့် ဟော်လန်အသင်းသည်လည်း ဥရောပချန်ပီယံဖလားတွင် အစဉ်အလာ ရှိခဲ့ဖူးသည်။ ၁၉၈၈ ခုနှစ်က ချန်ပီယံဖြစ်ခဲ့သည်။ ထို့အပြင် ဟော်လန်သည် ဥရောပတွင် နာမည်ကြီး အသင်းတစ်သင်းဖြစ်သည်။ အင်္ဂါဒေးဗစ်နှင့် နစ္စတယ်ရွိုင်းတို့ကြောင့် ပို၍ လူသိများသည်။ သို့သော် ဟော်လန်သည် အုပ်စုခြေစစ်ပွဲတွင် ဒုတိယသာ ရရှိခဲ့သည်။ ထပ်ဆင့်အဆုံးအဖြတ် ခြေစစ်ပွဲ ကစားပြီးမှ နောက်ဆုံးအဆင့်သို့ ရောက်လာခြင်းဖြစ်သည်။

ဟော်လန်သည် အုပ်စုခြေစစ်ပွဲတွင် ချက်၊ ဩစတြီးယား၊ မော်ဒိုဘာ၊ ဘီလာရုအသင်းတို့နှင့် ကစားခဲ့သည်။ ချက်မှလွဲ၍ အခြားအသင်းများကို အနိုင်ရခဲ့သည်။ ချက်ကို ပထမပွဲ၌ တစ်ဂိုးစီ သရေကျသည်။ ဒုတိယအကျော့တွင် သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးသည်။ ၎င်းပွဲစဉ်ကြောင့် ဟော်လန်သည် အုပ်စုဒုတိယရပြီး စကော့တလန်နှင့် အဆုံးအဖြတ်ခြေစစ်ပွဲ ထပ်ဆင့်ကစားရသည်။ ပထမပွဲစဉ်တွင် ဟော်လန်သည် စကော့တလန်ကို တစ်ဂိုး-ဂိုးမရှိ ရှုံးသည်။ ဒုတိယအကျော့မှ ခြောက်ဂိုး-ဂိုးမရှိဖြင့် နိုင်ပြီး ခြေစစ်ပွဲ အောင်ခဲ့သည်။

ခြေစစ်ပွဲအောင်သော ဟော်လန်သည် နောက်ဆုံးအဆင့် အုပ်စုခွဲရာတွင် ချက်အသင်းနှင့်အတူ ပြန်ကျခဲ့လေသည်။ ဟော်လန်ပင် ဆက်၍ ကံဆိုးလေမလား၊ ချက်ကပင် ကံကောင်းဦးမလား စောင့်ကြည့်ရမည်ဖြစ်သည်။ ချက်အသင်းမှ စူပါစတားနက်ဗက်က "ကျွန်တော် မတွေ့ချင်တဲ့အသင်းက ဟော်လန်အသင်းပဲ၊ ၃-၁ နဲ့ ရှုံးခဲ့တဲ့ ရာဇဝင်ကြွေးကို သူတို့ ပြန်ဆပ်ကြလိမ့်မည်"ဟု ဟော်လန်၏ အနေအထားကို လှစ်ပြခဲ့သည်။ ထို့အပြင် ဂျာမနီနည်းပြဆရာ ရူဒီဗောလာကလည်း "တစ်ပွဲထက်တစ်ပွဲ ကောင်းလာမယ့် ထိပ်တန်းအသင်းတစ်သင်း ဖြစ်ပါတယ်"ဟူ၍ ဟော်လန်အသင်းအပေါ် အထင်တကြီး မှတ်ချက်ချခဲ့သည်။

ဟော်လန်အသင်းကို ၄-၃-၃ သို့မဟုတ် ၄-၄-၂ ပုံစံချကစားဖို့ နည်းပြဆရာ အက်(ဒ်)ပိုကက်က စီစဉ်ထားသည်။ သို့သော် ဟော်လန်သည် ၄-၄-၁-၁ ပုံစံဖြင့် ကစားသွားဖွယ်ရှိသည်။ နစ္စတယ်ရွိုင်းကို ရှေ့တွင်ထားပြီး ဗန်ဒါမတ်သို့မဟုတ် ကလွိုင်းဗတ်တို့က နောက်မှထောက်ကစားလိမ့်မည်။

လက်ရှိအနေအထားတွင် နှစ်သင်းစလုံး ယှိုင်နဲ့နေကြသည်။ ဟော်လန်က ဂျာမနီနှင့်စာလျှင် နုပျိုမှုပိုရှိသည်။ နှစ်သင်းစလုံးသည် လူကြိုက်များသော အသင်းများ မဟုတ်ချေ။ သို့သော် နှစ်သင်းစလုံးမှာ "ကော်ကောင်"များ ဖြစ်နေကြသည်။ ဂျာမနီက အနိုင်ရဖို့အတွက် အင်ကုန်အားကုန် ကစားတတ်သလို ဟော်လန်ကလည်း တရိပ်ရိပ်နှင့် ခြေစွမ်းထက်သော အသင်းဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ဂျာမနီက အနည်းဆုံး သရေရအောင် ကစားလိမ့်မည်ဖြစ်သည်။ ။

ကမ္ဘာ့သွေးလှူရှင်များနေ့ အခမ်းအနားကျင်းပ ဝန်ကြီး ဒေါက်တာကျော်မြင့် အမှာစကားပြောကြား

ရန်ကုန် ဇွန် ၁၄

ကျန်းမာရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)တို့ ပူးပေါင်းကျင်းပသည့် ကမ္ဘာ့သွေးလှူရှင်များနေ့ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန (IBC)၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်တွင်းလူမှုရေးအသင်းအဖွဲ့အသီးသီးမှ တာဝန်ရှိသူများ၊ သွေးလှူရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဒိန်းမတ်နှင့် အီတလီ ဂိုးမရှိ သရေကျ

ရန်ကုန် ဇွန် ၁၄

၂၀၀၄ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲ ယူရို-၂၀၀၄ အုပ်စု(ဂ)ပွဲစဉ်အဖြစ် ဒိန်းမတ်နှင့် အီတလီတို့ ယနေ့ ည ၁၀နာရီခွဲက ပေါ်တူဂီနိုင်ငံတွင် ယှဉ်ပြိုင်ကစားခဲ့ကြရာ အရှုံးအနိုင်မပေါ်ဘဲ ဂိုးမရှိ သရေကျကာ တစ်မှတ်စီ ခွဲယူသွားကြသည်။

နှစ်သင်းစလုံး ဂိုးသွင်းခွင့်များ ရရှိခဲ့ကြသော်လည်း ဂိုးသမားနှစ်ဦးစလုံး ကာကွယ်သွားနိုင်ကြသဖြင့် ဂိုးမရှိ သရေပွဲ ဖြစ်သွားရခြင်းဖြစ်သည်။

(၁၅-၆-၂၀၀၄)
ည ၁၀း၃၀ နာရီ
ချက် နှင့် လတ်ဗီးယား

(၁၆-၆-၂၀၀၄)
နံနက် ၁း၁၅ နာရီ
ဂျာမနီ နှင့် နယ်သာလန်

(ကြေးမုံ)

● ဇီဒန်းကန်ချက်မှ

ဇီဒန်းက တိုက်ရိုက်ကန်သွင်း၍ ပြင်သစ်အသင်း ချေပဂိုးရပြီး မကြာမီမှာပင် ပြင်သစ်အသင်း ပိုင်နယ်တီရရှိရာ ဇီဒန်းကပင် ကန်သွင်း၍ အနိုင်ဂိုးရသွားသည်။

အင်္ဂလန်အသင်းသည် ဇွန် ၁၇ရက်၌ ကစားရမည့် ဆွစ်ဇာလန်နှင့်ပွဲ၊ ဇွန် ၂၂ရက်၌ ကစားရမည့် ခရိုအေးရှားတို့နှင့်ပွဲတွင် အနိုင်ရရှိမှသာ အခြေအနေကောင်းမည်ဖြစ်သည်။ (ကြေးမုံ)

ယူရို-၂၀၀၄ အုပ်စု(ခ) ပြင်သစ်နှင့်အင်္ဂလန်ပွဲတွင် အင်္ဂလန်အသင်းက ဒုတိယပိုင်းတွင် ရရှိသည့် ပိုင်နယ်တီ ဘောလုံးကို ဒေးဗစ်ဘက်ဟမ်းကန်သွင်းရာ ဂိုးမဝင်သဖြင့် စိတ်ပျက်လက်ပျက်ဖြစ်နေစဉ်။ (အင်တာနက်)

SUCCESS LANGUAGE ACADEMY

SPOKEN ENGLISH CLASSES			
1:00 - 2:30 p.m.	14.6.04	Mon to Thur
3:00 - 4:30 p.m.	14.6.04	Mon to Thur
6:00 - 7:30 p.m.	22.6.04	Tue to Fri
7:30 - 9:00 a.m.	28.6.04	Mon to Thur

ဖုန်း ☎ 202046

ဖခင်အမည်မှန်

အထက(၁) ဒဂုံသတ္တမတန်း(A)မှ မောင်ဟန်လင်းနိုင်၏ ဖခင်အမည်မှန်မှာ ဦးကျော်အောင်ဆင့် ဖြစ်ပါကြောင်း။

ဦးကျော်အောင်ဆင့်။

ရှင်သာမဏေ ဓမ္မဗိမာန် မဟာသရဏဂုံတော်သင်တန်း

ရန်ကုန် ဇွန် ၁၄

ကျေးဇူးရှင်လယ်တီဆရာတော်ကြီး အလေးအမြတ် ထားတော်မူသော မဟာသရဏဂုံတော်ကြီးကို ခြေခြေမြစ်မြစ် အဘိဓမ္မာနည်းကျကျ သိရှိနားလည်စေရန် အကြိုသင်တန်းအဖြစ်ဖြင့် ရှင်သာမဏေ ဓမ္မဗိမာန် သာသနာ့ဝန်ဆောင်အဖွဲ့က "အဘိဓမ္မာအခြေပြု" သင်တန်းကို ဇွန် ၁၉ ရက်မှ ဇူလိုင် ၃၁ ရက်အထိ စနေ၊ တနင်္ဂနွေ အပတ်စဉ် မွန်းလွဲ ၁၂ နာရီခွဲမှ ၂ နာရီခွဲအထိ ဆရာဦးတင်ဝင်းက ပို့ချမည်ဖြစ်သည်။ (က-ပ)

ဟာသဂျာနယ်ဖြန့်ချိ

ရန်ကုန် ဇွန် ၁၄

ကာတွန်းမြေဇာ၏ မျက်နှာဖုံးကာတွန်းနှင့် ငွေကြည်၏ "လုပ်လိုက်ပုံ"ကာတွန်းဇာတ်လမ်း အပါအဝင် ဆရာသာဂဒိုး၊မောင်နေမျိုး၊ ဖိုးဉာဏ်၊ သုဝဏ္ဏ ကျော်စိန်၊ ကာတွန်းမြင့်စိုးလေး၊ တွတ်တွတ်၊ ဆြာကြီးထိန်၊ ဆူးချွန်(ပန်သစ္စာ)၊ အောင်နိုင်လွင့် (မော်လမြိုင်)၊ မောင်ဉာဏ်ကျယ်၊ မိုးထက်ငြိမ်၊ မိုးမခ(စစ်ကိုင်း)၊ အောင်ချမ်း (ပွဲတိုင်းကျော်)၊ ကိုအောင်ငွေသိမ်းတို့၏ ဟာသ အတွေးအရေး၊ ရုပ်ပုံလွှာတို့ဖြင့် ဟာသဂျာနယ် အတွဲ(၂)၊ အမှတ်(၄၅)ကို ဝါမိုးအောင် စာပေ၊ အမှတ် ၅၂၉၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့က ယနေ့ ဖြန့်ချိကြောင်း သိရသည်။ (က-ပ)

အကြောအားဆေး
မြန်မာတိုင်းရင်းဆေးမြစ်ပေါင်း
လေးဘက်နာ၊ လေငန်းလိမ်းဆေး

ဝန်ထမ်းအလိုရှိသည်

ရွှေဂုံတိုင်လမ်းမကြီးပေါ်တွင် မကြာမီဖွင့်လှစ်မည့် **"ရွှေစင်သီဟ"** Beauty Saloon တွင် တာဝန်ထမ်းဆောင်ရန် အသက် ၁၆ နှစ်မှ ၂၅နှစ်အတွင်း အရောင်းမြှင့်တင်ရေးဝန်ထမ်း(မ)(၃၀)ဦးအလိုရှိသည်။

လျှောက်ထားလိုသူများသည် ဓာတ်ပုံပုံစံ(၃)မျိုးနှင့်အတူ အရောက်ပေးပို့ရမည်။

လူတွေ့စစ်ဆေးမည့်နေ့ကို လျှောက်လွှာတင်သွင်းသည့် နေ့တွင် ကြေညာမည်။

လျှောက်ထားလိုသူများသည် ၂၂-၆-၂၀၀၄နေ့ နောက်ဆုံးထား၍ အမှတ်(၁၅) တက္ကသိုလ်ရိပ်သာလမ်း **"ရွှေစင်သီဟ"** စားသောက်ဆိုင်သို့ လျှောက်ထားနိုင်ပါသည်။

☎ 202537

ရောင်းမည်

ရန်ကုန်မြို့လယ် စီးပွားရေး အချက်အချာ ကျသော ဗိုလ်အောင်ကျော်လမ်း အိုလံပစ် တာဝါတွင် စတုရန်းပေ ၃၀၀၀ ရှိ နှစ်ခန်းတွဲအခန်းကျယ်။

ဖုန်း-၇၂၇၅၅၈။

Ruby ☎ 725317, 650823
(24 Hours)

☎ 710612

C B BANK
CO-OPERATIVE BANK LTD.
သမဝါယမဘဏ်လီမိတက်

သမဝါယမဘဏ်လီမိတက်၊ သမဝါယမမြှင့်တင်ရေးဘဏ်လီမိတက် နှင့်
တောင်သူလယ်သမားများသမဝါယမဘဏ်လီမိတက်တို့ကို ပူးပေါင်းပြီး
သမဝါယမဘဏ်လီမိတက်(အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်)အဖြစ်
(၁၅-၆-၂၀၀၄) နေ့မှစတင်၍ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်းနှင့်
C B BANK ၏ Customer များအတွက်
ဘဏ်လုပ်ငန်းဝန်ဆောင်မှုကို ပိုမိုပြည့်စုံစွာဖြည့်ဆည်းပေးနိုင်ပြီဖြစ်ပါကြောင်း။

Let's Win Win Together!

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တနင်္သာရီ–ဘုတ်ပြင်း–ကော့သောင်း လမ်းဖောက်လုပ်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၄

တနင်္သာရီတိုင်း ကော့သောင်းခရိုင် ပြည်ကြီးမဏ္ဍိုင်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဇွန် ၆ ရက် နံနက် ၈နာရီတွင် ကော့သောင်းခရိုင် ပြည်ကြီးမဏ္ဍိုင်မြို့ရှိ လေညာ–မဏ္ဍိုင် မြစ်ကူးတံတား တည်ဆောက်ရေး စီမံကိန်းရုံး ရှင်းလင်းဆောင်၌ ပြည်ကြီးမဏ္ဍိုင်မြို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံမှာကြားသည်။

တက်ရောက်

တွေ့ဆုံပွဲအခမ်းအနားသို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အုန်းမြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ တပ်မတော် အရာရှိကြီးများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ပြည်ကြီးမဏ္ဍိုင်မြို့ အုပ်ချုပ်ရေးမှူး ဦးသောင်းဟိန်းက ပြည်ကြီးမဏ္ဍိုင်မြို့၏ အကျယ်အဝန်း၊ လူဦးရေ၊ ဌာနဆိုင်ရာများဖွဲ့စည်းမှုနှင့် ရုံးများဖွင့်လှစ်မှုအခြေအနေ၊ မြေအသုံးချမှု၊ ဒေသဝမ်းစာဖူလုံမှု၊ စပါး၊ စားသုံးသီးနှံနှင့် နှစ်ရှည်ပင်များ စိုက်ပျိုးမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် မြို့မိမြို့ဖများက သက်ဆိုင်ရာကဏ္ဍများကို ရှင်းလင်းတင်ပြကြသည်။

အမှာစကား

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်စေရန် ဒေသအသီးသီး၌ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနကို ဖွဲ့စည်းပြီး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး ငါးရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အပြင် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု သတ်မှတ်လျက် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှုများကို ယခင်ခေတ်အဆက်ဆက် တနင်္သာရီတိုင်း၏ အခြေအနေနှင့် ယခု တနင်္သာရီတိုင်း၏ လက်ရှိအခြေအနေကို နှိုင်းယှဉ်ကြည့်ပါက သိရှိနိုင်ကြောင်း၊ ယခင်နှင့်မတူ ယနေ့ တိုးတက်ဖွံ့ဖြိုးမှုများကို မည်သူမျှ ငြင်း၍ မရကြောင်း။

လွယ်ကူစွာ

တိုင်းပြည် အေးချမ်းသာယာလာသည့်အလျောက် ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ရာ လမ်းပန်းဆက်သွယ်ရေးတွင် မြန်မာနိုင်ငံအနှံ့ လွယ်ကူစွာ သွားလာနိုင်ပြီဖြစ်၍ လူမှုရေး၊ စီးပွားရေးကဏ္ဍများတွင်ပါ တိုးတက်လာနေပြီဖြစ်ကြောင်း။

ပါဝင်ဆောင်ရွက်

မိမိတို့သည် မြန်မာနိုင်ငံသားများဖြစ်၍ ဝေးသည်ဖြစ်စေ၊ နီးသည်ဖြစ်စေ ညီအစ်ကိုမောင်နှမများဖြစ်ကြကြောင်း၊ နိုင်ငံအကျိုး၊ ရပ်ရွာအကျိုး၊ အများအကျိုးအတွက် ဆောင်ရွက်နေသည်များကို ဌာနဆိုင်ရာ ဝန်ထမ်းများက စံနမူနာပြ ဆောင်ရွက်ကြပြီး ဒေသခံပြည်သူတစ်ရပ်လုံးက အားလုံးဝိုင်းဝန်းပူးပေါင်းပါဝင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ပြည်ကြီးမဏ္ဍိုင်မြို့ ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ ခြောက်ခန်းတွဲနေအိမ် ဆောက်လုပ်ရန်အတွက် ငွေကျပ်၁၀သိန်းကို ပေးအပ်လှူဒါန်းရာ တာဝန်ခံ ဆရာဝန် ဒေါက်တာစိုးမင်းဦးက လက်ခံရယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တွေ့ဆုံပွဲသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူး ဗိုလ်မှူးချုပ် အုန်းမြင့်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများ လိုက်ပါလျက် ပြည်ကြီးမဏ္ဍိုင်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ဘုတ်ပြင်းမြို့နယ် ဝါးဒင်းရှိ တနင်္သာရီတိုင်း ဆီအုန်းစိုက်ပျိုးရေးစီမံကိန်း ယူဇန(၂) ဆီအုန်းစိုက်ပျိုးရေးရုံးသို့ ရောက်ရှိကြပြီး စီမံကိန်းဒါရိုက်တာ ဦးအန်းဘန်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စိုက်ပျိုးနိုင်ခဲ့

ထို့နောက် စီမံကိန်းရုံးရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုအား စီမံကိန်းဒါရိုက်တာက ယုဇနကုမ္ပဏီအနေဖြင့် ကရသူရိမြို့နယ်၌ ဧက ၂၀၀၀၀၊ ဘုတ်ပြင်းမြို့နယ်၌ ဧက ၃၀၀၀၀ နှင့် ကော့သောင်းမြို့နယ်နှင့် ခမောက်ကြီးမြို့နယ်၌ ဧက ၅၀၀၀၀၊ ဆီအုန်းစိုက်ပျိုးရန်အတွက် စုစုပေါင်း ဧကတစ်သိန်း လျာထားသတ်မှတ်ဆောင်ရွက်ခဲ့ရာ ၂၀၀၂–၂၀၀၃ နှင့် ၂၀၀၃–၂၀၀၄ ခုနှစ်တို့တွင် ဧက ၇၈၀၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ၂၀၀၄–၂၀၀၅ ခုနှစ်တွင် ဧက ၆၀၀၀ စိုက်ပျိုးရန် လျာထားသတ်မှတ်ခဲ့ရာ မေ ၁ ရက်မှ ယနေ့အထိ ဧက ၁၅၀၀ စိုက်ပျိုးနိုင်ခဲ့ပြီး ဆက်လက်စိုက်ပျိုးရန်အတွက် ပျိုးပင်နှစ်သိန်း ပျိုးထောင်ထားပြီး ဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက သတ်မှတ်ဧက ပြည့်မီအောင် စိုက်ပျိုးရေး၊ နွေရာသီတွင် မီးဘေးအန္တရာယ်ကင်းဝေးရေးအတွက် ဂရုတစိုက် ကာကွယ်စောင့်ရှောက်ရေး စသည်တို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ မိုင်တိုင်အမှတ်(၁၃၅/၄)နှင့် (၁၃၅/၅)ကြားရှိ ဘိုဒါးသစ်သားတံတားသို့ ရောက်ရှိပြီး တံတား၏ ကြံ့ခိုင်မှုကို ကြည့်ရှုစစ်ဆေးကာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

လမ်းတိုးချဲ့

တနင်္သာရီ–ဘုတ်ပြင်း လမ်းရှိ လေညာ မိုင်တိုင်အမှတ်(၁၁၅/၂)မှ ဘုတ်ပြင်း(မိုင်တိုင်အမှတ်–၁၄၇/၂) ထိ ၃၂မိုင် ပေ၄၀ မြေသားလမ်း တိုးချဲ့ခြင်းလုပ်ငန်းတွင် ဆောင်ရွက်ရန်ရှိသည့် ၁၀မိုင် တစ်ဖာလုံကို ရာခိုင်နှုန်းပြည့် ဆောင်ရွက်နိုင်ခဲ့ပြီး လက်ရှိကျောက်ခင်းလမ်း ၁၄ပေ အကျယ် တိုးချဲ့ခြင်းကို ကိုးမိုင် တစ်ဖာလုံ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဆက်လက်ထွက်ခွာလာရာ ဘုတ်ပြင်းမြို့သို့ ရောက်ရှိသည်။ ထိုမှတစ်ဆင့် ဘုတ်ပြင်း–ကော့သောင်း လမ်းအတိုင်း လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေနှင့် ဆီအုန်းစိုက်ပျိုးထားရှိမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး ထွက်ခွာလာရာ ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ် ကရသူရိမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိ၊ မြို့ဖများအား တွေ့ဆုံရာ ကရသူရိမြို့ အုပ်ချုပ်ရေးမှူး ဦးအောင်မင်းကြည်က ကရသူရိမြို့၏ တည်နေရာ၊ အကျယ်အဝန်း၊ လူဦးရေ၊ ဌာနအလိုက် ဝန်ထမ်းများ ရောက်ရှိမှု၊ ဌာနအလိုက် ရုံးအဆောက်အအုံများ ဆောက်လုပ်မှုနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အလေးအနက်ခံယူ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက မိမိတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတွင် မွေးဖွားသည့် မြန်မာနိုင်ငံသားများ ဖြစ်ကြကြောင်း၊ မိမိတို့နိုင်ငံအား ကာကွယ်စောင့်ရှောက်ရမည့် တာဝန်မှာ နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်ကြောင်း၊ ကရသူရိမြို့ရှိ ပြည်သူများ အနေဖြင့် တာဝန်ကျသည့် ဝန်ထမ်းများ၏ ဥပဒေနှင့်အညီ ပဲ့ပြင် ထိန်းကျောင်း နည်းပြမှုကို နိုင်ငံသားပီသစွာ အလေးအနက် ခံယူကြရန် လိုကြောင်း။

ဥပဒေနှင့်အညီ

ဒေသခံများ အနေဖြင့် မိမိတို့ဒေသတွင်း ရိက္ခာဖူလုံရေးအတွက် စပါးကို သတ်မှတ်ပေးထားသည့် ဧကအတိုင်း ပြည့်မီအောင် စိုက်ပျိုးရန် လိုအပ်ကြောင်း၊ အေးချမ်းသာယာစွာ နေထိုင်နိုင်ရေးအတွက် ဥပဒေနှင့်အညီ လိုက်နာနေထိုင်ကြစေလိုကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ကရသူရိမြို့၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများနှင့် ဒေသခံများအတွက် မုန့်မျိုးစုံတစ်သေတ္တာနှင့် အာလူးနှစ်အိတ်ကို ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ကရသူရိမြို့ အုပ်ချုပ်ရေးမှူး ဦးအောင်မင်းကြည်အားလည်းကောင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်က စက်ဘီးနှစ်စီးကို ကျန်းမာရေးဌာန တာဝန်ခံ ဒေါ်ရှုကြည်အားလည်းကောင်း၊ ငှက်ဖျားရောဂါ ကာကွယ်ဆေး ငါးမျိုးပါ ဘူးသုံးဘူးကို ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာရဲမြင့်က ကျန်းမာရေးဌာန တာဝန်ခံ ဒေါ်ရှုကြည်အားလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ကရသူရိမြို့ ဌာနဆိုင်ရာရုံးများ ဆောက်လုပ်နေမှုနှင့် ဌာနဆိုင်ရာရုံးနှင့် ဆေးရုံဆောက်လုပ်ရန်အတွက် မြေနေရာ ချထားမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထွက်ခွာ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကရသူရိမြို့မှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာရာ ဘုတ်ပြင်းမြို့သို့ ညနေ ၆နာရီခွဲတွင် ရောက်ရှိကြသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ဇွန် ၉ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို ပြည်ကြီးမဏ္ဍိုင်မြို့ ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ နေအိမ်ဆောက်လုပ်ရန် ငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ကုန်သည်/ စက်မှု အသင်းချုပ်ဥက္ကဋ္ဌနှင့် ဂျပန်နိုင်ငံ ဒုတိယညွှန်ကြားရေးမှူးချုပ် တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇွန် ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးမျိုးညွှန့်နှင့် ဗဟိုအလုပ်အမှုဆောင်များအား ဇွန် ၁၁ရက် နံနက်ပိုင်းတွင် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန Asian and Oceanian Affairs Bureauမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Shinichi Nishimiya ခေါင်းဆောင်၍ အဖွဲ့ဝင် ၁၄ ဦး ပါဝင်သော Policy Dialogue Mission on Mekong Region Development သည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ မဲခေါင်ဒေသဖွံ့ဖြိုးရေး ထောက်ပံ့မှုကူညီပေးရေးကိစ္စ၊ East-West Economic Cornidor ဆိုင်ရာ ကိစ္စများ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း/စက်မှုလုပ်ငန်းဆိုင်ရာ ကိစ္စများကို ဆွေးနွေးကြကြောင်း သိရသည်။ (သတင်းစဉ်)

ဇွန် ၁၁ ရက်က ၂၀၀၄ ခုနှစ် ကာကွယ် ရေးဦးစီးချုပ် (လေ) တံခွန်စိုက် ဒိုင်းရိုးရာ ခြင်းလုံးခတ် ပြိုင်ပွဲနှင့် ပိုက်ကျော် ခြင်းခတ်ပြိုင်ပွဲ ဆုပေးပွဲတွင် တံခွန်စိုက် ဒိုင်းဆု ကြီးကို ဆွတ်ခူး ရရှိသွားသည့် အသင်းအား ကာကွယ်ရေး ဦးစီးချုပ် (လေ) ကိုယ်စား ဗိုလ်မှူးကြီး တင်နိုင် ထွန်း က တံခွန်စိုက် ဒိုင်းဆုကြီးကို ချီးမြှင့်စဉ်။ (ကကလေ)

ကျေးလက်နှင့် မြို့ပြ လမ်းဖောက်လုပ်ရေး ဆွေးနွေး လမ်းအခြောင်း ရှာဖွေထားရှိမှု ကြည့်ရှုစစ်ဆေး

စစ်တွေ ဇွန် ၄

စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမြစိုး၊ စစ်တွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ကျော်သာနှင့် တာဝန်ရှိသူများ မေ ၂၆ ရက်တွင် စစ်တွေမြို့နယ် သိန်းတန်ကျေးရွာသို့ သွားရောက်၍ ကျေးရွာဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် တွေ့ဆုံ၍ ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ရေး၊ ကျေးလက်နှင့် မြို့ပြ ဆက်သွယ်သည့် လမ်းဖောက်လုပ်ရေးများကို ညှိနှိုင်းဆွေးနွေးကြသည်။

ရှင်းလင်းပြသ

ထို့နောက် အမှုဆောင်အရာရှိနှင့် အဖွဲ့သည် သိန်းတန်ကျေးရွာမှ စစ်တွေမြို့သို့ အလွယ်တကူသွားလာနိုင်မည့် လမ်းဖောက်လုပ်မည့်မြေနေရာ၊ သိန်းတန်ကျေးရွာနှင့် ရာတန်၊ ကြံတောနှင့် တောကန်ကျေးရွာများသို့ ဆက်သွယ်ဖောက်လုပ်မည့် ကျေးရွာချင်းဆက်လမ်းအတွက် လမ်းအခြောင်း ရှာဖွေထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းတာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဦးကျော်ညွန့်က ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **(က-ပ)**

ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်မည့် ဆေးရုံလမ်း၊ မြေထိန်းကျောက်စီနံရံနှင့် ကတ္တရာလမ်းသစ်ခင်းရန် စက်ယန္တရားဖြင့် လမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဇွန် ၃ ရက်က ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးသန်း ကွင်းဆင်းစစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)

ရွှေတောင်မြို့နယ် စည်ပင် လုပ်ငန်းများ စစ်ဆေး မြို့ရေပေးရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်သွားမည်

ရွှေတောင် မေ ၃၁

ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေနှင့် တာဝန်ရှိသူများသည် မေ ၂၅ ရက်က ရွှေတောင်မြို့နယ် စည်ပင်သာယာရေးရုံးသို့ ရောက်ရှိပြီး စည်ပင်သာယာရေးလုပ်ငန်း ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်း

ယင်းနောက် ဒုတိယအင်ဂျင်နီယာမှူးကြီးနှင့်တာဝန်ရှိသူများသည်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများ၊ မြို့ရေပေးရေးလုပ်ငန်းအတွက် တိုးချဲ့ရေစက်ရုံအား ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်ဝင်းတို့က ရှင်းလင်းတင်ပြသည်။

ဆောင်ရွက်ပေးမည်

စည်ပင်သာယာရေးအဖွဲ့မှ မြို့ရေပေးရေးလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်လျက်ရှိရာ ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်တွင် မြို့ရေပေးရေးလုပ်ငန်းကို ငွေလုံးငွေရင်းနှင့် သာမန်အသုံးစရိတ်တို့မှ ခွင့်ပြုငွေကျပ် ၂၄၈၈၀၀၀ ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **(၁၄၃)**

ကန်ပက်လက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ဒေသခံ ပြည်သူများ စုပေါင်း၍ ကန်ပက်လက်မြို့နယ် ရေပေးဝေရေးစနစ် အစဉ်ကောင်း မွန် ရေး အတွက် ဆောင်ရွက် လျက် ရှိ ရာ မေ ၂၈ ရက်က ရေပိုက်လိုင်းများ ကောင်း မွန် ရေး ပြုပြင်ဆောင်ရွက်စဉ်။ (က-ပ)

မြောင်းမြခရိုင်ဥက္ကဋ္ဌဖလား အသက်(၁၇)နှစ်အောက် ငါးမြို့နယ် ဘောလုံးပြိုင်ပွဲဆုပေးပွဲ အခမ်းအနားကို မေ ၂၈ရက်က မြို့မ အားကစားကွင်း၌ ကျင်းပရာ ဗိုလ်စွဲသွားသော မြောင်းမြမြို့နယ် ဘောလုံးအသင်းအား မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွဋ်ဝင်းက ဆုဖလားပေးအပ်ချီးမြှင့်စဉ်။ (၁၇၆)

မြင်းခြံမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်

မြင်းခြံ ဇွန် ၂

မြင်းခြံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဝန်ထမ်းများသည် မြင်းခြံမြို့နယ် သဲဖြူဝ ကျေးရွာအုပ်စုတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို မေ ၂၉ ရက် နံနက် ၁၀ နာရီက ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။ ထို့သို့ ပေးအပ်ရာတွင် ခရိုင်ဦးစီးဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြသိန်းက နိုင်ငံသား စိစစ်ရေးကတ်ပြားများကို ရွာသူ၊ ရွာသားများကိုယ်စား ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဘောဌေးထံသို့ ပေးအပ်လိုက်ကြောင်းသိရသည်။ **(၁၁၄)**

ကမ္ဘာ့ဆေးလိပ်
မသောက်ရေးနေ့ ကျင်းပ

ဆေးလိပ်ကြောင့်
ရောဂါရနိုင်ပုံ
ဟောပြော

ဝက်လက် ဇွန် ၁

စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဟောပြောပွဲ အခမ်းအနားကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ မေ ၃၁ ရက်က ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်နိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသန်းဌေးအောင်နှင့် ဆရာ၊ ဆရာမများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်နိုင်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသန်းဌေးအောင်က ဆေးလိပ်သောက်ခြင်းနှင့် ကွမ်းစားခြင်းတို့က ရောဂါရရှိနိုင်ပုံတို့ကို ဟောပြောကြောင်း သိရသည်။ **(၂၃၀)**

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့် စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

မန္တလေး ဇွန် ၂

မန္တလေးခရိုင် ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ကြီးမှူး၍ ကန်သာယာ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဖွင့်လှစ်သော ဓမ္မသုတရောင်ခြည်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မေ၂၅ရက် နံနက် ၈ နာရီက အဆိုပါ ရပ်ကွက်ရှိကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်မောင်ကြည်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးချစ်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မဂ္ဂဇင်း၊ ဂျာနယ် စောင်ရေ ၂၀၀၊ စာရေးဆရာ ဦးတင်အောင် (တင်အောင်-မြို့သစ်)က စာအုပ်မျိုးစုံ ၁၀၀၊ ဦးဘုန်း(လွင်စာပေ)က စာအုပ်မျိုးစုံ ၁၀၀ တို့ကို ပေးအပ်လှူဒါန်းရာစာကြည့်တိုက် တာဝန်ခံ ဦးတင်ဖေနှင့် ဦးမောင်မောင်ညိုတို့က လက်ခံရယူသည်။

(မြို့နယ်ပြန်/ဆက်)

မြို့နယ်
သတင်းများ

ဇန်းမော်မြို့၌ စုပေါင်းသစ်ပင်စိုက်ပျိုး

ဇန်းမော် ဇွန် ၅

ဇန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဇန်းမော်မြို့ သန့်ရှင်းသာယာလှပရေးအတွက် အပတ်စဉ် စနေနေ့တိုင်း ပြုလုပ်လျက်ရှိရာ ဇွန် ၅ ရက်တွင် အောင်သာကျေးရွာမှ စီအင်ကျေးရွာထိ စုပေါင်း သစ်ပင်စိုက်ပွဲ ပြုလုပ်သည်။

စုပေါင်းသစ်ပင်စိုက်ပွဲတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ သစ်တောဦးစီးဌာန ဝန်ထမ်းများ၊ ရပ်ကွက်နှင့်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ စုစုပေါင်း အင်အား ၁၅၀ ဖြင့် လမ်းဘေးဝဲ၊ ယာတွင် ဘိုကတော်ပင် ၇၅၀၀၊ စက္ကူပန်းပင် ၃၀၀၀ နှင့် စွယ်တော်ပင် ၁၅၀၀ တို့အား စုပေါင်းစိုက်ပျိုးကြသည်။

စုပေါင်း သစ်ပင်စိုက်ပျိုးပွဲသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှသောင်း ကြည့်ရှုအားပေးကြောင်း သိရသည်။ **(က-ပ)**

ကြီးကြပ်ဆောင်ရွက်

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းလမ်းမကြီးများ ဝဲ၊ ယာ စိမ်းလန်းစိုပြည်ရေးအတွက် အရိပ်ရပင်နှင့် ပန်းအလှပင်စိုက်ပျိုးခြင်းလုပ်ငန်းများ ဇွန် ၅ ရက် နံနက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးမြတ်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဆန်းဝင်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (၃၈၃)

စိမ်းလန်းစိုပြည်ရေး ပန်းအလှပင်စိုက်ပျိုး

လှည်းကူး ဇွန် ၉

လှည်းကူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက မြို့သာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးအတွက် ဇွန် ၇ရက် နံနက်ပိုင်းတွင် လှည်းကူး–ပိုက်ကြီးဝဲကျေးရွာလမ်း တစ်မိုင်အရှည် လမ်းဘေး ဝဲ/ယာတစ်လျှောက်တွင် အရိပ်ရပင်နှင့် ပန်းအလှပင် ၅၀၀ကျော် စိုက်ပျိုးခဲ့ရာ အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးသိမ်းတို့က ကြီးကြပ်ဆောင်ရွက် ပေးခဲ့သည်။ **(မြို့နယ်စည်ပင်)**

ဟသ်ာတခရိုင် အကျဉ်းဦးစီးဌာနမှ မိသားစုဝင်များ၏ ၂၀၀၄–၂၀၀၅ ခုနှစ် ပညာသင်နှစ် ပညာသင်စရိတ်နှင့် ဝတ်စုံပေးအပ်ပွဲ အခမ်းအနားကို မေ ၂၉ ရက်က ဟသ်ာတအကျဉ်းဦးစီးဌာန၌ ကျင်းပရာ ဦးစီးအရာရှိ ဦးကြည်သိန်းက အကျဉ်းဦးစီးဌာန မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဌ ဒေါ်ခင်ဝင်းသို့ ပညာသင်စရိတ်နှင့်ဝတ်စုံဖိုးငွေများ ပေးအပ်စဉ်။

(ခရိုင်ပြန်/ဆက်)

ကိုယ့်အားကိုယ်ကိုး နောင်စွန်းတံတား တည်ဆောက်မှုလုပ်ငန်း ကွင်းဆင်းစစ်ဆေး

မိုးညှင်း ဇွန် ၂

ကချင်ပြည်နယ် မိုးညှင်းမြို့ ကိုယ့်အားကိုယ်ကိုး နန့်ရင်းချောင်းကူး နောင်စွန်းဘေလီတံတား တည်ဆောက်ရေးလုပ်ငန်းကို မေ ၂၆ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးမြင့်အောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးတင်ဝင်းနှင့် မြို့နယ်ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာဦးထွန်းလှိုင်တို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

မကြာမီ ပြီးစီးမည်

အဆိုပါတံတားမှာ အရှည်ပေ ၁၈၀ ရှိပြီး ငွေကျပ် ၃၁၃ ဒသမ ၄၄ သိန်း အကုန်အကျခံ ကိုယ့်အားကိုယ်ကိုးတည်ဆောက်လျက်ရှိရာ မကြာမီ ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

(က–ပ)

ကျေးလက်ဂဝံလမ်းပြီးစီးမှုစစ်ဆေး

ကဝ ဇွန် ၅

ကဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄–၂၀၀၅ ခုနှစ် ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသော ပေါက်ကုန်း–ခွဲကိုက်ဂဝံလမ်း ခင်းကျင်းဆောင်ရွက်နေမှုနှင့် လမ်းများပေါ်တွင် ပြွန်တံတားများ ဆောင်ရွက်နေမှု အခြေအနေများကို ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးရင်စိန်နှင့်အဖွဲ့က ဇွန် ၅ ရက်တွင် ကြည့်ရှုစစ်ဆေးရာ ကဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရဲလွင်တို့က ရှင်းလင်းတင်ပြသည်။

(၃၇၀)

ရောဝတီတိုင်း ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ မေ ၃၁ ရက်က ကြံခင်းမြို့ပေါ် လမ်းမကြီးတစ်လျှောက်ပန်းအလှပင် ၈၀၀ ကျော်ကို မြို့သာယာလှပရေးအတွက် စုပေါင်းစိုက်ပျိုးကြစဉ်။ (က–ပ)

ကျေးလက်အိမ်ရာများ တည်ဆောက်

ညောင်လေးပင် ဇွန် ၉

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက်အိမ်ရာများ တည်ဆောက်ပေးလျက်ရှိရာ စမ်းကလေးကျေးရွာတွင် ကျေးလက်အိမ်ရာကိုးလုံး၊ ကလိန်ခင်ကျေးရွာတွင် ကျေးလက်အိမ်ရာလေးလုံး ကျွန်းကုန်းကျေးရွာတွင်တစ်လုံး၊ စုစုပေါင်း ကျေးလက်အိမ်ရာ ၁၆ လုံး တည်ဆောက်ပေးပြီးဖြစ်၍ ကျေးလက်အိမ်ရာများအား ဘိုင်းဒါးကျေးရွာနှင့် ဖအောင်းကျေးရွာတို့တွင် ဆက်လက်တည်ဆောက်နိုင်ရေးဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် အနီးကပ်ကြီးကြပ်၍ မြို့နယ်အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးမင်းလွင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လှိုင်တို့က ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

(က–ပ)



မြဝတီဘဏ်လီမိတက်

ရန်ကုန်မြို့

အလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

၁။ မြဝတီဘဏ်လီမိတက် (ရုံးချုပ်)တွင် အငယ်တန်းစာရေး/လက်ထောက်ငွေကိုင်ရာထူးများ ခန့်ထားရန်အလိုရှိသည်။

၂။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်။
- (က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) B.Com/B.Econ (Stats)/B.Econ (Eco)/B.A(Eco)/LL.B/B.A (English)/B.Sc(Maths)/B.A (Business Management, Business Science, Home Economic)/B.Act.
- (ဂ) အခြေခံပညာအထက်တန်းအောင်ဖြစ်ပါက LCCI Level (III) အောင်မြင်ရမည်။
- (ဃ) ကွန်ပျူတာအခြေခံရှိပြီး စာစီစာရိုက်ကျွမ်းကျင်သူဦးစားပေးမည်။
- (င) လျှောက်ထားသူသည် အမျိုးသားဖြစ်ပါက ဘဏ်၏သတ်မှတ်အရည်အချင်းများ လျှော့ပေါ့၍ အနည်းဆုံးအခြေခံပညာအထက်တန်းအောင်ဖြစ်ရမည်။

၃။ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများသည်–
- (က) ရေးဖြေစာမေးပွဲ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ)ဖြေဆိုရမည်။
- (ခ) လူတွေ့စစ်ဆေးဖြေဆိုရမည်။
- (ဂ) ကျန်းမာရေးစစ်ဆေးမှုအောင်မြင်ရမည်။

၄။ ရွေးချယ်ခြင်းခံရသူသည် ဘဏ်တွင်အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်ပါမည်ဟု ကတိဝန်ခံချက်ရေးထိုးနိုင်ရမည်။ ခံစားခွင့်အနေဖြင့် လစာနှင့်ထောက်ပံ့ကြေးအပြင် နှစ်စဉ်သတ်မှတ်စုကြေး ခံစားခွင့်ရှိသည်။

၅။ ဘဏ်လုပ်ငန်းဆိုင်ရာ စာတွေ့၊ လက်တွေ့သင်တန်း တက်ရောက်ရမည်။ သင်တန်းကာလမှစ၍ လစာ၊ ထောက်ပံ့ကြေး၊ စားစရိတ်အပြင် အမြဲတမ်းဝန်ထမ်းတစ်ဦးကဲ့သို့ အခြားခံစားခွင့်ရှိမည်။ ပြည်တွင်း၊ ပြည်ပသင်တန်းများသို့ တက်ရောက်ရန်အခွင့်အလမ်းရှိမည်။

၆။ လျှောက်ထားသူများသည် မိမိလက်ရေးဖြင့် ကိုယ်တိုင်ရေးလျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲတင်ပြရမည်။
- (က) လိုင်စင်ဓာတ်ပုံ(၂)ပုံ
- (ခ) ကိုယ်ရေးအချက်အလက်အကျဉ်း (C.V)
- (ဂ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ
- (ဃ) အလုပ်သမားမှတ်ပုံတင်မိတ္တူ
- (င) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပါတီနိုင်ငံရေးကင်းရှင်းကြောင်း မိမိနေထိုင်ရာ (ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ)နှင့် ရဲစခန်းထောက်ခံချက်မူရင်း
- (စ) ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူနှင့် အခြားအထောက်အထားမိတ္တူ
- (ဆ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ

၇။ လျှောက်ထားသူသည် အထွေထွေမန်နေဂျာ၊ မြဝတီဘဏ်လီမိတက်၊ အမှတ်(၂၄/၂၆)၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ၂–၇–၂၀၀၄နေ့နောက်ဆုံးထား၍ လျှောက်ထားရပါမည်။

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေးအခမ်းအနား များတွင် ခေတ်မီပလတ်စတစ် စားပွဲနှင့်ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း–၂၄၅၆၄၅။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပျော်ဘွယ်မြို့၊ မြင်းဘက်ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၂၀၈)နေ ကျွန်တော်/ကျွန်မတို့၏သားဖြစ်သူ မောင်သက်နိုင်(ခ)ညီညီ(ခ)ယာကွတ်[၉/ပဘန(နိုင်)၁၂၆၀၅၅]သည် မိဘစကားနားမထောင်ဘဲ ၎င်း၏စိတ်ဆန္ဒအလျောက်ပြုမူသွားပါသဖြင့် ယနေ့မှစ၍ အမွေစား၊ အမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို(လုံးဝ)လုံးဝ တာဝန်မယူပါ။

မိဘများ – ဦးကျော်အေး[၉/ပဘန(နိုင်)၀၀၂၇၆၀]
ဒေါ်သင်းသင်းဆွေ(PBE°-၀၀၃၀၃)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး ဦးမြသွင်၊ အသက်(၈၇)နှစ် (ဒေးဒရဲမြို့) (အငြိမ်းစားကျောင်းဆရာကြီး) အထက(၁)လမ်းမတော် (ယခင်စိန်ဂွမ်းကျောင်း) အထက(၁)တောင်ဥက္ကလာပမြို့။

တောင်ဥက္ကလာပမြို့၊ (၁၀)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ်(၄၃၃)နေ (ဦးဘိုးထူး–ဒေါ်စိန်)တို့၏သား၊ ဦးခေမာစာရ (ဓမ္မာစရိယ ဘီအေ)မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်း၏ရဟန်းဒါယကာ (ဒေါ်ခင်မြို့)၏ခင်ပွန်း၊ ဦးတင်လတ်ထွန်း–ဒေါ်အေးအေးသွင်(ဘ–ခ –ရ)၊ ဦးမျိုးသွင်–ဒေါ်ခင်လှလှ၊ ဦးကျော်စိုးသွင်၊ ဒေါ်ပြုံးပြုံးသွင်(ရေနံ့ဓာတု)၊ ဦးအောင်မိုးသွင်–ဒေါ်ဟီတိုမီ၊ ဒေါ်ချိုချိုသွင်(ကန်တော်ကြီးပဲလေ့(စ်)ဟိုတယ်)၊ မစုစန္ဒာသွင်တို့၏ဖခင်၊ မခင်မေမွန် (မအူပင် G.T.C)၊ မအေးမြသီဂီ (IIC, Y.T.T.C)၊ မောင်ရဲလင်းခန့်တို့၏အဘိုးသည် ၁၃–၆–၂၀၀၄နေ့ နံနက် ၃နာရီ မိနစ်၂၀အချိန်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၅–၆–၂၀၀၄ရက်(အင်္ဂါနေ့)၊ ညနေ ၃နာရီအချိန်တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများမွန်းလွဲ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ ရဟန်းဒါယိကာမ ကန်ကွေ့လှိုင်(ခ)ဒေါ်အေးသန်း အသက်(၆၂)နှစ် (မဒေါက်မြို့)

ရန်ကုန်တိုင်း၊ လသာမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ တိုက်အမှတ်–၁၇၇/၁၈၁၊ (၁၇)လမ်းနေ (ရပ်) [ယပ်အီလှိုင်(ခ) ဦးချစ်စိန်–(စော)ရှုအင်(ခ)ဒေါ်ခင်စိန်] တို့၏သမီး၊ ချွေးမအကြီးဆုံး၊ ပဲခူးတိုင်း၊ ညောင်လေးပင်မြို့နယ်၊ အမှတ်(၂၄၇)၊ ကမ်းနားလမ်း၊ မဒေါက်မြို့နေ (ကန်) (ဦးစစ်ချောင်–ဒေါ်ကြည်)တို့၏သမီးကြီး၊ ဒေါ်ခင်မေဝင်း–ဦးဝင်းအောင်၊ ဦးသန်းရွှေ–ဒေါ်ရှုမေ၊ ဦးသန်းငွေ–မတင်တင်မြင့်၊ ဒေါ်လှလှစိန်–ဦးမောင်မောင်ရင်၊ ဦးမျိုးမြင့်–ဒေါက်တာချိုချိုဝင်းတို့၏အစ်မကြီး၊ (ရပ်)ဆွင်ဆိုင်(ခ) သန်းခင်(ခ) ဦးစိုးလွင်၏ ပထမဇနီး၊ ဒေါ်စိုးယုလွင်၊ ဒေါ်စိုးယုခိုင်–ဦးဂရေး၊ (ဦးသန်းစိုးလင်း)၊ ဦးမြတ်စိုးလင်းတို့၏မွေးသမိခင်၊ မြေးခြောက်ယောက်၏အဘွားသည် မဒေါက်မြို့နေအိမ်၌ ၁–၆–၂၀၀၄နေ့ ည ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၃–၆–၂၀၀၄ နေ့တွင် မဒေါက်မြို့သုသာန်၌ ဂူသွင်းသင်္ဂြိုဟ် ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

မွေးနေ့ဆုမွန်လွှာ

သီရိသုဓမ္မဇာဓိဇောတရေ သမားတော် ဦးဘိုကြီး (ရှမ်းပြည်နယ်)၏ ၁၅-၆-၂၀၀၄ ရက်နေ့တွင် ရောက်ရှိသော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သောဇနီး၊ သား၊သမီးများနှင့်အတူ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းဖြင့် ပြီးပြည့်စုံ၍ နိုင်ငံ့အကျိုးအတွက် ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ချစ်ဇနီး– ဒေါ်သန်းသန်း (ပြည်လုံးချမ်းသာဆေးတိုက်)

သားကြီး–မောင်အောင်ဘိုဦး (X-A) အထက(၂)ဒဂုံ

သမီး– မမိုးမိုးမြင့်ဘို (VII-A) အထက(၂)ဒဂုံ

သား– မောင်ဘိုဝင်းမြတ် (V-B) အထက(၂)ဒဂုံ

သမီးငယ်–မအေးမြင့်မြတ်ဘို (III-A) အထက(၂)ဒဂုံ။

မွေးနေ့ဆုတောင်း

ချစ်သမီးလေး နွယ်နွယ်တင်ဝင်း(ခ)နွယ်လေးရဲ့ ၁၅-၆-၂၀၀၄ ရက်နေ့တွင် ကျရောက်သော(၂)နှစ်ပြည့် မွေးနေ့မှသည် နှစ်ပေါင်းများစွာတိုင်အောင် ကျန်းမာပျော်ရွှင်စွာဖြင့် ပညာတတ်သမီးလေးဖြစ်ပါစေ---။

ဘွားဘွား – ဒေါ်တင်စိန်၊ ဒေါ်သန်းဝင်း
ဖေဖေ – ဦးတင်ဝင်း(AEO/ မြို့တော်စည်ပင်၊ ကြည့်မြင်တိုင်)
မေမေ – ဒေါ်အေးအေးသန်း
ဦးဦး၊ ဒေါ်ဒေါ် – ဦးစန်းလွင်–ဒေါ်ခင်လှကြည်(လ/ထ–ဌာနမှူး၊ မြို့တော်စည်ပင်)
မမများ – မစုဝါလွင်၊ မဖူးဝါလွင်(အထက–၂၊ လသာ)

မိုးရာသီအထူးဈေးလျှော့ပွဲ
Queen Star Computer Center မှစွန်လတော်လည်း အထွက်အထူး Promotion Package များမြှင့်ပေးထားပါ၍ နံနက် (10 a.m) မှညနေ (5 p.m) အထိ ...
502801, 505278, 539151

စိန်ပေါလ်ကျောင်းသားဟောင်းများ၏ နှစ်လည်မိတ်ဆုံ ညစာစားပွဲဖိတ်ကြားခြင်း

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် စိန်ပေါ(လ်)ကျောင်းသားဟောင်းများ၏ နှစ်လည်မိတ်ဆုံညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသားဟောင်းများအားလုံး ညစာစားပွဲလက်မှတ် ဝယ်ယူချီးမြှင့်ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ – ၂၉-၆-၂၀၀၄(အင်္ဂါနေ့)
ကျင်းပမည့်အချိန် – ည(၆း၃၀)နာရီ
ကျင်းပမည့်နေရာ – ပန်ဒါဟိုတယ်ခန်းမ မင်းရဲကျော်စွာလမ်းနှင့်ဝါးတန်းလမ်းထောင့် လမ်းမတော်မြို့နယ်။

ညစာစားပွဲလက်မှတ်များကို အသင်းတိုက်အမှတ်(၂၉/၃၁)၊လမ်း–၅၀၊ ဗိုလ်တထောင်မြို့နယ်အမှုဆောင်ဦးဝင်းသန်းဦးနှင့် OPA အမှုဆောင်များထံ ဝယ်ယူနိုင်ပါသည်။

၂၉-၆-၂၀၀၄ရက်နေ့တွင် ညစာစားပွဲလက်မှတ်တစ်ပါတည်း ဝယ်ယူချီးမြှင့်ကြွရောက်နိုင်ပါသည်။

စိန်ပေါ(လ်)ကျောင်းသားဟောင်းများအသင်း။

ပန်းသုံးပွင့်ရဲ့ဆုတောင်း

သမီးများအပေါ် လုံခြုံအေးချမ်းသော မေတ္တာရိပ်ကိုပေးသော ဖေဖေ ဦးအောင်ပန်း (မောင်နှင်းဆီ)၏ ၁၁-၆-၂၀၀၄တွင် ကျရောက်ခဲ့သော (၈၂)နှစ်မြောက် မွေးနေ့မှသည် သံသရာဆုံးတိုင် စည်းလုံးပျော်ရွှင်စွာ နေထိုင်နိုင်ပါစေ။

ချစ်သမီးများ –ပန်းလှဲ့လှဲ့
–ပန်းပပ
–ပန်းခက်ခက်။

FAME
Diabe-herb®
ဆီးချိုကျဆေးတောင့်

GCE
GCE, TOEFL, IELTS, English Grammar class
Commencing Date: June 2004
212357,252821

ပန်းဥယျာဉ်မှူးကြီး

ဘိုးဘိုး ဦးအောင်ပန်း (မောင်နှင်းဆီ)၏ ၁၁-၆-၂၀၀၄တွင် ကျရောက်ခဲ့သော "၈၂"နှစ်မြောက် မွေးနေ့မှသည် နောင်မွေးနေ့ပေါင်းများစွာကို ဘိုးဘိုး ကချစ်သော၊ ဘိုးဘိုးကိုချစ်ခင်လေးစားသော မြေးများနှင့် ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ပါစေ။

ဘိုးဘိုးရဲ့မြေးများ –ဇော်မိုးကျော်သူ
–မောင်မောင်–ပန်းသက်ထားဦး
–ပန်းအိခိုင်
–လင်းလဝန်း
–ပန်းမဥ္ဇူလင်း
–ပန်းသဇင်လင်း
–ဇေယျာလင်း
–ပန်းကုံကော်
–အောင်ထင်လင်း
–ပန်းဆုယူ
–ပန်းတွယ်တာ
–ပန်းနှင်းဆီ
–ပန်းပြာသို
–ပန်းကောင်းကင်။

KN
Kruwa Namtip
THAI FOOD RESTAURANT
တစ်ခဲနက် ကြွရောက်အားပေးကြသော
လူကြီးမင်းများအတွက်
"ထိုင်းအရသာစစ်စစ်"
အထူးဟင်းလျာ(အသစ်)များကို
ဈေးနှုန်းချိုသာစွာဖြင့် သုံးဆောင်နိုင်ပါပြီ။
KM(မိသားစု)
ရေစက်ဝင်း၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊
ဖုန်း–၇၂၂၈၇၆။

SHINE AC-DC

Ph: 723102

SUPER
CAR RENTAL
249301, 0980 21801

CRANE

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကုန်သွယ်လုပ်ငန်းခွန်ဌာနခွဲ နှစ်ချုပ်ကြေညာလွှာတင်သွင်းရန်နှိုးဆော်ခြင်း

၁။ ၂၀၀၃ခုနှစ် ဧပြီလ ၁ရက်နေ့မှ ၂၀၀၄ခုနှစ် မတ်လ၃၁ရက်နေ့အထိ ဘဏ္ဍာရေးနှစ်အတွင်း ကုန်သွယ်လုပ်ငန်းခွန် ဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ထိုက်သည့် ရောင်းရငွေ (သို့မဟုတ်)ဝန်ဆောင်မှုရငွေရရှိသည့် တစ်ဦးချင်းပိုင် ပုဂ္ဂလိကလုပ်ငန်းများ၊ အစုစပ်လုပ်ငန်းများ၊ ဖက်စပ်လုပ်ငန်းများ၊ ကုမ္ပဏီများ၊ အခွန်ပေးဆောင်ထိုက်သည့် အခြားလုပ်ငန်းများ၊ သမဝါယမအသင်းများနှင့် အစိုးရ၏စီးပွားရေးအဖွဲ့အစည်းများသည် နှစ်ချုပ်ကုန်ရောင်းကြေညာလွှာ (သို့မဟုတ်) နှစ်ချုပ်ဝန်ဆောင်မှုကြေညာလွှာကို ပြည့်စုံစွာ ဖြည့်စွက်၍ လက်မှတ်ရေးထိုးပြီး၂၀၀၄ခုနှစ် ဇွန်လ၃၀ရက်နေ့ထက် နောက်မကျစေဘဲ သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (သို့မဟုတ်) ကုမ္ပဏီများဆိုင်ရာ အခွန်လုပ်ငန်းစုရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင်ပြီး ချောစာဖြင့်ဖြစ်စေ ပေးပို့ရန် ဥပဒေအရ တာဝန်ရှိကြောင်း နှိုးဆော်ပါသည်။

၂။ ကုန်စည်ထုတ်လုပ်မှုလုပ်ငန်းဖြစ်လျှင် ဆားထုတ်လုပ်မှုလုပ်ငန်းမှအပ ဘဏ္ဍာရေးနှစ်အတွင်း စုစုပေါင်းရောင်းရငွေ ကျပ်၂၄၀၀၀၁နှင့် အထက်ရရှိသူများ၊ ကုန်စည်ဝယ်ယူရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်းဖြစ်လျှင် ဘဏ္ဍာရေးနှစ်အတွင်း စုစုပေါင်းရောင်းရငွေကျပ် ၃၀၀၀၀၁နှင့် အထက်ရရှိသူများ၊ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းဖြစ်လျှင် ဘဏ္ဍာရေးနှစ်အတွင်း ခရီးသည်ပို့ဆောင်ခ ရငွေစုစုပေါင်း ကျပ်၁၈၀၀၀၁နှင့် အထက်ရရှိသူများသည်လည်းကောင်း၊ ဖျော်ဖြေမှုလုပ်ငန်းများ၊ ဟိုတယ်၊ တည်းခိုခန်းလုပ်ငန်းများ၊ စားသောက်ဖွယ်ရောင်းချရေးလုပ်ငန်းများ၊ ခရီးသွားလာရေး လုပ်ငန်းများ(ခရီးသွားလမ်းညွှန် လုပ်ကိုင်မှုများအပါအဝင်)၊ မော်တော်ယာဉ်ရေဆေး၊ ဆီထိုးလုပ်ငန်းများ၊ အသက်မှအပ အာမခံလုပ်ငန်းများ၊ ဆံသအပါအဝင် အလှပြင်နှင့်ခန္ဓာကိုယ် ပြုပြင်လေ့ကျင့်မှုလုပ်ငန်းများ၊ ပုံနှိပ်လုပ်ငန်းများသည်လည်းကောင်း၊ နှစ်ချုပ်ကုန်ရောင်းကြေညာလွှာ(သို့မဟုတ်) ဝန်ဆောင်မှုကြေညာလွှာကို လုပ်ငန်း၏နှစ်ချုပ်စာရင်းရှင်းတမ်းများနှင့် ပူးတွဲပေးပို့ရန် တာဝန်ရှိပါသည်။ နှစ်ချုပ်ကြေညာလွှာတင်သွင်းရန် နောက်ဆုံးရက်ဖြစ်သည့် ၂၀၀၄ခုနှစ် ဇွန်လ၃၀ရက်(ဗုဒ္ဓဟူးနေ့)တွင် ဆိုင်ရာရုံးအသီးသီးကို ညနေပိုင်း(၁၈း၀၀)နာရီအထိ ဖွင့်လှစ်၍ကြေညာလွှာများကို လက်ခံပေးမည်ဖြစ်ပါသည်။

၃။ သတ်မှတ်ထားသည့် နှစ်ချုပ်ကုန်ရောင်းကြေညာလွှာ(သို့မဟုတ်)ဝန်ဆောင်မှုကြေညာလွှာပုံစံများကို သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတွင်ဖြစ်စေ၊ ကုမ္ပဏီများဆိုင်ရာအခွန်လုပ်ငန်းစုရုံးတွင်ဖြစ်စေ အခမဲ့ရယူနိုင်ပါသည်။ လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက လက်ခံရရှိကြောင်း သက်သေခံလက်မှတ်ကို သက်ဆိုင်ရာရုံးက ချက်ချင်းထုတ်ပေးမည်ဖြစ်ပါသည်။

၄။ မရှင်းလင်းသည့်အချက်များရှိပါက သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတွင်ဖြစ်စေ၊ ကုမ္ပဏီများဆိုင်ရာအခွန်လုပ်ငန်းစုရုံးတွင်ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

သန်းစိုး
ညွှန်ကြားရေးမှူး(တာဝန်)
ကုန်သွယ်လုပ်ငန်းခွန်ဌာနခွဲ။

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမ

ကန်ကွေ့လှိုင်(ခ) ဒေါ်အေးသန်း အသက်(၆၂)နှစ်

ပဲခူးတိုင်း၊ ညောင်လေးပင်မြို့နယ်၊ မဒေါက်မြို့၊ ကမ်းနားလမ်းအမှတ်(၂၄၇)နေ (ကန်စစ်ချောင်–ဒေါ်ကြည်)တို့၏ သမီးအကြီးဆုံး၊ ရန်ကုန်တိုင်း၊ လသာမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ၁၇လမ်း၊ တိုက်အမှတ်(၁၇၇)–(၁၈၁)နေ[(ရပ်)ယပ်အီလှိုင်(ခ)ဦးချစ်စိန်–(စော)ရှုအင်(ခ)ဒေါ်ခင်စိန်)တို့၏ သမီးချွေးမအကြီးဆုံး၊ ဦးမြင့်စိုး–နော်တူးလူး၊ (အန်းကူ(ခ)ဦးလှထွန်း)၊ ဦးကျော်–ခင်ဆွေငြိမ်း၊ ဦးခင်မော်–ဒေါ်မြင့်မြင့်စမ်း၊ ဆရာလေးဒေါ်သီလ၊ မကြည်ကြည်ဝင်း၊ ဦးဇော်ကြီး–ဒေါ်သက်သက်ဝင်း၊ ဦးမြင့်ထွန်းတို့၏အစ်မကြီး၊ ဒေါ်စိုးယုလွင်၊ ဦးဂရေး–ဒေါ်စိုးယုခိုင်၊ (ဦးသန်းစိုးလင်း)၊ ဦးမြတ်စိုးလင်းတို့၏ မွေးသမိခင်၊ မြေးခြောက်ယောက်၏ အဘွား၊ (ရပ်)ဆွင်ဆိုင်(ခ)သန်းခင်(ခ)ဦးစိုးလွင်၏ ပထမဇနီးသည် ၁-၆-၂၀၀၄ရက် ည ၇း၁၅နာရီတွင် မဒေါက်မြို့၌ ကွယ်လွန်သွားပါ၍ ၃-၆-၂၀၀၄ မွန်းတည့် ၁၂နာရီတွင် မဒေါက်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။



ရာနာမြိုင်
ငယ်ငယ်တုန်းက ပိုချစ်တဲ့ ချစ်လူမိုက်
Live Show VCD KARAOKE (၂ ချပ်တွဲ)
သီချင်း(၁၅)ပုဒ်+ MTV (၃)ပုဒ် စုစုပေါင်းသီချင်း(၁၈)ပုဒ်
KARAOKE
VCD
၁၅-၆-၂၀၀၄ ထွက်ပြီ
LAZY CLUB , LINN

ဂန္ဓဝင်အိမ်ခန်းအလှပြုပြင်ရေးနှင့် ခန်းဆီးလိုက်ကာလုပ်ငန်း

အခန်းဆီးလိုက်ကာပိတ်နှင့်လိုက်ကာတန်း (အထူးလျှော့ဈေး)

အမှတ်–၄၂၊ ၁၁၉လမ်း၊ မြေညီထပ်၊ မင်္ဂလာဈေးအနီး၊ ရန်ကုန်မြို့၊
Ph:202197 E:mail-Gandawin@Mail 4 U.mm.com

Computerized Accounting(12Weeks)
Book-keeping & M.Y.O.B Software
Basic Computer Course (8 Weeks)
Apple နှင့် IBM-PC Window System
240456

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ကုန်စည်ပို့ဆောင်ရေးဌာနခွဲ(အင်းစိန်)ဒည်းကုန်း၊

ဖုန်း –၆၄၀၇၃၉ –၆၄၀၄၄၂

တီအီး၊ ယာဉ်မောင်းနှင်မှုသင်တန်းအမှတ်စဉ်(၈၆) ၃၀-၆-၂၀၀၄ရက်နေ့တွင်ဖွင့်မည်။

သင်တန်းသားဦးရေ ကန့်သတ်ထားသဖြင့် စိတ်ပါဝင်စားသူများ အထက်ပါကြော်ငြာထည့်သွင်းသည့်နေ့မှစ၍ သင်တန်းကြေးများပေးသွင်းနိုင်ပါသည်။

ဌာနဆိုင်ရာအဖွဲ့အစည်းများအတွက် သတ်မှတ်သင်တန်းသားဦးရေ ပြည့်မီပါက သီးခြားသင်တန်းစီစဉ်ပေးမည်။ နယ်သင်တန်းသားများအတွက် ဘော်ဒါရှိသည်။

သင်မောင်းလိုင်စင်နှင့် "ခ"လိုင်စင်ရရှိရေး ကူညီဆောင်ရွက်ပေးသည်။ သင်တန်းဆင်းလက်မှတ်အား အင်္ဂလိပ်ဘာသာဖြင့်ချီးမြှင့်ထုတ်ပေးသည်။

ရက်ကန်းလုပ်ငန်းရှင်များဝမ်းမြောက်ဖွယ်

Polyester, Rayon, Silkများ ရက်လုပ်ရန်အတွက် အထူးစီမံထား၍ လက်ရှိအသုံးပြုလျက်ရှိသော အရည်အသွေးမြင့်မားသော **High Quality** အောက်ပါစက်များကို သင့်လျော်သောနှုန်းထားဖြင့် ရောင်းချရန်ရှိပါသည်။

1.Tsudakoma Brand Power Loom and Dobby.
2.Yamada, Tsudakoma Brand "High Speed Bobbin Winder"
3.Yamada Brand "Twisting Machine"
4.Kakinoki Brand "Warpping Machine"
5.Yamada Brand "Pirn Winder<Auto System, Power Type>"

Polyester, Rayon, Silk ချည်များကို ဖြန့်ဖြူးရောင်းချရန်ရှိပါသည်။

ဆက်သွယ်ရန်ဖုန်း–၀၁-၅၀၂၃၈၂၊ ၀၁-၅၂၆၇၈၃။

ရဟန်းဒါယိကာမကြီး

ဒေါ်ထွေး

အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကေတုမတီလမ်း၊ အမှတ်(၅၆၉)နေ(ဦးစံဦး–ဒေါ်သဲမိတ်)တို့၏သမီး၊ (ဦးချစ်တီး)၏ဇနီး၊ ဦးမြင့်ဆွေ (စာတည်းမှူး၊ ကြေးမုံသတင်းစာ)–ဒေါ်နီနီစံ(အကြီးတန်းသတင်းထောက်၊ မြန်မာ့အလင်းသတင်းစာ)၊ ဒေါ်သန်းနွဲ့၊ ဦးလှိုင်ဘွား (FJVCC–အင်/ယာဌာန)–ဒေါ်တင်နွယ် (ဒု–ဦးစီးမှူး၊ ပဲခူးမြို့နယ်အခွန်ဦးစီးဌာန)၊ ဒေါ်မြင့်မြင့်ကြည်တို့၏ ချစ်လှစွာသောမိခင်၊ မောင်ဇေယျာမင်း၊ မောင်ရန်ပိုင်သော်၊ မောင်ဇာနည်ဦးတို့၏ အဘွားဒေါ်ထွေးသည် ၁၄–၆–၂၀၀၄(တနင်္လာနေ့)မွန်းလွဲ၂း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆–၆–၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက်၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၈း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအောင်ကျော်သိန်း(ခ)ဦးမောင်မောင်လှ

အသက်(၆၂)နှစ်

တကက(ငြိမ်း)၊ တပ်မတော်(လေ)

(စစ်တွေ)

(ဦးစံထွန်းဖြူ–ဒေါ်သိန်းတန်ဦး)တို့၏သား၊ (ဦးဘိုးလှ–ဒေါ်ယဉ်သာဖြူ)တို့၏သားသမက်၊ ဒေါ်အစိန်၊(ဦးဖြူမောင်–ဒေါ်မသာစိန်)၊ ဦးဘသိန်း၊ ဦးသိန်းမြ၊ ဒေါ်မချစ်စိန်၊ (ဦးကျော်ထွန်းဦး–ဒေါ်သန်းကြူ)၊ ဦးဖိုးလှ–(ဒေါ်လီ)၊ ဒေါ်ညွန့်ရှင်တို့၏ညီ/မောင်၊ ရန်ကုန်တိုင်း၊မရမ်းကုန်းမြို့နယ်၊(၁)ရပ်ကွက်၊အမှတ်(ခ/၇၃)၊ ကံ့ကော်လမ်းသွယ်(၅)၊ ဘုရင့်နောင်ပွဲရုံနေ ဒေါ်သန်းစိန်၏ခင်ပွန်း၊ ဦးမောင်ထွန်းကျော်ဒေါ်ပုလဲစိန်၊ဦးစိုးထွန်းဒေါ်အေးဝင်းခိုင်(ကြယ်စုံပွဲရုံ)၊ဒေါ်ဖြူမေ၊ဒေါ်သိန်းရွှေတို့၏ယောက်ဖ၊ ဦးလှမြင့်–ဒေါ်ဦးသိန်းမြ(ရခိုင်သားကြီးစာပေ)၊ ဦးပေါ်ထွန်းအောင်၊ ဦးအောင်ကျော်ထွန်း–ဒေါ်မြသန္တာ၊ ဒေါ်သန္တာအေး၊ (မောင်ကောင်းမြတ်သူ)တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၃–၆–၂၀၀၄(တနင်္ဂနွေနေ့) ည၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆–၆–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဦးလှမြင့်–ဒေါ်ဦးသိန်းမြ(ရခိုင်သားကြီးစာပေ)၏ဖခင်၊ ဦးအောင်ကျော်သိန်း(ခ)ဦးမောင်မောင်လှ(၆၂)နှစ် စစ်တွေသည် ၁၃–၆–၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းမိပါကြောင်း။

စစ်တွေကောလိပ် ကျောင်းသား/ကျောင်းသူဟောင်းများ မိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဦးအောင်ကျော်သိန်း(ခ)မောင်မောင်လှ (၆၂)နှစ်

(စစ်တွေ)

ဦးလှမြင့်–ဒေါ်ဦးသိန်းမြ(ရခိုင်သားကြီးစာပေ)၏ဖခင်၊ ဦးအောင်ကျော်သိန်း(ခ)ဦးမောင်မောင်လှ သည် ၁၃–၆–၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းမိပါသည်။

ဦးဇော်အေးမောင်၊ ဒေါ်လှမြင့်သန်းမိသားစု၊ ရန်ကုန်။

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးမြသွင် (၈၇)နှစ်

အငြိမ်းစားကျောင်းဆရာကြီး

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ်(၄၃၃)နေ (ဦးဘိုးထူး–ဒေါ်စိန်)တို့၏ သား၊ ဦးခေမာစာရ (ဓမ္မာစရိယဘီအေ) မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်း၏ ရဟန်း ဒါယိကာမကြီး (ဒေါ်ခင်မြို့)၏ခင်ပွန်း၊ ဒေးဒရဲမြို့နယ်အသင်း (ရန်ကုန်)၏ နာယက ဦးမြသွင်သည် ၁၃–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၅–၆–၂၀၀၄(အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ အမှုဆောင်အဖွဲ့။

ဦးခင်မောင်သွယ် (၆၃)နှစ်

(ဂီတစာဆိုမောင်ကြေးမုံ)

(မင်းလှ)

မင်းလှမြို့နေ(ဦးသွယ်–ဒေါ်ကျောက်)တို့၏သား၊ ဦးကြည်လွင်၊ ဒေါ်ကြူကြူ၊ ဒေါ်စန်းစန်းသွယ်၊ (ဦးစိုးလွင်)တို့၏ မောင်၊ညီ၊အစ်ကို၊ (ဒေါ်တင်ရီ)၏ခင်ပွန်း၊ ဦးဇေယျ၊ ဒေါ်သီတာ(အလက၊ မငေးစုရွာ)၊ ကိုသီဟသွယ်–မခက်ခက်မာငြိမ်း၊ ကိုခန့်ချော၊ (မောင်ကျော်ဇေယျ) တို့၏ မွေးသဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၁၄–၆–၂၀၀၄(တနင်္လာနေ့) တွင် ဗဟိုစည် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၇–၆–၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ။

ဦးတင်မြိုင် (၅၆)နှစ်

(စံမြင့်သူ –မိုးညှင်း)

စာပေစာနယ်ဇင်းအဖွဲ့ဝင်

ဒု–ဦးစီးမှူး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

ကချင်ပြည်နယ်၊ မိုးညှင်းမြို့၊ အရှေ့စုရပ်နေ ဒေါ်သန်းတင်၏ခင်ပွန်း၊ မညိုမာခိုင်(နည်းပြ၊သူနာပြုတက္ကသိုလ်၊မန္တလေး)၊ မောင်သန့်ဇော်ခိုင်(လက်ထောက် အင်ဂျင်နီယာ၊ ချည်မျှင်နှင့် အထည်စက်ရုံ၊ ပခုက္ကူ)၊ မသီတာခိုင်၊ မောင်ကျော်စွာခိုင် (အငယ်တန်းအင်ဂျင်နီယာ၊ မီးခံအုတ်စက်ရုံ၊ ကျောက်ဆည်)–မချိုသက်အောင် (အငယ်တန်းအင်ဂျင်နီယာ၊ မီးခံအုတ်စက်ရုံ၊ ကျောက်ဆည်)၊ မကြည်သာခိုင် (အမက၊ ဗန်းမော်)တို့၏ ချစ်လှစွာသော မွေးသဖခင်သည် ၁၀–၆–၂၀၀၄ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၄–၆–၂၀၀၄(တနင်္လာနေ့)တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးသိန်းမြင့် အသက်(၇၀)

B.A (History)

(Dip in Russian)

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊အမှတ် ၅၃၊ ကျွန်းတောလမ်းနေ အဆွေတော် ဓာတ်ပုံတိုက် (ဦးစိန်ဖေ – ဒေါ်သန်းမြ) တို့၏တူ၊ (ဦးကိုကိုကြီး–ဒေါ်သန်းစိန်) တို့၏သားကြီး၊ (ဒေါ်ခင်ခင်အေး) အထက(၂) စမ်းချောင်း၏ ခင်ပွန်း၊ မောင်ထွန်းကျော်သူမြင့်–မပြည့်ငြိမ်းရှင် တို့၏ဖခင်၊ (ဒေါ်လှလှ) – ဦးတင်ဦး၊ ဒေါ်ခင်အေးငြိမ်း–ဦးစိုးငွေ၊ ဒေါ်မြင့်မြင့်စန်း ဦးမျိုးမြင့်၊ ဦးရဲမြင့်(သစ်လုပ်ငန်း)–ဒေါ်ခင်မေ၊ ဦးမြင့်ဆွေ (ဦးပဏ္ဍိတ)၊ ဦးအောင်ထူး(သဘောကျင်း)–ဒေါ်တင်မြင့်၊ ဒေါ်ခင်ခင်ဖြူ၊ (ဦးမြတ်သူ) တို့၏အစ်ကိုကြီးသည် ၁၄–၆–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၆–၆–၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

ကျေးဇူးရှင်ဖခင်ကြီး ဒေါက်တာဦးညွန့်ဝေ (ကထိက၊ အရိုးအထူးကုဆရာဝန်ကြီး၊ငြိမ်း) နာမကျန်း ဖြစ်စဉ်က ဂရုစိုက် ပြုစုကုသပေးခဲ့ကြသော ရန်ကုန် အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၊ ဆေးပညာဌာနမှ ဌာနမှူးနှင့် တကွ ပါမောက္ခများ၊ ဆရာဝန်ကြီးများ၊ အထူးကြပ်မတ်ကုသခန်းမှ ဆရာဝန်၊ ဆရာမများ၊ လာရောက်သတင်းမေးကြသော အရိုးအထူးကု ဆရာဝန်ကြီးများနှင့် မိတ်ဆွေ ဆရာဝန်ကြီးများ၊ လိုလေသေး မရှိအောင် ကူညီပေးသော အကယ်ဒမီ အထူးကုဆေးခန်းမှ အုပ်ချုပ်မှု ဒါရိုက်တာနှင့် ဝန်ထမ်း ဆရာမများအားလည်းကောင်း၊ကွယ်လွန်ပြီးနောက် ကိုယ်တိုင်လာရောက်သတင်းမေးခြင်း၊ ကြေးနန်း၊ တယ်လီဖုန်းများဖြင့် ဝမ်းနည်းကြောင်း သတင်းမေးမြန်းကြသော ရပ်ဝေး၊ ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ကျေးဇူးတင်ရှိပါကြောင်း။ကျန်ရစ်သူမိသားစု။

ဦးစံသိန်း (၆၉)နှစ်

ဌာနခွဲစာရေးကြီး(ငြိမ်း)၊ စာတိုက်/ကြေးနန်း

ရန်ကုန်မြို့နေ ဦးသိန်းဖေ–ဒေါ်စိန်မြတို့၏သား၊ ယခင် တိုင်းကြေးနန်းအင်ဂျင်နီယာဝန်ရုံး (ဒက္ခိဏတိုင်း) ဌာနခွဲစာရေးကြီး ဦးစံသိန်း(ငြိမ်း)သည် ၁၃–၆–၂၀၀၄ရက် နံနက် ၉နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၁၅လမ်း၊ မောင်းထောင်ကျောင်းတိုက်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

တူ၊တူမများ။

ဗိုလ်ကြီး ကိုကိုကြီး(ငြိမ်း)

အသက် (၈၆)နှစ်

(မော်ကျွန်း)၊ (ဝါခီး)

မော်လမြိုင်ကျွန်းမြို့နေ (ဦးပေါ်လာ–ဒေါ်ရွှေခင်)တို့၏သား၊ ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဓ)ရပ်ကွက်၊ ဥဇ္ဇနာ(၄)လမ်း၊အမှတ်(၃၀၃)နေ (ဒေါ်သန်းသန်း)၏ခင်ပွန်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်နေ ဦးဇော်ဝင်းမြင့်(မြို့နယ်သတင်းထောက်)ဇော်ဝင်းမြင့် ဗီဒီယိုဓာတ်ပုံ–ဒေါ်ခင်အေးမြင့်(ခ)မဖြူ၊ ဦးဝေလင်း–ဒေါ်ဝေဝေ(မော်ကျွန်းမြို့နယ်သ/မ)၊ ဦးမောင်မောင်ခင် (ဝါခီး)–ဒေါ်သန်းသန်းထွေး (ဝါခီး)၊ မောင်ကိုကို–မမြင့်မြင့်အေး (ကျောက်တန်း)၊ မောင်တင်ဦး(ကကလုံ)–မစမ်းစမ်းမြင့်(MTEI)၊ မောင်မောင်လွင်တို့၏ဖခင်၊ မြေး၁၈ယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၁၃–၆–၂၀၀၄ရက်တွင်ကွယ်လွန်သွားပါ၍ ၁၅–၆–၂၀၀၄ရက် ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်အေးသန့် (၈၇)နှစ်

ရန်ကုန်တိုင်း၊ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊ ဆရာစံလမ်း၊ အမှတ်(၁၆၈)နေ(ဦးပါ)၏ဇနီး၊ ဒါးပိန်မြို့နေ ဦးတင်ဝင်း–(ဒေါ်ခင်ပု)တို့၏အစ်မ၊ (ဦးကြည်ထွန်း)–ဒေါ်ရီရီ၊ (ဦးသိန်းအောင်)–ဒေါ်မြမြကြည်(ဗဟိုစာရင်းရုံး)၊ ဦးကြည်သိန်း(ကကငွေ)–ဒေါ်မြင့်မြင့်သန်း၊ဦးဝင်လှိုင်၊(ဦးဝင်းကြည်)–ဒေါ်အေးအေး၊ ဦးဝင်းငွေ(ခ)ဦးလှမြင့်–ဒေါ်စန်းမြင့်ထွေးတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ ကိုကျော်စွာမိုး–မဇင်မင်းသက်၊ ကိုတင်ဦး–မအေးစန္ဒာထွန်း၊ ကိုထွန်းလင်းအောင်–မနီနီလွင်၊ မချိုမင်းသက်၊ မောင်အောင်မျိုးထွန်း၊ မောင်ကျော်လင်းထက်၊မောင်တေဇာလင်းထက်၊မောင်မြတ်သူထွန်း–မခင်သန်းနွဲ့၊ မောင်ဇော်မျိုးထက်၊ မနေခြည်လင်းထက်၊ မအိနန္ဒာစိုး၊ မောင်မာဃဖြိုး၊ မခင်သူသူဝင်းတို့၏ အဘွားသည် ၁၃–၆–၂၀၀၄ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၅–၆–၂၀၀၄(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက် ၁၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာ၊ ကျောင်းဒါယကာ

ဗိုလ်ကြီးသန်းကြွယ်(ငြိမ်း)

အသက်(၇၈)နှစ်

(မအူပင်/စစ်ချောင်း)

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ဝါဦး(၅)လမ်း၊ အမှတ်(၇၁)နေ (ဦးတင့်–ဒေါ်အုန်းခက်)တို့၏ သားကြီး၊ ဒေါ်တင်တင်ချစ်၏ ခင်ပွန်း၊ ဦးအုန်းမြင့်(R/O K.L Shippig HK)–ဒေါ်ကျင်စန်း၊ ဦးလေးနိုင်ထွန်း(Rep Petrol Serve Shippig Co., Ltd)–ဒေါ်အေးအေးမြင့်မောင်၊ ဦးသန်းချစ်ကြွယ် (Bosun Sea Green Co.)–ဒေါ်နုနုရီ၊ Mr. Rolf Rod–ဒေါ်ခင်မြင့်မြင့်ကြွယ်၊ ဦးအေးအုန်းကြွယ်–ဒေါ်ပွင့်မာ၊ ဦးတင်ထွန်းကြွယ်–ဒေါ်နိုင်နိုင်မော်၊ (မောင်စိုးနိုင်)တို့၏ ဖခင်၊ ကိုမင်းမင်းကဲသောင်း–မသတိုးဆွေ၊ မောင်အောင်အောင်၊ မြေး ၁၁ယောက်၊မြစ်တစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၃–၆–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍၁၅–၆–၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁၂း၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ညွန့် (၆၈)နှစ်

ကျိုက်လတ်

ရန်ကုန်မြို့၊ အမှတ်(၁၄)၊ သာယာကုန်းလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်နေ (ဦးဘဝင်း–ဒေါ်လှရင်)တို့၏သမီး၊ (ဦးထွန်းစိန်–ဒေါ်သိန်းညွန့်)တို့၏ချွေးမ၊ (ဦးသက်တင်)၏ ဇနီး၊ ဒေါ်အေးအေးသိန်း – ဦးအေးမြင့်၊ ဦးသောင်းစိန်(MSL) – ဒေါ်အုံးမော်၊ ဒေါ်မြင့်မြင့်အေး–ဦးချစ်ဟန်၊ ဦးခင်ထွန်း–ဒေါ်ဌေးဌေးဝင်း၊ ဦးသိန်းတန်–ဒေါ်သင်းသင်းမော်၊ ဦးစိန်ကြိုင်–ဒေါ်ကေတီတို့၏မွေးသမိခင်၊ မြေး၂၂ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၄–၆–၂၀၀၄ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးမျိုးမြင့်ဦး (၅၄)နှစ်

(B.Sc, Phys)

ဦးစီးအရာရှိ၊ ရေနံသယ်ပို့ဌာန

ပြည်မြို့၊ လမ်းမတော်လမ်း၊ ရွှေလင်းယုန် စတိုးနေ (ဦးတင်ဦး–ဒေါ်လှလှ) တို့၏သား၊ ပညာရေးမှူးဦးဘလှ–ဒေါ်သန်းသန်းနု၊ ဒေါ်ရင်ရင်၊ ဒေါ်တင်တင်တို့၏ တူ၊ (ဦးချိုဝင်းဦး–ဒေါ်ဖြူ)၊ ဦးအောင်မြင့်ဦး(ဒု–ရဲအုပ်)–ဒေါ်အေးအေးသန်း၊ ဦးစိုးမိုးဦး–ဒေါ်စန်းစန်း၊ ကိုကြီးမြင့်တို့၏အစ်ကို၊ ဦးအောင်ငွေ–ဒေါ်အုန်းအုန်းမြင့်(အထက–၅)၊ ဦးညွန့်လွင်–ဒေါ်ညိုညို(အောင်လံမြို့)တို့၏ မောင်၊ ဇေယျာဦး(ခ)ကျော်ဝေယံ (GTC MT, 1st Year)၊ အောင်စည်ဦး(1st Yr-Geog)တို့၏ ဖခင်၊ ဒေါ်ရီရီမြင့်၏ ခင်ပွန်းသည် ၁၃–၆–၂၀၀၄ (တနင်္ဂနွေနေ့)တွင် အာရှတော်ဝင်ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၅–၆–၂၀၀၄ (အင်္ဂါနေ့) ပြည်မြို့နေအိမ်မှ ကန်တော်ဦးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးလှိုင်(ခ)ဦးပါ (၈၂)နှစ်

(မိတ္ထီလာ)

မိတ္ထီလာမြို့၊ ဆိုင်းတန်းရပ်နေ (ဦးသက်ထွန်း – ဒေါ်ထွန်းရင်) တို့၏ သားကြီး၊ ဦးခင်မောင်ဝင်း–ဒေါ်ခင်စန်းမြင့်၊ (ဦးတင်ထွန်းလှိုင်)၊ ဦးဆန်နီလှိုင်–ဒေါ်နုနုရီ၊ ဦးခင်ဇော်–ဒေါ်သင်းသင်းလှိုင် တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၁၄–၆–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင် မလှိုင်မြို့ ရေချိုဘုတာကျေးရွာသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

ဒေါ်သန်း(ခ)ဒေါ်စဘူရာဘီ

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်အောင်ရပ်ကွက်၊ ရန်အောင်လမ်း၊ အမှတ်(၁၇)နေ (ဦးဒိုင် နာမိုဟာမက်)၏ ဇနီး၊ (ဦးအေးအောင်)၊ ဦးလှသိန်း (ရေကျော်ဈေး)နှင့် သားသမီး၁၀ယောက်တို့၏မိခင်၊ မြေး၂၉ယောက်၊ မြစ်သုံးယောက်တို့၏အဘွား ဒေါ်သန်း(ခ)ဒေါ်စဘူရာဘီသည် ၁၂–၆–၂၀၀၄ (စနေနေ့) နံနက်၉း၂၀နာရီတွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့ညနေ ၅နာရီတွင် ရေဝေးမွတ်စလင် ဥယျာဉ်တော်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

တကကလှရွှေ (၇၂)နှစ်

(တပ်မတော်–ရေ၊ငြိမ်း)

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ မြိုင်ဟေဝန်အိမ်ရာ၊ ၆/၂၀၆နေ (ဦးထွန်းစိန်–ဒေါ်သင်း)တို့၏သား၊ ဒေါ်ကြည်၏ ခင်ပွန်း၊ ဦးစိုးလှိုင်–ဒေါ်ငြိမ်းလှတို့၏ အစ်ကို၊ ဦးမြင့်လွင်–ဒေါ်နုနုရီ၊ ဦးဝင်းမြင့်(နိုင်ငံခြားရေးဝန်ကြီးဌာန)–ဒေါ်သီတာဇေယျ၊ ဦးလှမင်း (ပြည်တွင်းအခွန်)–ဒေါ်မြင့်မြင့်သိန်း (ဆေးဂွမ်း–၂၆)၊ ဒေါ်မြင့်မြင့်ဝေ(မရမ်းကုန်းအထည်–၁)၊ ဦးသက်လွင်(ရီရှင်း ရေလုပ်ငန်းကုမ္ပဏီ)–ဒေါ်ခင်ဝင်းဝင်းဇော်၊ ဒေါ်တင့်တင့်ဝေ (နိုင်ငံခြားရေးဝန်ကြီးဌာန)၊ဒေါ်ယဉ်ယဉ်ထွေး(Asia Express)တို့ ၏မွေးသဖခင် ကျေးဇူးရှင်၊ မြေး ၁၁ယောက်တို့၏ အဘိုးသည် ၁၃–၆–၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၁၅–၆–၂၀၀၄ရက် နံနက် ၁၀နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသက်မြင့် (၆၇)နှစ်

[Winston(ခ)ဦးယွမ်ဆောင်]

(ဖြူးမြို့)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃) ရပ်ကွက်၊ အမှတ်(၅၇/C)၊ မြနန္ဒာလမ်း၊ ကျောက်ကုန်းနေ (ဦးစစ်–ဒေါ်အေးကျင်) တို့၏သား၊ ဦးကျော်မြင့်၊ ဦးမောင်မောင်နီ–ဒေါ်စိန်စိန်၊ ဒေါက်တာဦးဝင်းလွင်၊ ဒေါက်တာဦးသာထွန်း–ဒေါ်ခင်ဌေးတို့၏ ညီ၊ (ဦးစိန်မြင့်)–ဒေါ်မြင့်မြင့်စန်း၊ ဦးတင့်တယ် (ညွှန်/ချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန)–ဒေါ်နန်းထားရီ၊ (ဦးဝင်းမြင့်)–ဒေါ်စိမ်းမြိုင်၊ ဦးကျော်မြင့်–ဒေါ်တင်တင်စန်း၊ ဒေါက်တာခင်ခင်စန်း၊ ဒေါက်တာမြင့်ဦး–ဒေါ်မင်းမင်းစန်းတို့၏ အစ်ကိုသည် ၁၃–၆–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၅–၆–၂၀၀၄ ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

တပ်ကြပ်ကြီးမြင့်စိုး

အသက်(၄၇)နှစ်

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၁၄/၇၈)၊ ပိတောက်လမ်းနေ (ဦးကြိုင်)–ဒေါ်ကြင်မြိုင်တို့၏သား၊ ဒေါ်လှ စိန်၊ ဒေါ်မြင့်ကြည်တို့၏မောင်၊ ဦးမြင့်လွင်(တပ်မတော်–ငြိမ်း)၊ တပ်ကြပ်ကြီးမြင့်ငွေတို့၏အစ်ကို၊ ဒေါ်ရီရီမြင့်၏ ခင်ပွန်း၊ မမိုးမိုးသူ(အထက–၁၊အင်းစိန်)၊ မအိအိသူ(အလက–၁၊အင်းစိန်)တို့၏ ဖခင်သည် ၁၄–၆–၂၀၀၄ရက် နံနက် ၁၁း၂၀နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်–၅၀၀)၌ကွယ်လွန်သွားပါသဖြင့် ၁၆–၆–၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၁း၃၀ နာရီတွင် တပ်မတော်ဆေးရုံကြီး မင်္ဂလာဒုံမှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး

ဒေါ်မေဓာဥာဏီ

သိက္ခာတော်(၆၆)ဝါ

သက်တော်(၈၂)နှစ်

(မအူပင်)

ဧရာဝတီတိုင်း၊ မအူပင်မြို့၊သုစိဏ္ဏသာသနရံသီ စာသင်တိုက်၊ တိုက်ကြပ်ဆရာကြီး၊ မအူပင်မြို့၊ မြို့လယ်ကျောင်းတိုက်၊ ဦးဣန္ဒသရိယ(သာသနဓဇ ဓမ္မာစရိယ)၏ ရဟန်းအမ၊ ရွှေတောင်မော်ရွာနေဦးအုံကြီး–ဒေါ်စံရွှေတို့၏သမီး ဒေါ်မေဓာဥာဏီသည် ၁၃၆၆ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ရက်၊ ၁၃–၆–၂၀၀၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၆ခုနှစ် နယုန်လပြည့်ကျော် ၁၃ရက်၊ ၁၅–၆–၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် မအူပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ တပည့်များ၊ ဒါယကာ၊ဒါယိကာမအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။ **သုစိဏ္ဏသာသနရံသီစာသင်တိုက်၊ မအူပင်မြို့။**

ဦးခင်မောင်သွယ်

(ဂီတစာဆိုမောင်ကြေးမုံ)

အသက်(၆၃)နှစ်

(မင်းလှ)

မင်းလှမြို့နေ(ဦးသွယ်–ဒေါ်ကျောက်)တို့၏ သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၂၂)၊ ကျားကွက်သစ်လမ်း၊ ကျောက်မြောင်းနေ ဒေါ်ထားသဥ္စာ၏ ခင်ပွန်း၊ ဦးကြည်လွင်၊ ဒေါ်ကြူကြူ၊ ဒေါ်စန်းစန်းသွယ်၊ (ဦးစိုးလွင်)တို့၏ မောင်၊ညီ၊အစ်ကို၊ ဦးဇေယျ၊ ဒေါ်သီတာ (အလက၊မငေးစု)၊ ကိုသီဟသွယ်–မခက်ခက်မာငြိမ်း၊ ကိုခန့်ချော (နိုင်ငံတကာ စီးပွားရေး ဂျာနယ်)၊ (မောင်ကျော်ဇေယျ) တို့၏မွေးသဖခင်၊မောင်ကောင်းမွန်အောင် (အထက–၂၊ ဒဂုံ)၊ မောင်ညီဇေမင်း (အထက–၁၊ကမာရွတ်)၊ မောင်နေမျိုးသီဟ(မူကြို–၃)တို့၏ အဘိုးသည် ၁၄–၆–၂၀၀၄(တနင်္လာနေ့)တွင် ဗဟိုစည် ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၇–၆–၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအောင်ခိုင်သိန်း(၄၅)နှစ်

B.A(History) R.L

(TTC ကျောင်းသားဟောင်း)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ တေဇကဲ့ကမ္ဘဌာန်းကျောင်းတိုက်နေ ဦးပညာဇောတ(ခ)ဦးဘမြင့်၊ (လွှတ်လပ်ရေးမော်ကွန်းဝင်ပထမဆင့်၊ နိုင်ငံ့ဂုဏ်ရည်ဒုတိယဆင့်)–(ဒေါ်အေးမြင့်သန်း)တို့၏ သား၊ ဒုအရာခံဗိုလ်စိုးမြင့်သိန်း–ဒေါ်လဲ့လဲ့မြင့်၊ ဦးကြည်သိန်း–ဒေါ်ဆွေဆွေဝင်း၊ ဦးထူးအေးလွင်–ဒေါ်ဆွေဆွေဝင်းတို့၏ မောင်၊ ညီ၊ ဦးလှထွန်း–ဒေါ်နီလာလွင်၊ ဦးအောင်မော်ဟိန်း၊ ဦးအောင်နိုင်ဦး (ထန်းတပင်ရဲစခန်း) – ဒေါ်သီတာအေး၊ တပ်ကြပ်ကြီးစာရေး ကျော်သင်းလွင် (တပ်မတော်မှတ်တမ်းရုံး)– ဒေါ်သပြေတို့၏အစ်ကို၊ တူ၊တူမ၈ယောက်တို့၏ ဦးလေးသည် ၁၂–၆–၂၀၀၄ (စနေနေ့) တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးအောင်ဆန်းဦး (၃၄)နှစ်

ယာယီတပ်ခွဲမှူး၊ ဗိုလ်မှူး

OTS-91

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ အမှတ်(၁၃)၊ ၁၂ လမ်းနေ ဦးအောင်ငွေ–ဒေါ်သန်းရီတို့၏ သားကြီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ အမှတ်(၆၄)၊ အောင်ဇေယျလမ်းနေ ဗိုလ်မှူးထွန်းမြင့်(ငြိမ်း)–ဒေါ်ခင်ဆွေဝင်းတို့၏ သားသမက်၊ ဒေါ်မေဦးခိုင်၏ခင်ပွန်း၊ မသီတာစန်း၊ ကိုဇော်လင်းထွဋ်–မယဉ်ယဉ်အေးတို့၏ အစ်ကိုကြီးသည် ၁၃–၆–၂၀၀၄(တနင်္ဂနွေနေ့) နံနက်၃နာရီတွင် မြိတ်မြို့၊ တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ၁နာရီတွင် စစ်အခမ်းအနားဖြင့် ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

ဗိုလ်ကြီးအောင်ဆန်းဦး

ယာယီတပ်ခွဲမှူး၊ ဗိုလ်မှူး

OTS-91

၁၃–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားခဲ့သော ဗိုလ်ကြီးအောင်ဆန်းဦး၏ ဈာပန အခမ်းအနားတွင် ဝိုင်းဝန်းကူညီလိုက်ပါပို့ဆောင်ပေးခဲ့သော တိုင်းမှူးနှင့်ဇနီး၊ ဒုတိယတိုင်းမှူးနှင့် တိုင်းစစ်ဌာနချုပ်မှ အရာရှိ/အရာခံများနှင့် ဇနီးများ၊ တပ်ရင်းမှူးနှင့် အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများအားလုံး၊ မြိတ်တပ်နယ်မှ တပ်ရင်းတပ်ဖွဲ့ဝင်များ၊ မြိတ်တပ်မတော်ဆေးရုံမှဆရာဝန်၊ ဆရာမများ၊ မြိတ်မြို့မှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ဝိုင်းဝန်းကူညီပို့ဆောင်ကြသူအားလုံးအား ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ အာစိဏ္ဏ

သိက္ခာတော်(၅၂)ဝါ၊ သက်တော်(၈၇)နှစ်

ကမ္မဌာန်းကျောင်း၊ ပဓာနနာယကဆရာတော်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ အမှတ်(၁)ဝိုင်း၊ ပါရမီလမ်း၊ ကမ္မဌာန်းကျောင်းဆရာတော်ဘဒ္ဒန္တ အာစိဏ္ဏသည် ၁၃၆၆ခုနှစ် နယုန်လပြည့်ကျော်၁၂ရက်၊ ၁၄–၆–၂၀၀၄ရက် နံနက်၁၁း၄၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို နယုန်လပြည့်ကျော်၁၄ရက်၊ ၁၆–၆–၂၀၀၄(ဗုဒ္ဓဟူးနေ့)မွန်းလွဲ၂နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပန ကျင်းပမည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ တပည့်သံဃာ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါကျောင်းတိုက်မှ ကားများ မွန်းလွဲ၁နာရီတွင်ထွက်ပါမည်။

ဈာပနကော်မတီ။

ဝမ်းနည်းကြေကွဲခြင်း

ဦးတင်မြိုင် (၅၆)နှစ်

(စံမြင့်သူ–မိုးညှင်း)

မညိုမာခိုင်(နည်းပြ၊ မန္တလေးသူနာပြုတက္ကသိုလ်)၏ ဖခင် ဦးတင်မြိုင်သည် ၁၀–၆–၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သူငယ်ချင်းများ–ပထမအကြိမ် သူနာပြုသိပ္ပံ(ပုံမှန်) ကျောင်းသား၊ ကျောင်းသူများ။

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဦးညွန့်ဝေ (အရိုးရောဂါအထူးကုဆရာဝန်ကြီး–ငြိမ်း၊ မြစ်ကြီးနား) သည် ၇–၆–၂၀၀၄ရက်၌ ကွယ်လွန်ကြောင်းကြားသိရပါ၍ ရွှေဂုံတိုင်အထူးကုဆေးခန်းမှ သူနာပြုဆရာမကြီး ဒေါ်သန်းသန်းနွယ်၊ သား(မောင်သက်မိုးဇင်)၊ မောင်ရန်နောင်စိုး(SSC အင်ဂျင်နီယာဌာန)၊ မကေခိုင်လင်း၊ မြေး မောင်ဩခမ္ဘူး တို့နှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။ **သူငယ်ချင်းများ။**

ဒေါ်လှလှဝင်း(ခ)ဒေါ်အမာ

အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လိပ်ကန်လမ်း၊ အမှတ်(၆၈)နေ (ဦးဘထွန်း–ဒေါ်ငွေရင်)တို့၏ သမီး၊ ဦးလှရွှေ(တပ်မတော်အရာရှိ–ငြိမ်း၊ ကကဆက်)၏ ဇနီး၊ ဦးဇော်ဝင်း (C/E HUB Shipping Co.)–ဒေါ်မြင့်မြင့်သန်း (စက်မှု/စားကုန်–ငြိမ်း)၊ ဦးအောင်ခိုင်၊ ဒေါ်စန်းစန်းဝင်း (လ/ထမန်နေဂျာ၊ အာမခံ)၊ ဗိုလ်မှူးသိန်းဝင်း(ကျိုင်းတုံ)–ဒေါ်မြင့်မြင့်(MPPE)၊ ဦးမျိုးဝင်း(နယ်စပ်/စည်ပင်)–ဒေါ်လဲ့လဲ့ဝင်း(အာမခံ)၊ ဦးကျော်ကျော်ဝင်း (R/O)–ဒေါ်ချိုချို (MPPE) တို့၏မွေးသမိခင်၊ မြေး၀ါယောက်တို့၏ အဘွား၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၁၃–၆–၂၀၀၄(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅–၆–၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ပညာသီရိ(ဒေါ်မြင့်မြင့်လွင်)

အသက်(၅၇)နှစ်

အောင်ရတနာမဉ္ဇူပရိယတ္တိစာသင်တိုက်

မြိုင်သာယာစံပြရွာ၊ ကျောက်တန်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ စုပေါင်းအိမ်ရာ၊ ယင်းမာမြိုင်လမ်း၊ အမှတ်–၆၈/၂နေ ဦးထွန်းလွင်–ဒေါ်မြသိန်းတို့၏သမီး၊ ဦးခင်မောင်စိုး–ဒေါ်မိမိစိန်၊ ဦးမြမိုး–ဒေါ်ခင်ဆွေမြင့်၊ ဒေါ်နီနီလွင်တို့၏အစ်မ ဒေါ်ယုဇနသီရိ (အောင်ရတနာမဉ္ဇူပရိယတ္တိစာသင်တိုက်)၏ ဒေါ်လေးသည် ၁၁–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၃–၆–၂၀၀၄ ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်သန်းသန်း(၅၇)နှစ်

(ဝါးခယ်မ)

ဧရာဝတီတိုင်း၊ ဝါးခယ်မမြို့၊ ထော်ကနွတ်(အရှေ့)ကျေးရွာနေ (ဦးမောင်သွင်–ဒေါ်ထွေးတင်)တို့၏သမီး၊ (ဦးဘရွှေ–ဒေါ်အေးမျှင်)တို့၏သမီးချွေးမ၊ (ဦးဝင်းကြည်)–ဒေါ်သန်းထားတို့၏ အစ်မ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)(၈)ရပ်ကွက်၊ သစ္စာလမ်း၊အမှတ်(၈၄၉–က)နေ ဦးဝင်းမောင် (Fortung Navigation Co., Marine Shipping - Hong Kong) ၏ဇနီး၊ ဦးအေးသိုက်မြင့်–ဒေါ်နွယ်နီဝင်း(B.A မြန်မာ)၊ ဒေါ်သီတာဝင်း GTI(FC)၊ ဒုတက အောင်မိုးဝင်း(တပ်မတော်–ရေ)–ဒေါ်ခင်မျိုးကြွယ်၊ ဦးလွင်နိုင်ဦး (တပ်မတော်–ရေ)–ဒေါ်ပပဝင်း တို့၏ မွေးသမိခင်၊မောင်ရှိုင်းရန်အောင်(VII-B အထက–၂၊ဒဂုံအရှေ့)၊ မဆောင်းဝတ်ရည်တိုး၊ မောင်ကောင်းခန့်ကျော်တို့၏ အဘွားသည် ၁၂–၆–၂၀၀၄ရက် တွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၆–၆–၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကျုံပို့ရန် (၉၇)နှစ်

ရန်ကုန်မြို့၊ (၂)ရပ်ကွက်၊ ၁၇လမ်း၊ အမှတ်(၁၀၀)၊လေးထပ်နေ (ဦးစွန်ဘွန်ရီ)၏ဇနီး၊ ဦးစွန်ချိန်ခွန်း(ခ)ဦးပု–(ဒေါ်ကျင်အေး)၊ ဦးစွန်ချိန်ရှု–(ဒေါ်လင်အိုက်)၊ [ဦးစွန်ချိန်အိန်း(ခ)ဦးစိန်ဌေး]–တန်အိုက်လျန်တို့၏ မွေးသမိခင်၊ မြေး ၂၆ယောက်၊ မြစ် ၁၉ ယောက်တို့၏ အဘွားသည် ၁၄–၆–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၆–၆–၂၀၀၄ ရက် နံနက်၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း

ဦးဘိုလေး (၈၆)နှစ်

ကန်တော့ခံသက်ကြီး

စက်ပြင်(၁) (အငြိမ်းစား)

မိတ္ထီလာမြို့၊ စက်မှုဆည်မြောင်းလိုင်း၊ ဝန်ဇင်း(၂)နေ ဒေါ်ခင်ချစ်၏ ခင်ပွန်း ဦးဘိုလေး ရာသက်ပန်အသင်းဝင် အမှတ်(၁၉၀)သည် ၉–၆–၂၀၀၄ ရက်တွင် ကွယ်လွန်ပြီး ယင်းနေ့တွင် မြင်တော်ရာသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ဦးသီဟစိုး (၅၃)နှစ်

(ဦးသန်းအောင်–ဒေါ်စောကြည်) တို့၏ သား၊ (ဦးမြ–ဒေါ်အေးချို)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ မီးဒုံးလမ်းသွယ်(၆)၊ အမှတ်(၁၂၃/၁)နေ ဒေါ်ထွေးကြည်၏ ခင်ပွန်း၊ မောင်ချမ်းမင်းသီဟ–မနွယ်နီဝင်း၊ မနှင်းမင်းသီဟ–မောင်ဘုန်းမြင့်၊ မသိမ့်မင်းသီဟတို့၏ ဖခင်၊ ဒေါ်လီလီစိုး –ဦးမြင့်အောင်၊ (ဦးသီဟမိုး)–ဒေါ်မာမာအောင်၊ (ဒေါ်ကြည်ကြည်မိုး)–ဦးတင်မိုး၊ ဒေါ်စီစီတိုး–ဦးစိန်ရွှေတို့၏ အစ်ကိုကြီး၊ တူ၊ တူမ ခုနစ်ယောက်တို့၏ ဘကြီး၊ မြေးသုံးယောက်တို့၏ အဘိုး ဦးသီဟစိုး သည် ၁၄–၆–၂၀၀၄ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၆–၆–၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မောင်မျိုးသူ (၂၈)နှစ်

(B.Sc, Maths)

(အထက–၂၊ တ/ဥ၊ ကျောင်းသားဟောင်း)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင်(၁၀)လမ်း၊ အမှတ်(၈၃၉)နေ ဦးသိန်းဝင်း–ဒေါ်စိန်စိန်မြင့်တို့၏သား၊ ဦးထွန်းထွေး–ဒေါ်အေးသိန်း၊ (ဦးဝင်းတင်)–ဒေါ်ကြည်ကြည်ဝေ၊ ဦးဌေးတို့၏ တူ၊ မနီလာအေး (ရိုးမဘဏ်)၊ (မောင်ကျော်လွင်)–မမြင့်မြင့်ဦး၊ ကိုသိန်းဇော်–မအေးသန္တာထွန်း၊ ကိုနေမျိုးထွန်း–မသန္တာအေးတို့၏ ညီ/မောင်၊ မယုယုမော်၊ မောင်ကိုသီဟတို့၏အစ်ကို၊ မောင်ဘုန်းကောင်းစံ၊ မောင်အောင်ခန့်ဦး၊ မဆုနှင်းဝေခန့်တို့၏ ဦးလေး မောင်မျိုးသူသည် ၁၃–၆–၂၀၀၄ရက် ၁၁း၀၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅–၆–၂၀၀၄ ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်–၁၁၈၈၊ကြေးနန်းလိပ်ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်း ညှိနှိုင်းအစည်းအဝေး (၁၀/၂၀၀၄)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လက်တွဲ ဝန်းရံ အမျိုးသား ညီလာခံ

အမျိုးသားညီလာခံ ညှိနှိုင်းအစည်းအဝေး မကြာမီ ကျင်းပမည် အစုအဖွဲ့အလိုက် အကြံပြုချက်စာတမ်းများ ဖတ်ကြားတင်သွင်းကြမည်ဖြစ် စာတမ်းများ ချောမောပြေပြစ်စွာ တင်သွင်းဖတ်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်

ရန်ကုန် ဇွန် ၁၄

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁၀/၂၀၀၄)ကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း အနော်ရထာခန်းမရှိ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂)၊ ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက ဆောင်ရွက်သည်။ **စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ❐

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ဇီဒန်း ကန်ချက်ကြောင့် အင်္ဂလန် ရှုံးချက်နာ

ရန်ကုန် ဇွန် ၁၄

၂၀၀၄ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲ (ယူရို-၂၀၀၄) အုပ်စု(ခ)ပွဲစဉ်အဖြစ် နာမည်ကြီး ပြင်သစ်နှင့် အင်္ဂလန်တို့ ယနေ့နံနက် ၁နာရီ ၁၅မိနစ်က ပေါ်တူဂီနိုင်ငံတွင် ယှဉ်ပြိုင်ကစားခဲ့ကြရာ အင်္ဂလန်က ပွဲချိန်စေ့သည်အထိ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိနေသော်လည်း လေလွင့်ချိန်အတွက် ထပ်ဆောင်းပေးသော ၃မိနစ်အတွင်း ပြင်သစ်က ချေပဂိုးနှင့် အနိုင်ဂိုးကို သွင်းကာ ပွဲအဖြေကို ပြောင်းလဲသွားစေခဲ့သည်။

အင်္ဂလန်အသင်းသည် ပထမပိုင်းတွင်သာ ပြင်သစ်အသင်းကို အသာစီးမှ စိုးမိုးကစားနိုင်ခဲ့ပြီး ၃၈မိနစ်၌ ဒေးဗစ်ဘက်ဟမ်း ကန်တင်ပေးသည့် ဖရီးကစ်ဘောလုံးကို အလယ်တန်းလူ လမ်းပတ် ခေါင်းတိုက်သွင်း၍ ဂိုးစတင်ရရှိခဲ့သည်။

ဒုတိယပိုင်းတွင် အင်္ဂလန်အသင်း တိုက်စစ်အားကျသွားပြီး ပြင်သစ်၏ နေရာစုံမှ ထိုးဖောက်လာသော တိုက်စစ်ကို ခံစစ်ဖြင့် အလူးအလဲကာကွယ်ရင်း ချေပဂိုးနှင့် အရှုံးဂိုး ပေးလိုက်ရသည်။

အင်္ဂလန် ဂိုးဧရိယာအစပ်၌ ရရှိသော ပြစ်ဒဏ်ဘောလုံးကို **စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ●

ယူရို-၂၀၀၄ အုပ်စု(ခ) ပြင်သစ်နှင့် အင်္ဂလန်ပွဲတွင် ဒုတိယပိုင်း ပွဲပြီးခါနီးတွင် ရရှိသည့်ပိုင်နယ်တီ အနိုင်ဂိုးကို ပြင်သစ်အသင်းမှ အသင်းခေါင်းဆောင် ဇီဒန်း ကန်သွင်းပြီး အောင်ပွဲခံစဉ်။ (အင်တာနက်)

ယူရို-၂၀၀၄ အုပ်စု(ခ) ပြင်သစ်နှင့် အင်္ဂလန်ပွဲတွင် အင်္ဂလန်အသင်းမှ ဒေးဗစ်ဘက်ဟမ်း ကန်သွင်းသည့် ပိုင်နယ်တီဘောလုံးကို ပြင်သစ်ဂိုးသမား ဘားသက်ဇ် ပုတ်ထုတ်ကာကွယ်လိုက်စဉ်။ (အင်တာနက်)

ချက်နှင့်ပွဲတွင် လေ့လာရမည့် လတ်ဗီးယား၏ခြေစွမ်း ဂျာမနီက ဟော်လန်ကို သရေကျအောင် ကြိုးစားရမည်

သတင်းဆောင်းပါး - ဂမ်ဆိုင်း

ရန်ကုန် ဇွန် ၁၄

ကစားပြီးခဲ့သော အုပ်စု(က)မှ ပွဲစဉ်နှစ်ပွဲစလုံးသည် ပရိသတ်အားလုံးကို ဖမ်းစားနိုင်ခဲ့သည်။ နာမည်ကြီး အိမ်ရှင် ပေါ်တူဂီအသင်းကို အနိုင်ကစားသွားသော ဂရိ၏ခြေစွမ်းသည် အံ့သြဖွယ်ကောင်းသည်။ ထို့အတူ စပိန်ကို သူတင်ကိုယ်တင် ခြေရည်တူ အပြိုင်လိုက်ကစားနိုင်သော ရုရှား၏ခြေစွမ်းကလည်း ပရိသတ်နှလုံးသားကို စွဲငြိစေသည်။ **စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ❍